www.burmeseclassic.com

# ဘကြည်မြင့်ကျော်

## ကလေးလက်ရေး




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၃၂၀၃၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၃၆၀၄၀၉ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ မေလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၂၀၀ ကျပ် |

၈၉၅ . ၈၃

အကြည်တော်

ကလေးလက်ရေး/အကြည်တော်။- ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၁၇၅ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ကလေးလက်ရေး





အမှာစာ. . .

ထမင်းစားပြီးမှဖတ်ပါ။

xxxx

www.burmeseclassic.com



ငါတို့ယောက္ခမနိုင်နိုင် ချက်ကောင်းကိုကိုက်ထားနိုင်
နင်တို့ယောက္ခမရှုံ့ရှုံ့ အမွေးကတုံးနဲ့ကိုယ်တုံးလုံး။

××××

ရိုးရိုးလေးပါပဲ။
ကျွန်တော်တို့အိမ်က ကျောက်သင်ပုန်းတွေ မိုးထားတယ်
လေ။

××××



"နယ်မှာနေတုန်းက ဦးမှာ ဆိုင်ကယ်တစ်စီးရှိခဲ့တယ်ဆို" အိမ်ကိုလာလည်ရင်း တူမရဲ့သူငယ်ချင်းများက မေးသည်။

"အေး. . . ရှိခဲ့တာပေါ့။ အဲဒီဆိုင်ကယ်က တအားသတိရဖို့ကောင်းတာ၊ ပြန်ရောင်းလိုက်တာတော့ ကြာပါပြီ၊ ဘယ်နှခုနှစ်မှန်းတောင် မမှတ်မိတော့ပါဘူး။ အဲဒီခေတ်က ခုနစ်ထောင်နဲ့ ရှစ်ရာပြန်ရသပေါ့။ ဦးဝယ်တုန်းက တစ်သောင်းနှစ်ထောင်ရယ် ဒါပေမဲ့ ဆိုင်ကယ်က စီးရင်းစီးရင်း ပြိုကျလာတော့ အဲဒီဈေးပဲရတော့တာ"

"ဆိုင်ကယ်ပြိုကျတာက ဦးတစ်ယောက်တည်းကြောင့် မဟုတ်ဘူး၊ တခြားပယောဂလည်း ပါတာပေါ့၊ အဓိကပြဿနာကောင်က"

×××××

www.burmeseclassic.com





ဆိုင်ကယ်အမျိုးအစားကိုကြည့်ပြီး မောင်ကြည် သွားရည်တွေကျနေသည်။ ဆိုင်ကယ်က စစ်ကြိုခေတ်ကပေါ်ခဲ့သော အမျိုးအစား။ အင်္ဂလိပ်များ တီထွင်ထုတ်လုပ်၍ မြန်မာပြည် ပထမဆုံး တင်ပို့ခဲ့သော ဘီအက်(စ်)အေအမျိုးအစားပြီးလျှင် ဒုတိယအနေနှင့် ရောက်ခဲ့သော ဆိုင်ကယ်ကြီး။ အင်္ဂလိပ်အမည် 'ဘန်လီ'ဟု ခေါ်သော်လည်း ဆိုင်ကယ်၏ Font များပြားနေသဖြင့် အလွယ်တကူ ဖောက်ပြားဆိုင်ကယ်ဟုပင် ခေါ်ဆိုကြသည်။ ဘီအက်(စ်)အေ ဆိုင်ကယ်က ယခုဆိုင်ကယ်များလိုမဟုတ်ဘဲ ဂီယာဘရိတ်များမှာ ပြောင်းပြန်ဖြစ်နေသည်။ ယခုဆိုင်ကယ်များက ဘယ်ဂီယာ ညာဘရိတ်။ ဘီအက်(စ်)အေက ညာဂီယာ ဘယ်ဘရိတ်။ သို့သော်

ကျွန်တော်ကြည့် နေသော ဘန်လီခေါ် မြန်မာအမည် ဖောက်ပြားကြတော့ ယခုခေတ် ဆိုင်ကယ်များအတိုင်း။

ဆိုင်ကယ်က စိန်တံဆိပ်သဘော်ဆေး အနီရဲရဲကြီးသုတ်ထား၏။ ဆိုင်ကယ်၏ ဆီပုံးမားကက်နေရာများတွင်မူ အဝါရောင်မီးများ ပန်းထွက်နေသလို စတေကာအပြည့်ကပ်ထားသည်က မိုးပေါ်ပျံကြွ မတတ် အားမာန်ပြင်းလှသည်။

"မိုက်တယ်ကိုယ့်ဆရာ၊ ဒီဈေး ဒီဈေးတန်တယ်၊ ဆွဲထားလိုက်၊ နောက်ပြီး ကိုယ့်ဆရာရုပ်နဲ့ဆို အခုစီးနေကြတဲ့ စူပါကပ်ဆိုင်ကယ်တွေနဲ့ မလိုက်ဘူး၊ ဒါမျိုးနဲ့မှ လိုက်မှာ"

ဘာမှမဟုတ်ဘူး။ ဆိုင်ကယ်ပွဲစားက မြှောက်ပေးနေတာ။ ဆိုင်ကယ်က စုတ်ပြတ်ပြီး ပြိုကျကာနီးကို သဘော်ဆေးနဲ့ မနည်းတဲ့ပြီး တင်ထားရတာ။ သို့သော် ယခုလိုအချိန်မျိုးတွင် စီးနေကြသော စူပါကပ်အမျိုးအစား ဆိုင်ကယ်များစွာ ငါးသောင်းမှနေ၍ ငါးသိန်းဝန်းကျင်ထိရှိ၍ ဝယ်မစီးနိုင်သည်ကတစ်ကြောင်း၊ မိမိကိုယ်၌ကိုက အများထက်ထူးပြီး နဖူးယင်ကောင်နားမှ ကြိုက်နှစ်သက်သူပီပီ ယခုလို ပြုတ်လုတဲတဲဆိုင်ကယ်ပွဲကြီးကို မျက်စိရှေ့က မခွာနိုင်ဖြစ်နေမိတော့သည်။ ဆိုင်ကယ်ကြီးကို ကြည့်ပြီး ကိုယ့်အတွေးနှင့်ကိုယ်။

"အင်း ဒီဆိုင်ကယ်ကြီးစီးသွားလို့ကတော့ ငါ့ကို နိုင်ငံခြားသားမှတ်ပြီး ဝိုင်းကြည့်နေကြမှာ"

ဟူ၍ ပီတိပင်ဖြစ်နေမိသေး၏။

"နို့ . . . စက်နိုးရရောလွယ်ရဲ့လား"

ကျွန်တော်၏အမေးစကားတို့ ဆိုင်ကယ်ရောင်းသည့် ငတိက မျက်နှာလေးအိုချတ မျက်လုံးနှစ်ဘက်ကို လက်ဖဝါးတစ်ဘက်စီနှင့် ပိတ်ပွတ်ပြီး

"အိမ်မှာက ကြွက်တွေသောင်းကျန်းတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့တုန်း"

"ခင်ဗျားစဉ်းစားကြည့်လေ၊ ညညဆို ကြွက်တွေသောင်းကျန်းပြီး ဆိုင်ကယ်ကစ်စတာပေါ် ခုန်ခုန်ချလို့ ဆိုင်ကယ်စက်လည်ပြီး ကျုပ်မှာ တစ်ညလုံး အိပ်မရဘူး"

သူ့ရှင်းပြတော့လည်း သွားရည်ယိုစရာ။ ကြည့်လေ ဆိုင်ကယ်ကစ်စတာပေါ် ကြွက်ခုန်ချရုံနှင့် စက်နိုးသည်ဆိုတော့ ဘယ်မျှကောင်းတဲ့စက်လဲ။

"ဒါနဲ့ ဈေးနှုန်းက"

"တစ်သောင်းရှစ်ထောင်ပြောထားတယ်၊ တစ်သောင်းခွဲရရင် ရောင်းမလို့ပဲ၊ ဒါပေမဲ့ သောင်းနှစ်ထောင်နဲ့ပဲယူ၊ ဒါအစွမ်းကုန်ပဲ၊ ထပ်ပြောရင် ထပ်လျှော့မိနေမယ်"

ဘာမှကိုမပြောရသေးခင် ဈေးတွေစွတ်စက်လျှော့နေ၏။ ကျွန်တော့်မှာလည်း လိုချင်လျက်လက်တို့ ဖြစ်နေသည်မို့

"အေးလေ. . . ဈေးကမဆိုးပါဘူး၊ ဒါပေမဲ့ စမ်းတော့စမ်းကြည့်ဦးမယ်"

"စမ်း. . . စမ်း စိတ်ကြိုက်စမ်း၊ ကြိုက်ကိုကြိုက်စေရမယ်"

ရောင်းသူက ရဲရဲကြီးအာမခံသည်။ ကျွန်တော်လည်း အားရဝမ်းသာ ဆိုင်ကယ်ကို တက်ခွလိုက်သည်။

"ဟင်"

ဆိုင်ကယ်ကရှိတော့ရှိနေသည်။ သို့သော် ဒူးအထက်ပိုင်းမှာ လဟာပြင်ကြီးဖြစ်နေသည်။ ဆိုင်ကယ်က မြားမြားတောင့်တောင့် ထည်ထည်လုပ်ထား၍ ကြည့်ရသည်မှာ ကြီးနေသယောင် ထင်ရသော်လည်း တကယ့်တကယ်တမ်းတော့ အရပ်ရှည်လွန်းသော ကျွန်တော့်ဒူးလောက်သာ ရှိသော ဆိုင်ကယ်ပုလေး။

ဆိုင်ကယ်ဖင်ထိုင်ခုံပေါ် ထိုင်ချလိုက်သည်။



"အဲ"

ဆိုင်ကယ်ခြေနင်းခုံပေါ် ခြေတော်တင်လိုက်သည်နှင့် ဒူးတော်နှင့် ရင်ဘတ်တော် လာကပ်နေ၏။ လက်ကိုင်ကို လှမ်းကိုင်လိုက်သည်။ မသိလျှင် ရင်ဘတ်ဆင်ကော်ကပ်ထားသည့်ပုံ။ နံရိုးဖုဖုကိုပဲ ဒူးချွန်နှင့် ပြန်ထိုးကြည့်မိသည်။

"အွတ်"

"ဟ. . . ထိုးလို့ရသဟ"

ဘာရယ်မဟုတ် မလုပ်ဘူးသည့်အလုပ်မို့ ဝမ်းပင်သာသွားမိသေး၏။ ဤမျှမက

"ဟင်"

ဆိုင်ကယ်က တိုတိုလေးမို့ တံတောင်က နံကြားပြန်ထောက်နေ၏။ ဆိုင်ကယ်ပေါ် တက်ထိုင်လိုက်သည်နှင့် ကျွန်တော့်ပုံက တိရစ္ဆာန်ရုံက သံဇကာဖက်ထားသည့် မျောက်သဖွယ် ကွေးကွေးလေးဖြစ်နေ၏။ သို့အပြင် လက်ကိုင်တိုပေါ်တင်ထား၍ ကွေးတက်နေသော တံတောက်ကွေးက အရွယ်နှင့်မလိုက်အောင် ကြီးကောင်စောဝင်နေသလား အောက်မေ့ရသော မေးရိုးရှည်ကြီးနှင့် အပြန်အလှန်ခုတ်မိမတတ် ဖြစ်နေ၏။ ဤသို့ခုတ်မိလျှင်လည်း လက်ကောက်ဝတ်ပင် သူငယ်အိမ်စောင်းသွားလောက်သည်။ မေးရိုးက ထန်းလျှီးဓားနှင့်နင်လားငါလား။ သို့သော် ထိုမျှလောက်တော့ ကိစ္စကမရှိသေး။

"ဆိုင်ကယ်စက်နှိုးလို့ရမလား"

"ရတာပေါ့၊ ဝမ်းကစ်ဝမ်းနိုးပဲ၊ ဒါပေမဲ့ ဆိုင်ကယ်စက်နှိုးမယ်ဆိုပြော"

"ဘာဖြစ်လို့လဲ"

"အကြောင်းရှိတယ်လေ"

ဘာအကြောင်းလဲတော့မသိ။ ကိုယ့်မလဲ ဆိုင်ကယ်စီးချင်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြီမို့

"ကဲ အခု ဆိုင်ကယ်စက်နှိုးမယ်"

ကျွန်တော့်အသံကြားသည်နှင့် ပွဲစားနှင့် ဆိုင်ကယ်ရောင်းသူ တစ်ခုခုပြောရှာသည်ကို တွေ့ရသည်။ ပြီးမှ . .

"နှိုးလို့ရပြီ"

ထိုစကားသံကြားသည်နှင့် ဆိုင်ကယ်သော့ကို ဖွင့်၍ ကစ် စတာကို နင်းချလိုက်သည်။

"ဝုန်း . . . ထုန်း ထုန်း ထုန်း ထုန်း ထုန်း"

"အောင်မယ်လေးဗျ ဘာသံကြီးလဲ"

ကျယ်လောင်လှသော ဆိုင်ကယ်သံကြား၍ ကိုယ့်ဘာသာ ကိုယ်ပင် လန့်အော်မိသည်။ နောက် ဆိုင်ကယ်ကို လွှတ်ပဲချရမလား ခွပဲနေရမလားမသိဘဲ ကြောင်နေ၏။ ခုနက ဘေးနားက ဆော့ကစား နေသော ကလေးငယ်တချို့က ကစားနေရာမှ တုန်တက်ပြီး

"ဟေ့ . . . လေယာဉ်ပျံပျက်ကျလာပြီထင်တယ်ဟေ့၊ ပြေးကြ ပြေးကြ"

ဆိုကာ ဝရုန်းသုန်းကားနှင့် ထပြေးကြသည်။ အိမ်ပေါ်ရှိ လူကြီးများက မေးဆွဲဆင်းလာပြီး

"ဟေ့ . . . ရပ်ကွက်ထဲကို ဘယ်မအေလင် လယ်ထွန်စက် တွေ တန်းစီဝင်လာတာလဲကွဟေ"

ဆိုကာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။ နောက်မှ ကျွန်တော့် ဆိုင်ကယ်ဆီမှ ထွက်နေသောအသံမှန်းသိ၍

"ဟာ ဟေ့ကောင်"

"ထုန်း ထုန်း ထုန်း"

"မင်း . . . ဆိုင်ကယ်"



"ထုံး ထုံး ထုံး"

"ဒီကောင်တော့ကွာ"

"ထုန်း ထုန်း ထုန်း"

ကျယ်လွန်းလှသော ဆိုင်ကယ်သံကြောင့် သူတို့ဘာတွေပြော နေသည်ကို မကြားရ။ အားလုံးက တုတ်ဓားလက်နက်များဆွဲ၍ ကျွန်တော့်ထံ ဝိုင်းလာ၏။ ကျွန်တော်လည်း ကြောက်လန့်ပြီး ဆိုင်ကယ်စက်ကို ရပ်လိုက်မှ . . .

"သေချင်လို့လားကွ"

"ရပ်ကွက်လာဖျက်နေတာလား"

"ငါ့အမေနှလုံးရောဂါ ပြန်ဖောက်လာလို့ကတော့ သေဖို့သာ ပြင်"

လူအော်သံတချို့နှင့်အတူ ချက်ချင်းအိုအေစစ်ကို ရောက် သလို ငြိမ်းချမ်းသွား၏။ ထိုတော့မှ ပွဲစားကပြုံးရင်း ကျွန်တော့်ပခုံး ကို ပုတ်ကာ

"ကဲ တွေ့တယ်မဟုတ်လား၊ ဒေါက်ဝူးပါဆို"

ဆိုကာ သူ့နားထဲ ဆို့ထားသော အဝတ်စများ ဆွဲထုတ်လိုက် ၏။ ထိုတော့မှ

"ဩော် . . . ဆိုင်ကယ်စက်နှိုးကာနီး သူတို့လိုက်ရှာတာ နားဂွမ်းဆို့ဖို့ပါလား"ဟူ၍ သိလိုက်ရ၏။ ခုနရပ်ကွက်မှ လူများ ပွစိ ပွစိနှင့် အိမ်ပေါ်ပြန်တက်ကုန်၏။

"အေး . . . ဒေါက်ဝူးတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ခင်ဗျား တို့ဆိုင်ကယ်သံက"

"အိုဗျာ . . ဆိုင်ကယ်ဆိုတာ တစ်နေရာထဲ ရပ်နေမှာမှ မဟုတ်ဘဲ၊ လမ်းပေါ်မှာ သူ့ဘာသာသူ သွားနေရင် အသံက ဒီလိုပဲ လွင့်ပြီးကျန်ခဲ့မှာပဲ၊ တစ်နေရာထဲ ဒီလိုဆူဆူညံညံ ဘယ်ရှိနေမှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူးလား"

သူပြောတော့လည်း ဟုတ်သလိုလို။ ဆိုင်ကယ်က အချိန်ပြည့်မောင်းနှင်နေမှာမို့ ယခုကဲ့သို့ တစ်နေရာထဲ ဆူညံနေမည်မဟုတ်။ ဆိုင်ကယ်အသံက လမ်းမပေါ်၌သာ ပျံ့လွင့်နေမည်သာ။

"ဟုတ်တော့ဟုတ်သလိုပဲ၊ ဒါပေမဲ့ ဆိုင်ကယ်က ဒူးမလွတ် တံတောင်မလွတ်နဲ့ဆိုတော့ ကိုယ့်နံကြားကိုယ်ဖိသတ်သလို ဖြစ်နေဦးမယ်"

ပွဲစားက ပြုံးလိုက်သည်။

"အဲဒီအတွက် ဘာမှမပူနဲ့ကိုယ့်လူ"

"ဘာဖြစ်လို့လဲ"

"ပုံပြောင်းစိုးဝင်းရှိတယ်လေ"

"ပုံပြောင်းစိုးဝင်းဆိုတာ"

"ဝပ်ရှော့ဆရာလေ၊ သူ့လက်ထဲအပ်လိုက်ရင် ချက်ချင်းကိုယ့်လူ အဆင်ပြေစေမယ့် ဆိုင်ကယ်မျိုး ဖြစ်စေရမယ်၊ အာမခံတယ်"

ပွဲစားစကားကြောင့် ကျွန်တော် အားတက်သွားရသည်။ ကိုယ်က ခြေရှည်လက်ရှည် အရပ်ရှည်မို့ ကိုယ်နဲ့လိုက်ဖက်မည့် ဆိုင်ကယ်ပုံစံက လိုသေးသည်မဟုတ်ပါလား။

"ဟုတ်ပါပြီ၊ အဲဒီဝပ်ရှော့ဆရာက"

"လမ်းထိပ်မှာတင်ဗျာ။ တွန်းသွားရုံပဲ"

ဤသို့ဖြင့် ပွဲစား၏ခြွေတာပေးမှုဖြင့် ဆိုင်ကယ်ပိုင်ရှင်ကို ငွေချေလိုက်သည်။

"ကံကောင်းပါစေဗျို့. . . ဂွတ်လပ်"

ဝမ်းသာအားရဝင် ဆုတောင်းပေးသွားသေး၏။ ကျွန်တော်နှင့် ပွဲစားလည်း ဆိုင်ကယ်ကိုတွန်းကာ လမ်းထိပ်ပုံပြောင်း



စိုးဝင်း ဝပ်ရှော့ထံ တွန်းသွားလိုက်သည်။ ဆိုင်ကယ်ကို စက်နှိုးရှုလည်း ထပ်မစီးရဲ။ ဒီတစ်ခါ ဆိုင်ကယ်သံကြားရင် ရပ်ကွက်က ထွက်ရိုက်မှာ သေချာ၏။ ထို့ကြောင့်. . .

××××

www.burmeseclassic.com

www.burmeseclassic.com



"ဖုန်း. . . ဖုန်း. . . ဖုန်း"

"ကျွန်တော် ဒီလိုဆိုင်ကယ်မျိုးကိုရှာနေတာဗျ"

ပုံပြောင်းစိုးဝင်းက ဆိုင်ကယ်နောက်မြီးကို တဘုန်းဘုန်းရိုက်ရင်း အားရဝမ်းသာပြောသည်။

"ဘာဖြစ်လို့လဲဟင်"

ကျွန်တော့်အမေး။ သူက

"ခင်ဗျားမယုံရင် ကြည့်နေ၊ ဟောဒီဆိုင်ကယ်ကို ကျုပ်ကိုင်လိုက်ရင် အခုနိုင်ငံခြားမှာ ခေတ်စားနေတဲ့ ဟဲ့လီးဒဘာလက်ဆက်ရှင် ဆိုင်ကယ်လို ဖြစ်သွားရမယ်"

"ဟဲလီးဒဗေးရှင်းပါကွာ၊ မင်းအသံထွက်က တာရာဒိုကေရောက်နေပြီ"

"အေး. . . ခင်ဗျားပြောသလို ဟဲ့လီးဒဘာယ်လယ်"

"ဟဲလီးဒဗေးရှင်း. . . ဗြော်. . . ခက်. . . တာ"

"အဲ. . . အဲ အဲလိုပုံမျိုးဖြစ်သွားစေရမယ်၊ ဘာတဲ့ ကြက်သွင်ပျံကြွမတတ်သော်ဆိုလား"

"ငှက်သွင်ပျံကြွမတတ်သော်၊ ဘယ့်နှယ် ကြက်ကပျံရမှာတုန်း"

"သိဘူးလေဗျာ. . . ကျုပ်လည်း မြိုင်သာယာသွားသွားနေတော့ အသံထွက်တွေမှား၊ အဲလေ မှားကုန်ပြီ၊ အေး အဲလိုကို မြူးကြွသွက်လက်သွားစေရမယ်"

"သေ. . . သေချာရဲ့လားဟင်"

ကျွန်တော်၏အမေး။ ပုံပြောင်းစိုးဝင်းက ကျွန်တော့်အား မထီတရီကြည့်ရင်း မခို့တရို့ပြုံးပြီး. . .

"စိတ်သာချ၊ ပုံပြောင်းစိုးဝင်းတို့က အတိအကျပဲ၊ ဟော့ဘပည့်လေးပေကြိုးယူခဲ့စမ်း"

ဆိုကာ တပည့်တစ်ယောက်ကို ပေကြိုးဘူးယူလိုက်သည်။ နောက် ဆိုင်ကယ်ကို ဟိုတိုင်းဒီတိုင်းလုပ်ပြီး ကျွန်တော့်ဆီ ရောက်လာကာ ပေကြိုးနှင့် ထုတ်တိုင်းနေပြန်၏။

"ဟော့လူ ခင်ဗျား ကျုပ်ကိုဘာလို့ လာတိုင်းနေတာလဲ"

"ခေါင်းတလားလုပ်ရလွယ်အောင်လို့ ဟုတ်ပါဘူး၊ ဒီမှာကြည့် ခင်ဗျားရဲ့အရပ်က ငါးပေဆယ်လက်မခွဲ၊ ဆိုင်ကယ်ထိုင်ခုံနဲ့ ခြေနင်းက နှစ်ပေခွဲပဲရှိတာဆိုတော့ ခင်ဗျားရဲ့ဒူးနဲ့ရင်ဘတ် ကပ်နေလိမ့်မယ်၊ ဒါကြောင့် ဆိုင်ကယ်ရဲ့ခြေနင်းကို နှစ်ပေတိတိ ရွှေ့ရွှေ့ရလိမ့်မယ်"

"အဲ. . . ဟော. . . ဟောဒီမှာကြည့်စမ်း ခင်ဗျားလက်ကသုံးပေခွဲ၊ ဆိုင်ကယ်ထိုင်ခုံနဲ့ လက်ကိုင်က တစ်ပေခွဲပဲရှိတော့ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



လက်ကြီး နံကြားပြန်ထောက်နေမှာပေါ့၊ ဟုတ်ဘူးလား"

အဟုတ်ဟ။ သူပြောတော့လည်း မှန်သား။ ပုံပြောင်းစိုးဝင်း လုပ်ပုံကိုကြည့်ပြီး ကိုယ့်ဘာသာကိုယ် အားတွေပြန်ရနေသည်။

"အဲဒီတော့ ဟောဒီလက်ကိုင်ကို နှစ်ပေမြှင့်ရမယ်၊ အိုဗျာ လိုလိုပိုပိုဗျာ လက်ကိုင်ကို နှစ်ပေခွဲတိတိမြှင့်လိုက်မယ်၊ ဒါမှ စတိုင်လ်ကျမှာ၊ ကျုပ်ငါးသလောက်ထဲမှာ"

"ကက်တလောက်တော့လုပ်ပါ"

"အေး. . . အဲဒီငါးသလောက်ထဲမှာ ကြည့်ရဘူးတဲ့ ပုံအတိုင်း ချိုးပေးလိုက်မယ်၊ ဟုတ်ပြီလား"

သူစကားကြားတော့ ကျွန်တော် အားတွေတက်နေရသည်။ ဟောဒီမြို့မှာ ဘယ်သူနဲ့မှမတူတဲ့ ဆိုင်ကယ်ကြီး ငါပိုင်ပဟဲ့ဆိုပြီး အားတွေရနေသည်။

"အဲ. . . ဒါပေမဲ့ သံပိုက်တစ်မတ်လုံးတစ်လုံးနဲ့ အရှည် နှစ်ပေသံချောင်းလေးချောင်းတော့ လိုမယ်"

"ဟင်. . . ဘာလုပ်ဖို့လဲ၊ သံချောင်းတွေ သံပိုက်တွေက"

"ဟာ ပုံသွင်းရမှာလေဗျာ၊ အဲဒါတွေရှိမှ ခင်ဗျားဆိုင်ကယ်က နိုင်ငံခြားကပုံအတိုင်း ဖြစ်မှာပေါ့"

"ဟင်. . . ဟုတ်လား၊ ဒါဖြင့်လည်းဝယ်လေ"

ဆိုကာ လိုအပ်သမျှပိုက်ဆံများ ထုတ်ပေးလိုက်ရ၏။ စိုးဝင်းက ငွေများကိုရေတွက်ရင်း

"အင်း. . . ဒီလောက်ဆိုလုံလောက်ပြီ၊ ကဲ မနက်ကြမှ ခပ်စောစောလာတော့"

"ဟင် ဆိုင်ကယ်က အခုလုပ်မှာမဟုတ်လား"

"လုပ်တာက အခုလုပ်မှာလေ၊ ဒါပေမဲ့ တွင်ခုံတွေ၊ ဝရိန်တွေ အပ်ရမှာဆိုတော့ မနက်ကြမှပဲ ပြီးလိမ့်မယ်"



"ဪ"

ကျွန်တော့်မှာ ခုနတင်ထားသော အားများပင် ပျော့ချင်ချင်။ မည်သူမဆို ကိုယ်ဝယ်ထားသည့်စက်ကြီး ချက်ချင်းစီးချင်တာပေါ့။ သို့သော် ဘယ်တတ်နိုင်မှာလဲ။ ကိုယ်မှမလုပ်တတ်တာ။ သူပြောတဲ့ မနက်ဖြန်ကိုစောင့်ရုံပေါ့။

"မနက်ဖြန်ဘယ်အချိန်"


"မနက်စောစောသာလာခဲ့၊ ခင်ဗျားဆိုင်ကယ်ကို မြန်မာပြည်မှာ မမြင်ဘူးတဲ့ဒီဇိုင်းမျိုးနဲ့ မြင်ရလိမ့်မယ်၊ စိတ်သာချ၊ မြင်ဖူးသူတိုင်း အံ့အားသင့်သွားစေရမယ်၊ ပုံပြောင်းစိုးဝင်း တာဝန်ယူတယ်"

စိုးဝင်းက ဆိုင်ကယ်ကို တဘုန်းဘုန်းထုလိုက်၊ သူရင်ဘတ် တဘုန်းဘုန်းရိုက်လိုက်နှင့် အပီအပြင် အာမခံနေသည်။

ကျွန်တော်ကသာ ဝယ်ပြီး ဖင်ကြားအင်မညှပ်ရသေးသော ဆိုင်ကယ်ကို အရိပ်တကြည့်ကြည့်လုပ်ရင်း. . .

xxxx

www.burmeseclassic.com



ထိုညအိပ်မက်ထဲတွင် ကျွန်တော် ငှက်သွင်ပျံကြွမတတ် ဆိုင်ကယ်ကြီးကို စီးပြီး မြို့အနှံ့လျှောက်လည်နေသည်။ လူအများက လည်း လွန်စွာလှပသော ဆိုင်ကယ်ကြီးကို စီးထားသော ကျွန်တော့် ကို ဝိုင်းကြည့်နေသည်။ ကျွန်တော်နှင့် ဆိုင်ကယ်ကြီးကိုမြင်တော့ ကောင်မလေးများက အိမ်ပေါ်ကနေ ပန်းများကြဲချရင်း ဝမ်းသာ အားရ ကြိုဆိုနေကြတော့၏။

ခပ်ကဲကဲလှတပတမိန်းမငယ်များက ကျွန်တော့်ဆိုင်ကယ် နောက် သူလိုက်မယ်၊ ငါလိုက်မယ်နှင့် စကားများကြရင်း နောက်ဆုံး တော့ လုံးထွေးသတ်ပုတ်ကာ ကျန်ရစ်ခဲ့ကြသည်။

မျက်နှာချင်းဆိုင်မှ ဖြတ်လာသော စူပါကတ်ဆိုင်ကယ်ငယ် များ ကျွန်တော့်ဆိုင်ကယ်ကြီးအား မြင်သည်နှင့် 'ဂိ. . . ဂိ'နှင့် ကိုယ့် ကိုယ်ကို သတ်သေကုန်ကြလေတော့၏။



ဟိုင်းဝေးလမ်းမကြီးပေါ် တက်လိုက်သည်နှင့် ကားအစီး ပေါင်း တစ်ထောင်ကျော်ကို ကျော်တက်ပြီးနေပြီ။ တချို့ကလည်း ကျွန်တော့်ဆိုင်ကယ်ကိုကြည့်ရင်း

"ဖော်မြူလာဝမ်း အင်ဂျင်တပ်ထားတာဖြစ်မယ်"

"ဟုတ်ပါဘူးကွာ ဂျက်အင်ဂျင်ပါ"

ဟူ၍ အငြင်းအခုန် ဖြစ်နေကြသေး၏။

သိပ်မကြာခင် ပင်လယ်ကမ်းစပ်ရောက်တော့ ကျွန်တော် ဆိုင်ကယ်ကို ပင်လယ်ထဲ အင်ဂျင်တုံးမြုပ်သည်အထိ မောင်းချလိုက် ပြီး ရေထဲမှပင် မောင်းလိုက်၏။ ဤသည်ကိုက ကမ်းစပ်မှကြည့်နေသူ များက ဆိုင်ကယ်ကိုမမြင်ဘဲ ရေထဲမှာ ရှာနရ၍ ဖြတ်လျှောက်သွား သော နတ်သားတစ်ပါးဟုပင် ထင်ကြသေး၏။ ဆိုင်ကယ်ကြီး ရေထဲ မှ ဘွားဘွားကြီးပြန်ပေါ်မှ

"ဟယ်. . . ဂျိန်း(စ)ဘွန်း. . . ဂျိန်း(စ)ဘွန်း"

ဟု ဝမ်းသာအားရ အော်ဟစ်ကြလေသည်။ တချို့ကလည်း နတ်သားနှင့် ဂျိန်း(စ်)ဘွန်းကြား ဗျာများကျန်ခဲ့ကြလေသည်။

မြိန်ဘိတောင်း။ အားရဘိတောင်း။

ကိုယ့်ဘာသာကိုယ် အားရနေစဉ်

"ထုန်း. . . ထုန်း. . . ထုန်း. . . ထုန်း"

တစ်ဘက်ပါ ကျယ်လောင်သောအသံကြားတော့ လန့်နိုးလာ ပြီး

"အာ. . . ဘယ်ရပ်ကွက်က ထရမ်စဖာပေါက်တာလဲမသိ ဘူး"

ဟု ရေရွတ်ကာ ဆတ်ခနဲထထိုင်လိုက်မိသည်။

အိပ်ရာထဲ နိုးနိုးချင်း စိတ်ထဲ ချက်ချင်းတိုးဝင်လာသည်က

"ဆိုင်ကယ်"

www.burmeseclassic.com

www.burmeseclassic.com



မနေ့ကဝယ်ထားသည့် မစီးရသေးသောဆိုင်ကယ်ကို ဖျတ်ခနဲ သတိရမိ၏။

"ဆိုင်ကယ် ဘယ်လိုပုံဖြစ်သွားပြီလဲ"

သိချင်စိတ်နှင့် ဖျတ်ခနဲထပြီး မျက်နှာကမန်းကတန်း သစ်လိုက်သည်။ နောက် ဘာမှပင်မစားတော့ဘဲ အိပ်မက်ထဲမှ ဆိုင်ကယ်ဆီသို့။

××××

"ဟာ"

မြင်လိုက်ရသော ဆိုင်ကယ်ပုံကြောင့် ကိုယ့်ဘာသာကိုယ်ပင် အံ့အားသင့်သွားမိ၏။ ဆိုင်ကယ်က မနေ့ကမြင်ရပုံမျိုးမဟုတ်။

ခြေနင်းနှစ်ခုက အရှေ့ဘီးနားမှာ သွားကပ်နေ၏။ ထိုခြေနင်း၏ အရှေ့မှာမှ ဂီယာနှင့်ဘရိတ်တို့က ထောင်ထောင်ကော့ကော့လေး။ လက်ကိုင်က သံပိုက်တစ်မတ်လုံးကြီး ဖြစ်ပြီး ထောင်ထောင်မတ်မတ်ကလေး။ အနောက်ဖက်ထိုင်ခုံကလည်း နိုင်ငံခြားကားတွင် တွေ့ရတတ်သော ဟဲလီးဒီဗေးရှင်းလို အထောင်ကလေး။ တယ်ဟုတ်ပါလား။

"ဘယ့်နှယ်လဲ. . . အံ့အားသင့်သွားပြီမဟုတ်လား"

ပုံပြောင်းစိုးဝင်းရဲ့အသံ။ ကျွန်တော်လည်း ဝမ်းသာအားရဖြင့်. . .

"ဟုတ်ပါ့ကွာ. . . ပုံစံကို တကယ်ပြောင်းသွားတာပဲ"

ကျွန်တော့်စကားကို ပုံပြောင်းစိုးဝင်းက ယောင်ယောင်လေးပင်ပြုံးလိုက်ပြီး. . .

"ပုံပြောင်းစိုးဝင်းပဲလေ၊ ဟဲ ဟဲ ဘယ်ရမှာလဲ၊ နာမည်တစ်လုံးနဲ့ ခိုးဘီးတွေပုံပြောင်းနေတာ၊ ဟုတ်ပါဘူး၊ စိတ်ကြိုက်ပြင်ပေးနေတာ၊ ကဲ ဆိုင်ကယ်ပေါ်တက်ကြည့်ပါဦး အထာကျရဲ့လားလို့၊





ကျုပ်မှာ စိတ်ကြိုက်ပြင်နေရတာနဲ့တင် တစ်ညလုံးမအိပ်ရသေးဘူး ဟူး"

ဟုတ်ပေလိမ့်မည်။ သူ့ပုံက အိပ်ရေးပျက်နေပုံ။ ကျွန်တော် ဆိုင်ကယ်ပေါ်တက်ခွလိုက်သည်။

"အဲ"

ဆိုင်ကယ်ကတော့ မနေ့ကလိုပုပုလေး။

"ခြေထောက်တင်ကြည့်ပါဦး၊ ကွက်တိမှကျရဲ့လားလို့"

စိုးဝင်းက မြိန်မြိန်ကြီး လက်ပိုက်ပြောသည်။

သူရှည်ထုတ်ထားသော ဆိုင်ကယ်ခြေနင်းနှစ်ဘက်ကို ခြေတော်လှမ်းတင်လိုက်၏။

"အလို"

ခြေနင်းနှစ်ဘက်က ခြေဖျားဆီပဲမှီ၏။

"ဟင်. . . မင်းဟာက ခြေဖျားပဲမှီတယ်ရော၊ ငါ ဂီယာတွေ ဘရိတ်တွေ ဘယ်လိုနင်းရမလဲ"

ပုံပြောင်းစိုးဝင်းက အသေအချာပြန်ကြည့်သည်။ ဟုတ်ပါသည်။ အကြောလျှော့နေသလား ထင်ရလောက်အောင် ခြေကိုဆန့်ထုတ်ထားမှ သူပြုပြင်ထားသော ခြေနင်းကို ခြေဖျားသာမှီ၏။

ဆိုင်ကယ်ကလည်း ပုပုလေးဆိုတော့ တကယ့်ကို ခါးကုန်းပြီး အကြောလျှော့နေသလိုကြီး။

ကိုယ်ကိုယ်တိုင်က ဂျိန်းစဘွန်းမင်းသား ရှောင်ကွန်နရီတို့လို အချိုးမှန်ရင်တော့ ဟုတ်ပါရဲ့။

စိုးဝင်းက ပေကြိုးထုတ်ပြီး ပြန်တိုင်းသည်။ ပြီးမှ. . .

"ခင်ဗျားအရပ်က ဘယ်လောက်လဲ"

"ငါးပေဆယ်ခွဲလေ"

"တောက်. . . အဲဒါကြောင့်ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးဝင်း၏ မကျေမနပ်ရေရွတ်သံ။ ကျွန်တော်ကသာ ဇဝေဇဝါဖြင့်

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမှာလဲဗျ၊ ကျုပ်က ခင်ဗျားကို ခြောက်ပေဆယ်ခွဲမှတ်ပြီး လုပ်လိုက်တာ တစ်ပေတိတိလေးလွဲသွားတာ"

"အင်"

"ကိစ္စမရှိပါဘူးဗျာ၊ အပေါ်ခြောက်လက်မ၊ အောက်ခြောက်လက်မပဲလွဲတာပဲ၊ လက်ကိုင်လေးကိုင်ကြည့်ပါဦး"

သူပြောသဖြင့် လက်ကိုင်လှမ်းကိုင်လိုက်ရာ. . .

"ဟင်"

လက်ကိုင်က မြင့်လွန်းပြီး လီဗာနေရာကို လက်ဖျားကလေးဖြင့်သာ လှမ်းမီ၏။ ပြည့်ပြည့်ဝဝမှီလိုမှီငြား လက်ကို အစွမ်းကုန်ဆန့်ထုတ်လိုက်သည်။

"အိဂ်"

"ခွပ်"

"အောင်မလေးဗျ၊ ကွဲပါပြီဗျ"

ဆီတိုင်ကီနှင့် မေးရိုက်သံ။

ဆိုင်ကယ်ပုပုလေးတွင် ခြေနှစ်ဘက်က အစွမ်းကုန်ရှေ့ထုတ်ပြီး လက်နှစ်ဘက်က အမြင့်ကြီးမြှောက်ထားရ၍ ခါးကြီးကုန်းပြီး ဆီတိုင်ကီနှင့်မေးစေ့ မလွတ်ဖြစ်နေရလေသည်။ ကျွန်တော့်ပုံက ဆိုင်ကယ်ပေါ်တွင် မျောက်လွှဲကျော်မင်းသားကြီး အားရပါးရ သစ်ကိုင်းခုန်ကူးနေတုန်း သစ်ကိုင်းလွတ်နေသည့်ဟန်။ ခြေနှစ်ဘက်ရှေ့ဆန့်၊ လက်နှစ်ဘက် နောက်ပစ်၍ ကားယားကြီး။ ဆိုင်ကယ်ပုံကသည်းခံပြီးအားသုံးလျှင်လည်း အမြီးလှန်ပြီး ခါးကုန်းနေသလို ဘွင်းဘွင်းကြီး။





ဒါကို စိုးဝင်းက. . .

"ဟား မိုက်တယ်ကွာ၊ ဒါမှ ဒီဇိုင်းအမှန်၊ ဒါမှ ဒီဇိုင်းအမှန်၊ တောက် နိုင်ငံခြားမှာမြင်နေရတဲ့အတိုင်းပါပဲဗျာ၊ ခင်ဗျားဆိုင်ကယ်ပေါ်တတ်ထိုင်လိုက်မှ ကျွန်တော့်စိတ်ထဲ မင်းတုန်းမင်းတောင် မြေးသတိရလိုက်သေး"

"ဘာဖြစ်လို့လဲဟင်. . . ခန့်လွန်းလို့လား"

"ဟင့်အင်း ကျွန်တော်မမြင်ဘူးလိုက်လို့"

စိုးဝင်း၏ ဝမ်းသာအားရအသံ။ ဒါကို ကျွန်တော်က

"ဟော့ကောင် မဟုတ်သေးဘူးနော်၊ ခြေထောက်ကလည်း တအားဆန့်ထားရပြီး လက်က တအားကြီးကို မြှောက်ထားရတော့ ခါးကြီးကုန်းပြီး ဆီတိုင်ကီနဲ့မေးစေ့တောင် မလွတ်ဘူးဖြစ်နေပြီ၊ နည်းနည်းပြင်မှနဲ့တူတယ်"

စိုးဝင်းက အသေအချာငုံ့ကြည့်သည်။

"အာ. . . ဆိုင်ကယ်ကပုံမှန်ပဲဗျ၊ ခင်ဗျားမေးကြီးက မလိုအပ်ဘဲရှည်နေတာ၊ ဆိုင်ကယ်ကတော့ ပုံကောင်းမို့မပြင်နိုင်ဘူး၊ ပြင်ချင်းပြင်ရင် ခင်ဗျားမေးစေ့ကြီးပဲ ပြင်ရမှာ၊ ဆီတိုင်ကီနဲ့လွတ်အောင် ခင်ဗျားမေးစေ့ကြီး ကျောက်စက်စားထုတ်လိုက်"

"မင်းမေကလိမ်းမို့ မွေးရာပါမေးစေ့ကြီး ကျောက်စက်နဲ့စားရမှာလား၊ ဒီမှာကြည့်ဦး ဂီယာထိုးရင် ဘရိတ်ကမမှီဘူး၊ ဘရိတ်နင်းရင် ဂီယာကမမှီဘူး။ အဲဒါ ငါက ဘယ်လိုလုပ်ပြီး ဆိုင်ကယ်ကမောင်းရမှာလဲ"

"အာ. . . ဒါလေးများဗျာ ဂီယာထိုးတဲ့အခါ ဘရိတ်မနင်းနဲ့၊ ဘရိတ်နင်းတဲ့အခါ ဂီယာမထိုးနဲ့ပေါ့ဗျ၊ ဒါများအလွယ်လေး"

ခြော် သူပြောတော့လည်း အလွယ်လေးပါလားနော်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်ကို နင်းမည်ဆိုလျှင် ခြေမှီစေရန် ဖင်ကိုအနည်းငယ်ရွှေ့မှာမို့ တစ်ဘက်ကမဖြစ်မနေ လွတ်ရမှာကိုး။

"ဒါနဲ့နေပါဦး ဒီလက်ကလည်း လီဗာကို အဖျားပဲမှီနေတာ ကလပ်ဆွဲတဲ့အခါ ငါက ကလပ်ကိုခုန်ထပြီးဆွဲရမှာလား"

စိုးဝင်းက ကျွန်တော့်ကို အသေအချာပြန်ကြည့်သည်။ ကျွန်တော့်ပုံက တိရိစ္ဆာန်ရုံကမျောက်လွှဲကျော်ရပ်ပါကြီး ပျော့လွန်းလို့ ပရိသတ်အား လက်ညှိုးစုံထိုး၍ ကနေသလို။

"ခင်ဗျား အရှေ့နည်းနည်းရွှေ့ကြည့်စမ်း"

သူပြောသည့်အတိုင်း အရှေ့နည်းနည်းရွှေ့ကြည့်သည်။ သိပ်မထူးခြား။

"အရှေ့နည်းနည်း ထပ်တိုးစမ်းပါ"

စိုးဝင်း၏ အားမလိုအားမရအသံ။ ဒါကို ကျွန်တော်က

"ဟ. . . ထပ်တိုးလို့ဖြစ်မလားကွ၊ ဒီထက်ရှေ့တိုးရင် ကိုယ့်ငယ်ပါက ဆီတိုင်ကီနဲ့ဖင်ထိုင်ခုံကြားကျပြီး ဆိုင်ကယ်ချိုင့်ဆောင့်တိုင်း ကိုယ့်ဘာသာကိုယ် ညှစ်ခွဲသလိုဖြစ်နေမှာပေါ့ကွ၊ ခွီးတဲ့မှပဲ၊ ကိုယ့်ကိုယ်ကိုတော့ သင်းမကွပ်နိုင်ပေါင်၊ ယောကျ်ားဘဝမှာ အဲဒါခံရအခက်ဆုံး"

စိုးဝင်းက သူ့မေးစေ့သူပွတ်ပြီး အသေအချာပြန်ကြည့်သည်။

"လက်ကိုင်က အတောင့်အဖြောင့်ကြီးဖြစ်နေတော့ ခင်ဗျား ဘက်တိုးလိုက်ရင်လည်း လက်ကြီးအနောက်ဘက်ရောက်သွားမှာ၊ အဲ အရှေ့ဘက်တိုးရင်လည်း ခြေဖျားနဲ့လက်ဖျား ထိလုမတတ်ဖြစ်နေလိမ့်မယ်"

သူပြောတာ ဟုတ်ပါသည်။ ထိုလက်ကိုင်ကြီး ကျွန်တော့်ဘက် ချလိုက်မည်ဆိုလျှင်လည်း ခြေနှစ်ဘက်က ဂီယာနှင့်ဘရိတ်ကို မှီစေရန် အစွမ်းကုန်ဆန့်တန်း နင်းထားရသည်မို့ ဘရုတ်ကားထဲ





ကလို သိမ်းငှက်သိုင်းဖော်ဆွဲထားသလိုကြီး ဖြစ်နေမည့်အပြင် အရှေ့ဘက် ရွှေ့လိုက်လျှင်လည်း ခြေဖျားနှင့်လက်ဖျားထိအောင် အကြောလျှော့နေသလိုပင် ဖြစ်နေဦးမည်ပေတော့မည်။

"အေးဗျာ. . . ဒီဇိုင်းကတော့ ဒီဒီဇိုင်းကအမှန်ပဲ၊ ခင်ဗျား ခန္ဓာကိုယ်ကြီးက ချွတ်ယွင်းနေတော့ ဆိုင်ကယ်ကို ပြန်ပြင်ရခက်ခဲသိမ့်မယ်၊ စတိုင်လ်ကျချင်ရင်တော့ ဒီအတိုင်းစီးထားနှင့်ပေါ့ဗျာ၊ ကျန်တာ ကျွန်တော်စဉ်းစားထားပေးပါ့မယ်"

ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့။ ဝယ်ထားပြီးမစီးရသေးဘူးဆိုတော့ စဉ်းစားသာကြည့်။ ကိုယ့်မှာလည်း မရိုးမရွကိုဖြစ်နေပြီကိုး။ ထို့ကြောင့်

"ကဲ ဒါဆိုလည်း ဒီအတိုင်းပဲယူသွားတော့မယ်ကွာ၊ နောက်မှ ပြင်ကြတာပေါ့"

"နေဦးလေ. . . ဒီအတိုင်းယူသွားလို့ ဘယ်ရမှာလဲ၊ စက်ပြင်ခလေးပေးသွားပါဦး"

"ဟင်. . . မင်းကဘာပြင်ရလို့လဲ"

ကျွန်တော်၏အမေးကို စိုးဝင်းက မခို့တရို့ပြုံးပြီး. . .

"ခုနက ကျွန်တော် ခင်ဗျားဆိုင်ကယ်စက်နှိုးတုန်း ရပ်ကွက်ဘ ခဲနဲ့ချလို့ စက်ပြန်သတ်ထားရတယ်ဗျ"

"ဟင်. . . ဟုတ်လား၊ ခုန ငါအိပ်နေတုန်း ကြားလိုက်သေးသဗျ၊ ငါမှာ ထရမ်စဖာပေါက်တယ်ထင်လို့"

"ဘယ့်နှယ် ထရမ်စဖာပေါက်ရမှာလဲ၊ ခင်ဗျားဆိုင်ကယ်ကြီး စက်နှိုးတာ၊ အခုတော့ ကျွပ်ပြင်လိုက်လို့ ငြိမ်သွားပြီ၊ အဲဒီအတွက် ပြောင်းဖူးသုံးဖူးဖိုးနဲ့ ပတ်တီးတစ်လိပ်ဖိုးပေး"

"ဟ. . . ဘာဆိုင်လို့လဲကွ၊ ဆိုင်ကယ်စက်ပြင်တာနဲ့ ခင်ဗျားစားတဲ့ပြောင်းဖူးဖိုးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်မဆိုင် ကိုယ့်ဆိုင်ကယ် ကိုယ့်ဘာသာကိုယ် ပြန်စစ်ကြည့်လိုက်လေ၊ ဒီပညာရဖို့ လွယ်တယ်မှတ်လို့၊ ဟူး စိုးဝင်းမို့ရှာခွေတွေ့ရှိထားတာ"

သူ့စကားကြောင့် ကျွန်တော်လည်း ဆိုင်ကယ်ကို ပြန်စစ်ကြည့်လိုက်ရာ

"ဟင်"

အိပ်ဇောတစ်ခုလုံး လမ်းဘေးက အနူတစ်ယောက်နှင့်မခြားလုံခြုံစွာစည်းနှောင်ထားသော ပတ်တီး။ အိပ်ဇောအဝတွင်မှ ကြပ်ညှပ်နေအောင် ထိုးသိပ်ထားသော ပြောင်းဖူးရိုးတစ်ခု။

"ဒီလိုတော့လည်းဟုတ်သားဟ၊ မြန်မာ့နည်းမြန်မာ့ဟန်ဖြစ်မယ်၊ ဒါနဲ့ နေပါဦး ပြောင်းဖူးရိုးက တစ်ခုထဲထိုးထားတာ၊ ဘယ်နှယ့်ကြောင့် သုံးဖူးဖိုးတောင်ပေးရမှာလဲ"

"အောင်မာ ခင်ဗျားအိပ်ဇောနဲ့ တော်မတော်စမ်းစားကြည့်သေးတယ်ဗျ၊ ဒါတောင် သုံးဖူးထဲနဲ့တော်တဲ့ကောင်တွေ့လို့၊ မတော်သေးရင် ကျုပ်မှာ ဗိုက်အောင့်နေအောင် ဆက်စားရမှာ ဗိုက်အအောင့်ခံပြီးလုပ်တာနော်၊ စေတနာကို မစော်ကားနဲ့"

"ဩော်. . . သူ့ခမျာ ကျန်းမာရေးအန္တရာယ်ခံပြီးတော့ကို ကြိုးစားခဲ့ရပါလား၊ အေးလေ ဒီပညာက တော်ရုံရတာမှမဟုတ်ဘဲ တန်ပါပေတယ်"

ဟု တွေးမိပြီး ပြောင်းဖူးသုံးဖူးဖိုးနှင့် ပတ်တီးတစ်လိပ်စာ ရှင်းပေးလိုက်ရ၏။

"ကဲ ဒါဖြင့် ဆိုင်ကယ်ငါယူသွားတော့မယ်၊ နောက်မှ လိုတာ ပိုတာပြင်ဦးမယ်"

ဆိုကာ ဆိုင်ကယ်ကို အပြင်တွန်းထုတ်လိုက်သည်။ ဒါကို စိုးဝင်းက. . .





"ယူသွားလေ. . . ယူသွား၊ ဒါပေမဲ့ လီဗာတော့ တအားမဆွဲနဲ့နော်"

"ဘာဖြစ်လို့လဲ"

"လက်ကိုင်သံက ပျော့တော့ တအားဆွဲမိရင် လက်ကိုင်ကြီး ကောက်ပြီးပါလာမှာစိုးလို့"

"ဟင်"

သူပြောပုံက လီဗာကိုတောင် အပျိုဖော်ဝင်စကလေးလို ချော့ဆွဲရမည့်ပုံ။ အဲ ဘာဆိုင်လို့လဲ။

နောက် ကစ်စတာကိုနင်းပြီး စက်နှိုးလိုက်သည်။

"ဝိုး. . . ထုတ် ထုတ် ထုတ်"

ဆိုင်ကယ်က ချက်ချင်းလိုနိုးသွားသည်။ စက်သံက အခြားဆိုင်ကယ်ထက်ကျယ်နေသေးသော်လည်း ပြောင်းဖူးရိုးကောင်းမှုကြောင့် ညက်ညက်ကလေး။ သို့သော် အိပ်ဇောကြီးပိတ်နေသည်မို့ သံကြေးတစ်နေသော ကျန်အပိုင်းမှ မီးခိုးလုံးကြီး အူတက်လာသည်။

ကလပ်ဆွဲသည်။ မမီမကမ်းနှင့် ဂီယာကိုထိုးလိုက်သည်။ ပြီးမှ လီဗာကိုဆွဲလိုက်သည်။

"ဝူး. . . ဝေါ"

ဆိုင်ကယ်က ညိမ့်ညိမ့်ညောင်းညောင်း ထွက်သွား၏။

ဂီယာချိန်းရန် ဖင်ကြွရ၏။ ကလပ်ဆွဲပြီး ဂီယာထိုးသည်။ ပြီးနောက် လီဗာဆွဲသည်။

ရှေ့မှာ ဆိုက်ကားတစ်စီးတွေ့၍ ဖင်ကိုညာရွှေ့၍ ဘရိတ်နင်းသည်။ ဖင်ကိုဘယ်ပြန်ရွှေ့၍ ကလပ်ဆွဲ ဂီယာချိန်းသည်။ ဖင်ကို ညာပြန်ရွှေ့၍ လီဗာဆွဲရသည်။ ဆိုင်ကယ်ကြီးပေါ်တွင် ဝမ်းလျားကြီး မှောက်ပြီး အလုပ်ရှုပ်နေသော ကျွန်တော့်အား လူအများက ဝိုင်းကြည့်ကြ၏။ မည်သို့ပင်ဆိုစေ ဒါကိုက မင်္ဂလာတစ်ပါး။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



လိုချင်သည့်ပစ်မှတ်။ ဂုဏ်ယူလို့မဆုံးမီမှာပင် သည်ကြားထဲ သံကြေး တက်အိပ်ဇောထဲမှ ထွက်နေသော မီးခိုးလုံးက လူတစ်ကိုယ်လုံး ဖုံးမတတ်။ မသိလျှင် တိမ်ထူထူပေါ် ပျံသန်းသွားနေသော နတ်ရထား လိုလို။

"ခွပ်. . . ခွပ်. . . ခွပ်"

"ဟိုက်. . . ကွဲပဟ"

ဆိုင်ကယ်က ချိုင့်ဆောင့်၍ ဆီတိုင်ကီနှင့်မေးရိုက်သံ။

"ခွပ်"

"သေပါပြီအမေရဲ့"

နောက်ထပ်ချိုင့်ကြီးကြီးကျ ဆီတိုင်ကီနှင့်ဆောင့်ပြီး နဂို ရင်းစွဲ မေးကောက်ကြီးပင် ယောင်တက်လာသည်။ အရေးထဲ တစ်ခွက်ထဲရှိသော ဒိုင်ခွက်က မျက်စိရှေ့လာပိတ်နေသေး၍ မျက်လုံး ကြီးထောင်ကာ မနည်းမော့ကြည့်နေရသေးသည်။

"ခွပ်"

"အောင်မလေးဗျ"

သတိမမူမိလျှင် ကြာကြာဆက်က လျှာပြတ်နိုင်သည့် အနေ အထား။

"အဟွတ်. . . အဟွတ်"

သည်ကြားထဲ မီးခိုးမွှန်၍ ချောင်းကဆိုးရသေး။ ဆီတိုင်ကီ နှင့် မေးရိုက်ပြီး မူးနောက်နေပြီ။ မသိလျှင် ဆိုင်ကယ်စီးနေရတာ ပင် ရွှေဒူဝံနှင့် လက်ဝှေ့ထိုးနေရသလို။

တမူးမူးတနောက်နောက်နှင့် ပြင်ဆိုင်နှင့် ဓာတ်တိုင်နှစ်တိုင် သာသာဝေးသော အိမ်သို့ပြန်ရောက်လာ၏။ အိမ်ရှေ့ရောက်သော် လည်း ဆိုင်ကယ်ပေါ်က ရုတ်တရက် မဆင်းနိုင်သေး။ ရပ်ကွက်





အဝင်လမ်းကြမ်းသည့်ဒဏ်ကြောင့် ဆီတိုင်ကီနှင့်မေးရိုက်က မျက်စေ့ပါ ပယ်ချင်နေသည်။ သွားပါတိုဝင်နေချင်သည်။ ခြေကို အစွမ်းကုန်ဆန့်၊ လက်နောက်ပစ်ထားရသည့်အတွက် ကိုယ်လက် လည်း အတော်နာနေပြီ။

အတော်ကလေး သတိထားပြီးမှ ဆိုင်ကယ်ပေါ်က ဆင်းနိုင် တော့၏။

"တောက်. . . ဘာကြောင့် ဒီလောက်တောင် ဆောင့်နေပါ လိမ့်"

ဆိုင်ကယ်ကိုပြန်ကြည့်တော့. . .

"တွေ့ပြီ. . . အစိကနှောင့်ယှက်နေတာ ဆီတိုင်ကီအဖုံး"

ဆီတိုင်ကီအဖုံးနေရာနှင့် မေးစေ့က ကွက်တိဖြစ်နေ၍ ထိုအဖုံးသံနှင့် မေးကိုလာလာဆောင့်နေခြင်းသာဖြစ်သည်။

ဆီတိုင်ကီအဖုံးကို ချွတ်လိုက်သည်။ ထိုအပေါက်နေရာ မေးစေ့သွင်းကြည့်သည်။

"ဟား. . . ကွက်တိ ဒါပိုနေတာ၊ ဒါပိုနေတာ၊ ဆီတိုင်ကီ အပေါက်ကို မေးနဲ့ပိတ်မောင်းရမယ်"

ကိုယ့်ဘာသာကိုယ် ဝမ်းသာပြီး ဆီတိုင်ကီအဖုံးကို လွှင့်ပစ် လိုက်သည်။

"မလိုဘူး၊ ဒါမလိုဘူး"

ကိုယ့်ဘာသာကိုယ် ကြိတ်ကြည်နူးကာ အပျင်းဆန့်ရင်း အိမ်ထဲလှမ်းဝင်လိုက်သည်။

ဆိုင်ကယ်ဓာတ်တိုင်နှစ်တိုင်မျှ မောင်းမိရုံနှင့် နာနေသော ကိုယ်လက်များကို ပရုပ်ဆီလူးရပေဦးမည်။

××××



www.burmeseclassic.com

www.burmeseclassic.com





အိမ်ထဲကပြန်ထွက်တော့ ကျွန်တော့်အစ်ကို ကိုချ[...]
တစ်ယောက် ဆိုင်ကယ်ပေါ်တက်ခွ၍ စမ်းနေသည်ကိုတွေ့ရ[...]
ကျွန်တော်ထွက်လာသည်ကိုမြင်တော့

"မင်းဆိုင်ကယ်လား"

"ဟုတ်ပါ့"

သူဘာမှပြန်မပြောဘဲ ဆိုင်ကယ်ကိုသာ စမ်းသပ်နေသည်[...] ဘရိတ်နင်းကြည့်သည်။ သူက ကျွန်တော့်ထက် အရပ်ပိုပုနေသည်[...] နင်း၍မမှီ။

ဆိုင်ကယ်ပေါ်ကဆင်းပြီး ခါးတောင်းမြှောင်နေအော[...] ကျိုက်လိုက်သည်။ သူ့စိတ်ထဲတွင် ဝတ်ထားသော လုံချည်ကြီးတုပ်[...] ၍ ဂီယာနှင့် ဘရိတ်နင်း၍မမီဟု ထင်နေပုံရ၏။

ဆိုင်ကယ်ပေါ် ပြန်တက်ခွ၍ ဂီယာထိုးကြည့်သည်။ ပါး[...]





ပါ အကြောလိုက်၍ ရှဲ့ထွက်လာသည်အထိ ခြေကိုဆန့်သည်။ မမီ။ ခါးကြီးကိုပါ လိုက်စောင်းပြီး စမ်းကြည့်သည်။ ဒါလည်းမမီ။ မတတ်သာသည့်အဆုံး မြင်းစီးသလို ဆီတိုင်ကီပေါ် တက်ခွလိုက်သည်။

"ဟီဟိ"

ကိုချာန်၏ကြိတ်ရယ်သံ။

"မင်းဆိုင်ကယ်စီးရတာ ဖင်တော့အေးသဟ၊ ဟီဟိ"

သူ့ဘာသာသူ သဘောတွေကျနေသည်။ ဆိုင်ကယ်ပေါ်မှာလည်း သူတစ်ယောက်တည်း အလုပ်တွေရှုပ်နေ၏။ ဆီတိုင်ကီပေါ် တက်၍ ဂီယာနင်းကြည့်သည်။ မှီသွားပြီ။ ထိုတော့မှ ဆိုင်ကယ်လက်ကိုင်ကို လှမ်းကိုင်လိုက်သည်။

"ဟဲ့. . . သောက်ခွေး"

ဆိုင်ကယ်လီဗာက သူ့နောက်ရောက်နေ၍ ခြေကားယားလက်ကားယားနှင့် ဂွမ်းပြန်ကျသွား၏။ ပြီးမှ ဖုတ်ဖက်ခါလူးလဲထရင်း

"မင်း. . . မင်း ဆိုင်ကယ်က ဘယ်လိုမောင်းရမှာလဲကွ၊ ဟင် ဆီတိုင်ကီဖုံးကရော ဘယ်ရောက်နေလဲ"

သူ့အမေးကို ကျွန်တော်က လှို့ဝှက်ဆန်းကြယ်စွာ ပြုံးလိုက်ပြီး

"ရှိတယ်လေ၊ ပြောရမယ်ဆိုရင်တော့ ဒီဆိုင်ကယ်ကြီးက ဝိဇ္ဇာနဲ့ ဒိပ္ပဲပေါင်းစပ်ထားတာမျိုးလေ၊ ပြောရရင် ဂျိန်း(စ်)ဘွန်းနဲ့ နတ်သား ပေါင်းစပ်ထားသလိုပေါ့"

အိမ်မှာ တီထွင်ပါရဂူဟု နာမည်ကြီးသော ကိုချာန်ပင် ပါးစပ်အဟောင်းသားနှင့် ကျွန်တော့်ကိုပြန်ကြည့်နေရသည်။ ယခု ဆိုင်ကယ်က သူတီထွင်ရန်ပင် စိတ်ကူးမရခဲ့သော အမျိုးအစားပင် မဟုတ်လား။

နောက် ဆိုင်ကယ်ကို ခါးတောင်းကျိုက်ကြီးနှင့် လည်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ပတ်တီးများစွာနှင့် လုံခြုံနေသော အိပ်ဇောကြီးကိုမြင်တော့ အံ့အားသင့်သွားသည်။

"ဟင်. . . ပြောင်းဖူး၊ ပြောင်းဖူးရိုးကြီး"

အိပ်ဇောတွင်ပိတ်ထားသော ပြောင်းဖူးရိုးကြီးမြင်တော့ မျက်လုံးကြီးပြူးပြီး ထအော်သည်။ ပြီးမှ ကျွန်တော့်ဘက်လှည့်ပြီး

"ဟော့ကောင်. . . ဒီပြောင်းဖူးကြီးက ဘာလုပ်တာလဲ"

သူ့အမေးကို ကျွန်တော် ယောင်ယောင်လေးပြုံးရက်ပြီး

"ဒါ တစ်ခေတ်တစ်ခါကတော့ ပြောင်းဖူးရိုးပေါ့၊ ဒ်ပေမဲ့ ဆိုင်ကယ်ထဲရောက်သွားတဲ့အခါ ဆိုင်သင်ဆာ အသံတိတ်ကရိယာလို့ခေါ်တယ်"

"အသံတိတ်ကရိယာ"

ကျွန်တော့်စကားကို သူ ပံယောင်လိုက်သည်။ ဒါကို ကျွန်တော်က ဆရာကြီးအထာနှင့် မျက်မှန်နက်ကြီး ကောက်တပ်ပြီး

"ပြောနေကြာပါတယ်လေ၊ ကျွန်တော်စီးပြမှပဲ မျက်ဝါးထင်ထင်ကြည့်ပေါ့"

ဟုဆိုကာ ဆိုင်ကယ်ပေါ် လှမ်းခွလိုက်သည်။ ကိုချာန်က ခါးတောင်းကျိုက်ကြီးနှင့် ကျွန်တော့်ကိုငေး၍ ဆိုင်ကယ်စက်နှိုးလိုက်သည်။

"ဝှီး. . . ထုတ်. . . ထုတ်. . . ထုတ်"

ဆိုင်ကယ်သံက ညက်ညက်လေး။ တစ်ချက်နင်း တစ်ချက်နိုး။ သို့သော် အိပ်ဇောအပေါက်များမှ မီးခိုးများ အပေါ်သို့အူတက်လာသည်။

"ကိုချာန်ရေ မင်းတို့အိမ်ရှေ့ အမှိုက်ပုံမီးရှို့နေတာလား"

နံဘေးနားအိမ်မှ အော်သံ။ "အေးလေ. . . မသိလို့အော်တာပဲ အော်ပါစေ"ဟုသာ သဘောထားလိုက်သည်။





ဆိုင်ကယ်ခြေနင်းပေါ် ခြေတစ်ဘက်တင်လိုက်သည်။

"ဟင်"

ကိုချာန်၏ အံ့သြတကြီးအာမေဍိတ်သံ။

ဆိုင်ကယ်လီဗာပေါ် လက်တင်လိုက်သည်။

"ဟာ"

ဘယ်လိုလုပ်လုပ် ထိုပုံစံသာထွက်နေသော ကျွန်တော့်ကို ကိုချာန် အံ့အားသင့်နေပုံရ၏။ မသိလျှင် တိရိစ္ဆာန်ရုံကအမျောက်လွှဲကျော်ကြီး သိမ်းငှက်သိုင်း ဖောင်ဆွဲထားသလို။

စိုးဝင်းပြောသလို ဤဆိုင်ကယ်ကို မင်းတုန်းမင်းကြီး တက်စီးဝါကလည်း ဒီပုံသာထွက်မည်မှာမလွဲ။

တင်ပါးကို ဘယ်ရွှေ့၍ ကလပ်ဆွဲ ဂီယာထိုးလိုက်သည်။

"အလို"

ညာပြန်ရွှေ့၍ ဂီယာထိုးလိုက်သည်။

"အဲလိုကြီးလား"

ကိုချာန်၏ အံ့သြတကြီးရေရွတ်သံ။

"ဟော့ကောင် ဆီတိုင်ကီဖုံးရော"

"ဒေါက်"

"ခွပ်"

"အဲ. . . အဲ"

ဘာမှပြန်မပြောဘဲ ဆီတိုင်ကီအပေါက်ကို မေးစေ့နှင့်ပိတ်ပြလိုက်တော့ ကိုချာန်ဘာစကားဆက်ပြောရမှန်းဝင်မသိ ဖြစ်သွားရ၏။ ပြီးနောက်. . .

"ဝှီး. . . ထုတ်. . . ထုတ်. . . ထုတ်"

ညင်သာစွာ လိမ့်ထွက်သွားသော ဆိုင်ကယ်ကိုကြည့်ပြီး ကိုချာန် ကျောက်ရုပ်တစ်ရုပ်လိုပင် ကြောင်ငေးကျန်ခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်ဘိတောင်း၊ အားရဘိတောင်း။ တစ်သက်လုံး သူများကိုသာ လျှောက်ကြွပ်နေသော ကိုစျာန်ပါ ကြောင်ကရော့ပဲ ဆိုရမတတ်။ ကြောင်ကြောပါဆွဲကျန်ရစ်နေလေပြီ။

ဆိုင်ကယ်က တလိမ့်လိမ့် တအိအိ လူ့ပ်ရှားနေသည်၊ ကိုယ်လက်တော့နာသည်။ သို့သော် မေးစေ့မှာတော့။ ဆီတိုင်ကီ အပေါ်ကထဲ မေးစေ့ချိန်ထည့်ထားသည်မို့ မေးစေ့က လုံးဝမနာတော့။ သို့သော် ချိုင့်ကြီးကြီးဆောင့်ရင်သာ အထဲမှဆီများ ခလောက်ခနဲ်ပြီး မေးစေ့လာလာတက်ရိုက်နေခြင်းပင်။ ဒါလည်း ကိစ္စမရှိ။

"နေပါစေ၊ မုတ်ဆိတ်ကို ဓာတ်ဆီနဲ့ဆေးတော့ ပိုသန့်တာ ပေါ့"

အကောင်းမြင်သမားမို့ အကောင်းကိုသာတွေးမိသည်။

ရပ်ကွက်၏ထိပ်တွင်ရှိသော ဈေးက စည်ကားနေပြီ။ ဈေးရောင်းဈေးဝယ်များက လမ်းမပေါ် ပျံ့ကျဲနေလေပြီ။ မြို့ဆင်ခြေဖုံးတို့၏ ထုံးစံအတိုင်း မြင်းလှည်း၊ ဆိုက်ကားများ ပျားပန်းခတ်နေသည်။

"တောက်. . . အရေးထဲ ဒီဗိုင်ခွက်က လာရှုပ်နေသေး ကုမ္ပဏီက ဒါကိုဖြုတ်သင့်တယ်"

လိုအပ်လို့တပ်ထားသည့် ဆိုင်ကယ်ဗိုင်ခွက်ကိုပင် ဆီတိုင်ကီ ပေါ်တစ်ဝက်၊ ဆီတိုင်ကီအောက်တစ်ဝက် နှစ်ထားသော ကိုယ့်မျက်နှာပေါ်မှ မျက်လုံးမမြင်ရ၍ ကျိန်ဆဲမိသေးသည်။

ဈေးရှေ့တည့်တည့်ရောက်တော့ လူကပိုရှုပ်လာသည်၊ ဟွန်းကိုတီးကြည့်သည်။ ဟွန်းသံက ထွက်မလာ။ ဆိုင်ကယ်က တစ်စီးလုံး အသံထွက်နေသော်လည်း မြည်သင့်သော ဟွန်းတစ်ခုထဲက အသံမထွက်။ တလွဲဆံပင်ကောင်းပြီး ချိုင်းမွေးကထူလေပြီ။

သည်အတိုင်း ဆက်သွားပါက ဘာမှမမြင်ရပုံနှင့် တိုက်မိ





ခိုက်မိနိုင်သည့် အနေအထား။ ထို့ကြောင့် ဘယ်ဘက်ဖင်ရွှေ့၍ ဂီယာ ချိန်းလိုက်သည်။ နောက် ညာဘက်ပြန်တိုးကာ ဘရိတ်နင်းလိုက် သည်။

လူတွေက ဆိုင်ကယ်တစ်စီးလုံး လာနေသည်ကိုပင် မရှောင် ချင်ကြ။ မီးခိုးလုံးကြီးတအူအူနှင့်မို့ အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေ ကြသေး၏။

လူကိုတော့ မီးခိုးထဲပျောက်နေ၍ မြင်ဟန်မတူ။ ထို့ကြောင့် "ဆိုင်ကယ်လီဗာဆွဲပြီး စက်သံပေးမှ"

ဟု စဉ်းစားမိပြီး ဆိုင်ကယ်လီဗာကို ခပ်ကြမ်းကြမ်းဆွဲလိုက် သည်။

"ဗြီး. . . ဗြီး. . . ဗြီး"

စက်သံနှင့်အတူ ပို၍အူတက်လာသော မီးခိုးများကို လူအများက တအံ့တသြကြည့်ကြသည်။ လူများက ရှောင်မသွားသည့် အပြင် အနားသို့ပင်ကပ်လာပြီး. . .

"အေး. . . စည်ပင်သာယာက ကတ္တရာပုံးတွေ မီးလာရှို့ပြန် ပြီထင်တယ်"

"ဟုတ်ပါ့၊ မီးခိုးကလည်းများ၊ ညှော်ကလည်းညှော်"

ဘေးနားလူများက ထင်မြင်ချက်ပေးနေကြပြန်သည်။ ကျွန်တော်လည်း ဆိုင်ကယ်မှန်းသိစေရန် လီဗာကို ခပ်ကြမ်းကြမ်း ထပ်ဆွဲလိုက်သည်။

"ဗြီး. . . ဗြီး. . . ဗြီး. . . ထုန်း. . . ထုန်း. . . ထုန်း"

"ဟိုက်. . . ဘာဖြစ်တာလဲဟ"

ကျယ်လောင်လှသော အသံကြီးကြောင့် ကိုယ့်ဘာသာကိုယ် လန့်ပြီး ထအော်မိသည်။ ဘေးနားကလူများကလည်း

"ဟဲ့. . . သောက်ပလုပ်တုတ်၊ ဘာဖြစ်တာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ထုန်း. . . ထုန်း. . . ထုန်း"

"ဟေ့. . ပြေးဟေ့. . . ပြေး၊ ဆီတိုင်ကီတွေပေါက်ကုန်ပြီ၊ ဆီတိုင်ကီတွေပေါက်ကုန်ပြီ"

"အောင်မလေးအမေရဲ့ ကမ္ဘာကြီးပြားပြီ၊ ကမ္ဘာကြီးပြားပြီ"

ဟူသော အော်သံများနှင့်အတူ ကြောက်လန့်တကြား ဝရုန်းသုန်းကား ထွက်ပြေးကြလေသည်။

"ဘယ့်နှယ့်ကြောင့် အသံကျယ်ကြီးထွက်လာပါလိမ့်"

ပြန်ကြည့်လိုက်မှ. . .

"ဟိုက်. . . အိပ်ဇောဝမှာတပ်ထားတဲ့ ပြောင်းဖူးဆိုင်လင်ဆာကြီး ပြုတ်ထွက်သွားပြီ"

ပုံပြောင်းစိုးဝင်း စနစ်တကျ တပ်ဆင်ပေးလိုက်သော ပါးစပ်ဖြစ် ပြောင်းဖူးဆိုင်လင်ဆာကြီး ပြုတ်ထွက်သွား၍ ဆိုင်ကယ်မှာ နဂိုမူလဘူတသံကြီး မြည်ဟီးသွားခြင်းဖြစ်၏။ ကျွန်တော့်မှာလည်း ဆိုင်လင်ဆာပြောင်းဖူးရိုးကြီးကို ပြေးပဲကောက်ရမလား၊ ဆိုင်ကယ်ကိုပဲ မောင်းထွက်ရမလား ဝေခွဲမရခင် -

ပြေးလာသောအရိပ်တစ်ခု လူများကြားမှာအပြင် မီးခိုးများဖုံးနေ၍ မသဲကွဲ။ အတော်ကလေးကို မြန်လှသည်၊ ကဆုန်စိုင်းလာပုံရ၏။ အနားရောက်မှ ကြည့်လိုက်တော့

"နွား"

"ဟင်. . . နွားမကြီး"

ဟုတ်ပါသည်။ ပိန်ကပ်ကပ်နွားမကြီး။ ဆိုင်ကယ်အသံကို အမြင်ကပ်သည်ထင့် ကဆုန်ဆိုင်းပြေးလာသည်။

"ဟ. . . ဟ လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ လာပြီဗျ၊ လာပြီ"

ကျွန်တော်၏ သံကုန်ခြစ်အော်သံ။ သို့သော် သူဦးတည်ချက်က မပြောင်း။ ကျွန်တော်နှင့် ဆိုင်ကယ်ဆီကို လေးဖက်ကျကျကြီး





ဒုန်းစိုင်းလာသည်။

"အောင်မလေးအမေရဲ့ လုပ်ကြပါဦးဗျ"

ကျွန်တော့်ရဲ့ ကြောက်လန့်တကြားအော်သံနှင့်အတူ ဆိုင်ကယ်ကို မောင်းထွက်ရန် ဂီယာကို လှမ်းထိုးကြည့်သည်။ ထိုအချိန်ကြမှ ခြေဖျားနှင့် ဝေးလံသီခေါင်လှသော ဂီယာတံက ဘယ်လိုမှ ရှာနင်းလို့မထိ။

"အောင်မလေးအမေရဲ့ လုပ်ကြပါဦး"

ခြေဖျားနှင့်ဂီယာတံ ကချော်ကချွတ်ဖြစ်နေတုန်း။ လှည့်ကြည့်လိုက်တော့ မျက်ရည်များနှင့် နွားမကြီး၏ ဒေါသတကြီး မျက်နှာ။

ထို့နောက်. . .

"အား"

"ဒုန်း"

"အောင်မလေး တက်. . . တက်သွားပြီဗျ"

လူကမြောက်ခနဲ။ တက်တုန်းကတော့ အတည့်ပင်တက်သွားပြီး ပြန်အကျ

"အား"

လူက ခေါင်းပဲကြီးနေ၍လားမသိ လမ်းဘေးတွင် ရောင်းချနေသော ငါးမြွေထိုးဗန်းပေါ် ခေါင်းနှင့်ပြန်ကျ၏။

"ဒုန်း"

"ခလွမ်း"

"အောင်မလေး သေပါပြီအမေရဲ့"

ကျွန်တော့်အော်သံ။ ငါးမြွေထိုးဗန်းပေါ် ခေါင်းနှင့်ကျ၍ မည်သို့မည်ပုံဖြစ်နေသည်တော့မသိ။

"ဟိုက်. . . ငါးမြွေထိုးတစ်ကောင်ပိုလာပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . . ဒီငါးမြွေထိုးက ဉနဲ့တော့၊ မွေးခါနီးဖွားခါနီးကြီး"

ဟူသော ဝမ်းသာအားရအသံကြားရ၏။ ကျွန်တော့်မှာ ဖြေရှင်းရန်ပင် အချိန်မရတော့။ ဆိုင်ကယ်ပြန်ကြည့်တော့ သောင်းနှစ်ထောင်ပေးရသော ဆိုင်ကယ်ကြီးမှာ နွားမချီဖျားမှာ ကားနေလေပြီ။ နွားမကြီးက ဆိုင်ကယ်ကို ဦးချိုကြီးနှင့် ကော်ကော်ထိုးနေသည်။

သိပ်မကြာမီမှာပင် တထုန်းထုန်းမြည်သံပေးနေသော ဆိုင်ကယ်ကြီးမှာ စက်သံရပ်သွား၏။ ထိုတော့မှ ဒေါသတကြီး ဝှေ့နေသော နွားမကြီးမှာလည်း ရုတ်တရက် ရပ်သွား၏။ ပြီးနောက် ဘေးဘီဝေ့ကြည့်သည်။ ကျွန်တော်ကတော့ ငါးမြွေထိုးဗန်းပေါ် ငုတ်တုတ်မျှပင် မလှုပ်ရဲသေး။

နွားမကြီး အသိပြန်ဝင်သွားသည်ထင့် ဘေးဘီဝေ့ကြည့်ရင်း သူ့ကို လူအများဝိုင်းကြည့်နေသည်ကို မြင်တော့ "ဝမ်းဘော"ဟု တစ်ချက်အော်ကာ ရှက်ကိုးရှက်ကမ်း အမူအရာနှင့် ပြန်လှည့်ထွက်သွားတော့၏။ သူ့ခမျာလည်း အသံကြောင့် ရုတ်တရက်စိတ်တိုကာ ဘာဖြစ်လို့ဖြစ်မှန်းမသိ ဖြစ်နေပုံ။ လမ်းလျှောက်ပုံကိုက ကန္တဲ့ကလျှနှင့်။ သြော် နွားမရှက်တာ ဒီတစ်ကြိမ်ပင်ကြုံဖူးသေးတော့၏။ နွားမက လာရာလမ်းအတိုင်း အမြီးတယမ်းယမ်းနှင့် လက်ဖက်ရည်ဆိုင်ရှေ့ ဖြတ်လျှောက်မိသော အပျိုမလေးသဖွယ် ယိမ်းနွဲ့ရင်း ပြန်ထွက်သွားသည်။

ထိုတော့မှ ကျွန်တော်လည်း ငါးမြွေထိုးဗန်းပေါ်မှ ထရဲတော့သည်။

"ဟဲ့. . . ခုနက ဉနဲ့ငါးမြွေထိုး ဘယ်ရောက်သွားလဲ"

"အိုအေ. . . နင်အမြင်မှားတာနေမှာပါ"





"ဘယ့်နှယ်မှားရမှာလဲ၊ ငါတ ဉကို အသေအချာမှတ်ထားတာ၊ အောင်မာ ငါးမြွေထိုးက အကောင်သာသေးတာ ဉကြီးဒီလောက်လောက်ကြီး"

အရေးထဲ ငါးမြွေထိုးသည်ကတစ်မျောင့်။

ကျွန်တော်လည်း လဲကျနေသောဆိုင်ကယ်ကို သွားပြန်ထူလိုက်ရသည်။ ထိုတော့မှ လူများကလည်း

"သြော်. . . ဆိုင်ကယ်က သူ့ဆိုင်ကယ်ပဲ၊ ဘာဖြစ်သွားတာလဲ"

"သိဘူးလေ ခုနကတော့ ရုတ်ရုတ်ရုတ်ရုတ်နဲ့ပဲ"

ကျွန်တော်လည်း သူတို့ပြောသမျှကို ဂရုမစိုက်နိုင်တော့။ သည်နေရာကဝေးရာကိုသာ ထွက်သွားချင်နေပြီမို့ ဆိုင်ကယ်ပေါ်တက်၍ စက်ကို ကမန်းကတန်း နှိုးလိုက်သည်။

"ဝှီး. . . ထုန်း. . . ထုန်း. . . ထုန်း. . . ထုန်း"

"အောင်မလေးလုပ်ကြပါဦး၊ ဘာသံကြီးလဲ"

"ဟ. . . ဟ ဒါကြီးကအော်နေတာဟ"

"ပြေးကြ. . . ပြေးကြဟေ့၊ ကမ္ဘာကြီးပြားပြီ၊ ပြားပြီ"

ဆိုင်ကယ်စက်သံ ကြားသည်နှင့် ခုနန်ဘေးနား အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသောသူများ ဝရုန်းသုန်းကား ထွက်ပြေးကြပြန်၏။

သို့သော် လူများလိုပြေးမသွားဘဲ ပြေးဝင်လာသည်ကရှိသည်။

"နွား. . နွားမကြီး"

ခုနနွားမကြီးပင် ဆိုင်ကယ်ဆီ ဒေါသတကြီး ပြန်ပြေးလာသည်။

"အောင်မလေး. . . လာပြန်ပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



နွားမကြီးက ဆိုင်ကယ်သံကြားလျှင် ဒေါသထွက်သည်ထင့် ဆိုင်ကယ်ရှိရာ လေးဘက်ကျကျကြီး ပြေးဝင်လာပြန်သည်။

"ထုန်း ထုန်း ထုန်း ထုန်း"

"အောင်မလေးအမေရဲ့"

ရုတ်တရက်အခြေအနေကြောင့် ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဘဲ ဂီယာကို လှမ်းထိုးကြည့်သည်။ ဂီယာက မမှီ။

နွားမကြီးက နီးလာပြီ။ သူ၏ချိုဖျား ချောင်ချောင်ဂကားကားက ဦးတည်ချက်မပြောင်း။ ခြေတစ်ဖက်မြေထောက်၍ ဂီယာလှမ်းထိုးလိုက်သည်။

"ဂလောက်"

ဂီယာတော့ဝင်သွားပြီ။ သို့သော်. . .

"အောင်မလေး အမေရဲ့၊ သားတော့ပြေးပြီဗျို့"

နွားမချိုဖျားနှင့် နှစ်လက်မခန့်အလိုမှ ဆိုင်ကယ်ကို ဝုန်းခနဲပစ်ချပြီး ခုနငါးမြွေထိုးဗန်းပေါ်မှာ ပြေးထိုင်နေလိုက်ရသည်။ ကြောက်တာကလည်း တဆတ်ဆတ်ပင်တုန်နေရသည်။

ဆိုင်ကယ်ကြီးက ဂီယာဝင်ပြီး လွှတ်ချလိုက်သည်မို့ မြေပြင်ပေါ် တုံးလုံးပက်လက်နှင့် စက်က ချက်ချင်းသေသွား၏။

ဆိုင်ကယ်စက်သံ မကြားသည်နှင့် ခုန ဒေါသတကြီးနှင့် နွားမကြီးလည်း ကျွိခနဲ ဘရိတ်အုပ်သွားသည်။ နွားမနှင့်ဆိုင်ကယ်က နှာတစ်ဖျားအကွာမှာ။ ပြီးနောက် ဘယ်ကအသံထွက်လာသလဲဟူသော ပုံမျိုးနှင့် ဆိုင်ကယ်ကို လိုက်နမ်းကြည့်နေသည်။ ဂျိုဖျားနှင့် ထိုးကြည့်သည်။ ဘာအသံမှ ထပ်မကြားရတော့၍ထင့် ခြေဦးလှည့်ရန်မြင်သည်။

"ဟောဒီမှာတွေ့လား၊ ငါပြောတဲ့ဥနဲ့ ငါးမြွေထိုး"

"ဟယ်. . . မသေသေးဘူးဖြစ်မယ်၊ လှုပ်စိလှုပ်စိနဲ့၊ ဟီဟိ





ရေနဲ့တောက်ကြည့်စမ်း"

"ဖလပ်. . . ဖလပ်"(ရေတောက်သံ)

"အာ. . . အေးပါတယ်ဆိုနေမှဗျာ"(ကျွန်တော့်အသံ)

"ဟင်. . . ဟယ်"

"အလို. . . ဘာ. . . ဘာကြီး၊ အဲလေ. . . ဘာလေး"

နွားမကြီးက ဆိုင်ကယ်လုံးဝလှုပ်ရှားမှုမရှိသည်ကို တွေ့မှ ရင်တွင်းသံတစ်ချက်ထုတ်ပြီး ခပ်ကုပ်ကုပ် ပြန်ထွက်သွား၏။ ထိုတော့မှ ကျွန်တော်လည်း ထိုင်နေသော ငါးဗန်းပေါ်မှ ထရဲတော့၏။

"ငါးမြွေထိုးလေး၊ ငါးမြွေထိုးလေး ဟိုလူခါးပိုက်ထောင်ထဲထည့်သွားပြီ"

"ဟဲ့. . . အဲဒါ ငါးမြွေထိုးမဟုတ်ဘူးဟဲ့"

"ငါးမြွေထိုးမဟုတ်ရင်ဘာလဲ"

"ငါးမြွေထိုးဟဲ့. . . ငါးမြွေထိုး"

"အေးလေ. . . ငါးမြွေထိုးလို့ပြောနေတာပဲ"

ကျွန်တော်လည်း ကြားနေရသော စကားများကို ဂရုမစိုက်နိုင်ဘဲ ဆိုင်ကယ်ကို ပြန်ထူလိုက်သည်။ လူအများကလည်း ဈေးရောင်းဈေးဝယ်တောင် မလုပ်နိုင်ကြတော့ဘဲ ကျွန်တော်နှင့် ဆိုင်ကယ်ကို မျက်လှည့်ဝိုင်းသဖွယ် ဝိုင်းကြည့်နေကြသည်။

ကျွန်တော်ကလည်း ဆိုင်ကယ်ကို တက်ခွလိုက်သည်။ သို့သော် စက်တော့မနှိုးရသေး။ ပြေးပြေးလိုက်လာသော နွားမကြီး၏ အရိပ်အခြေကို ကြည့်ရသေး၏။

နွားမကြီး အတော်ဝေးဝေးရောက်မှ ဆိုင်ကယ်စက်ကို ပြန်နှိုးလိုက်သည်။

"ထုန်း. . . ထုန်း. . . ထုန်း"

ဆိုင်ကယ်စက်သံကြားသည်နှင့် ခုနခပ်ဝေးဝေးရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သော နွားမကြီးမှာ 'ငါတွေ့ပြီ'ပုံစံမျိုးနှင့် ဝမ်းသာတာ ဟုအော်တာ
ဒေါသတကြီး ချက်ချင်းပြန်ပြေးချလာ၏။

"ဟာ. . . ဟာ ဒီဟာမကြီးလာပြန်ပြီ"

သူရောက်လာသည်နှင့် ကျွန်တော်လည်း ဆိုင်ကယ်စက်နှ
သည်။ နွားမကြီးကလည်း အလိုက်သိစွာ ကျွဲခနဲဘရိတ်အုပ်သွား
သည်။

ပရိသတ်များကလည်း လူနှင့်နွားဖြစ်ပုံကို သဘောပေါက်ပြီ
တဟားဟားနှင့် အားပေးနေကြသည်။

နွားမကြီးက ဆိုင်ကယ်ကို တစ်ချက်နှစ်ချက် နမ်းရှုံ့ပြီ
ဆိုင်ကယ်ပေါ်မှ ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်လည်း ကြောက်
ရွံ့စိတ်နှင့် ငြိမ်နေရသည်။ နွားမကြီးက ချစ်ခင်ကြည်စယ်သည်
သဘောနှင့် ကျွန်တော့်မျက်နှာကို သူ့လျှာကြမ်းကြီးနှင့် ပလပ်ခန
တစ်ချက်လျက်လိုက်သည်။ ပြီးနောက် သူ့ချိုများနှင့် နံကြားကို အသာ
ထိုးသည်။

"သွား. . . လူဆိုး"ဆိုသည့်အထာ။ လူအများက ကျွန်တော်
နှင့်နွားကို ကြည့်ပြီး တဟားဟားရယ်ကြသည်။ အတော်ကြာမှ နွား
ကြီးက တစ်ဘက်ပြန်လှည့်သွားသည်။

နောက် ဆတ်ခနဲ ဆိုင်ကယ်ကို ပြန်လှည့်ကြည့်သည်
သူကြည့်လေ ကျွန်တော်တုန်တက်လေ ဖြစ်နေရသည်။ သူ့အကြည့်
သူခိုးဖမ်းသည့်သဘော။ သူ့မျက်လုံးများက ငါသိတယ်နော ဆိုသည့်
အရိပ်အယောင်။ တစ်လှမ်းနှစ်လှမ်း ဆက်လျှောက်သွားတာ ဆတ်ခနဲ
ပြန်လှည့်ကြည့်သည်။

"ဟေ့ကောင် မလှုပ်နဲ့၊ ငါမြင်တယ်"ဆိုသောအကြည့်
ကျွန်တော့်မှာလည်း ရှက်လွန်းမက ရှက်ရသော်လည်း ကြောက်လွန်း
မကလည်း ကြောက်နေရသည်။ လုံးဝမလှုပ်ရဲ။ တော်ကြာ လှုပ်မိ၍





နွားပြေးဝှေ့ပါက ငါးမြွေထိုးဘဝရနေရဦးမည်။ ပထမအကြိမ် နွားမ
တလော်ထုတ်ထားသည့် ဒဏ်က ခေါင်းတွင် ချိုကြီးသဖွယ် ဘုတစ်လုံး
ထွက်နေလေပြီ။ နောက်တစ်ဘုဆို ကိုယ်လည်း နွားဖြစ်ပေတော့မည်။

ထို့ကြောင့် ဆိုင်ကယ်ကို ခြေနှစ်ဘက်နှင့် အသာယက်၍
တွန်းရွှေ့လိုက်သည်။

နွားမကြီးက ဆတ်ခနဲဝှေ့ကြည့်၏။ ဖတ်ခနဲ ခန္ဓာကိုယ်ကို
တောင့်၍ ငြိမ်နေလိုက်ရသည်။ နွားမကြီးနှင့် ကျွန်တော်နှင့်အဖြစ်က
တလေးငယ်များ ကျောက်သေ၊ ကျောက်ရှင် ကစားနေသလိုမျိုး။

နွားမကြီးက မြေပြင်မှတစ်ခုခုကို ကောက်ဟပ်ပြီး ပြန်လှည့်
သွား၏။ ထိုတော့မှ ကျွန်တော်လည်း ခြေလှမ်းကိုအသာရွှေ့ရသည်။

နွားမကြီးက ဆတ်ခနဲပြန်ဝှေ့ကြည့်သည်။ ကျွန်တော်
ကျောက်သေ။

လူအများက လမ်းရှင်းပေးရင်း ကျွန်တော်နှင့် နွားကစား
နေသည်ကို လွတ်လပ်ရေးပွဲတော် ကစားပွဲသဖွယ် အသည်းတယား
ယား အားပေးကြသည်။

နွားမကြီးက ခပ်ဝေးဝေးသို့ ထွက်သွားရင်း ဆတ်ခနဲပြန်
လှည့်ကြည့်သည်။ ကျွန်တော် မလှုပ်ရဲသေး။ မည်သို့မည်ပုံ လုပ်ရမည်
မသိ။ ဆိုင်ကယ်ကိုလည်း ဒီအတိုင်းထားမသွားရဲ။ မောင်းလည်း
မောင်းမသွားရဲ။ မောင်းသွားရင်လည်း နွားအဝှေ့ခံရမည်။

နောက်မှ သတိရသွား၏။

"ပြောင်းဖူး ပြောင်းဖူးဆိုင်လင်ဆာ၊ ပုံပြောင်းစိုးဝင်း၏
ငါးစပ်ဖြစ်ပြောင်းဖူးဆိုင်လင်ဆာ"

ဒါလိုလို ဒီအသံထွက်နေတာ။ ဒီအသံထွက်နေလို့ ဒီနွားမ
ကြီးလိုက်ဝှေ့နေတာ။ အန္တရာယ်ကင်းအောင် ဒါပြန်တပ်ရမယ်။
ချက်ချင်းပင်သတိရပြီး ဆိုင်ကယ်ကို ဒေါက်ထောက်၍ အိပ်ထော



www.burmeseclassic.com

www.burmeseclassic.com



တပ်ထားသော ယခုပြုတ်ထွက်သွားပြီဖြစ်သော ပြောင်းဖူးရိုးကို ပြေးရှာလိုက်သည်။

"ဟင်"

ဘယ်မှာမှမတွေ့။

"ခုန ဒီနားတင်ပြုတ်ထွက်သွားတာပါ"

ပြောင်းဖူးရိုး ပြုတ်ထွက်သွားသော နေရာအတိအကျ မှတ်မိသော်လည်း ရှာမရ။ လူတွေကလည်း ဆိုင်ကယ်ကြီး လမ်းမပေါ် ရပ်၍ မြေပြင်ပေါ် တကုန်းကုန်း ရှာနေသော ကျွန်တော့်ကို အထူးအဆန်းသဖွယ် လိုက်ကြည့်ကြသည်။ ခုနကလည်း ဆိုင်ကယ်နှင့်နွားအခုကြတော့လည်း တစ်မျိုးလုပ်နေပြန်တော့ အံ့အားသင့်နေကြပုံရ၏။ ကျွန်တော်ကလည်း ကိုယ့်ဇောနဲ့ကိုယ်မို့ ဂရုမစိုက်နိုင်။ ဒီပြောင်းဖူးရိုးကြီး မရပါက ဆိုင်ကယ်က ဆက်မောင်းရန်မဖြစ်နိုင်။ ရလိုဇောနှင့် လမ်းဘေးချထားသော ဈေးဗန်းများပင် လှန်ကြည့်မိသည်။

"ဟဲ့. . . ဘာတွေလျှောက်လှန်နေတာပဲ"

"ကျွန်တော့်ပစ္စည်းလေး ပျောက်သွားလို့ပါ"

"နင့်ပစ္စည်းနင့်မှာရှိမှာပေါ့၊ ဘာလို့ သူများလိုက်လှန်နေတာလဲ"

"ဘာဖြစ်လဲဗျာ၊ ဈေးဗန်းလှန်တာပဲ"

"ဟဲ့. . . နင်လှန်တဲ့ဈေးဗန်းက လုံချည်နဲ့ငြိနေလို့ ပြောရတာဟဲ့ သေနာရဲ့"

ဩော် ဈေးသည်များကလည်းတစ်မျှော်။ ကိုယ်ချင်းစာစိတ်မရှိတာ။ အနီးနားလိုက်ရှာကြည့်သေးသည်၊ ဘယ်မှာမှမတွေ့။ နောက်မှ. . .

"ဟာ"

တွေ့ပြီ။ ကျွန်တော့်ဆိုင်ကယ် ဆိုင်လင်ဆာပြောင်းဖူးရိုးကြီးတွေ့ပြီ။ သို့သော် ထိုပြောင်းဖူးရိုးက ခုန ကျွန်တော့်ဆိုင်ကယ်ကို လိုက်ဝှေ့နေသော နွားမကြီးပါးစပ်ထဲမှာ။

နွားမကြီးက အရိုးသာရှိနေသော ပြောင်းဖူးရိုးကို စားမြုံ့ပြန်ပြီး ဝါးနေ၏။ ဤအချိန်ကြမှ ကိုယ့်ဆိုင်ကယ်အိပ်ဇောနှင့် ကိုက်သော ဆို့စရာက ရှာလို့လွယ်မည်မဟုတ်။ အဝတ်ဆို့ရမည်ဆိုလျှင်လည်း စောင်တစ်ထည်လောက်ဆို့မှ ရပေလိမ့်မည်။

ဘာလုပ်လို့လုပ်ရမှန်းမသိမီ နွားမကြီးပါးစပ်မှ ပြောင်းဖူးရိုးကြီးက ဖုတ်ခနဲ ပြုတ်ကျလာ၏။ ကျွန်တော်လည်း ဝမ်းသာသွားပြီး ပြောင်းဖူးရိုးကို ပြေးကောက်လိုက်သည်။ သို့သော် ဖြစ်ချင်တော့ ကျွန်တော့်လက် ပြောင်းဖူးရိုးပေါ် ရောက်လုရောက်ခင်မှာ နွားမကြီးက ဖတ်ခနဲ ပြန်ဟပ်သွား၏။ သူ့ခမျာလည်း ဘာမှစားစရာမရှိ၍ အာသာပြေ ကောက်ဝါးနေပုံရသည်။ ကိုယ့်စိတ်ထဲမှာတော့

"တောက်. . . အတော်သောက်ကျင့်ယုတ်တဲ့နွားမ၊ လူမှုရေးတိုမရှိဘူး"

ဟု စိတ်ထဲကြိတ် ကျိန်ဆဲနေမိသည်။ နွားမကြီးကတော့ ဘာမှမသိ။ ကျွန်တော့်ကိုလည်း မြင်ရော 'ဝမ်းဘော'ဟု တစ်ချက်ဝမ်းသာအားရအော်ပြီး သူ့နှာဖျားနှင့် ကျွန်တော့်ရင်ဘတ်ကို လာပွတ်နေသည်။ လူအများကလည်း ခုနကပင် ရန်သူသဖွယ် လိုက်ဝှေ့နေပြီး ယခုပြန်လည် ချစ်ခင်သင့်မြတ်နေသော ကျွန်တော်နှင့် နွားမကြီးတို့ တအံ့တဩ ကြည့်နေကြသည်။

"ဟယ်. . . သူတို့က အမျိုးတွေလားမသိဘူး"

"ဒါပဲဖြစ်မှာပေါ့၊ ကြည့်ပါလား ရုပ်ကလည်းခပ်ဆင်ဆင်"

"ဒါဆို ခုနကလင်မယားချင်း စိတ်အခန့်မသင့်ကြလို့ ရန်ဖြစ်ကြတာနေမှာပေါ့နော်"

စသည့် မှတ်ချက်များ ကြားနေရသည်။ ပြောလည်းပြောချင်

www.burmeseclassic.com



စရာ။

ကျွန်တော်ကလည်း နွားမကြီးကို ချစ်ချင်ယောင်ဆောင်ပြီး ဦးခေါင်းကိုပွတ်ကာ သူ့ပါးစပ်ထဲက ပြောင်းဖူးရိုးကို ဖြုတ်ယူရန် ကြိုးစားနေရသည်။ လူနှင့်နွား အားချင်းမမျှ၍ ဖြုတ်၍မရ။ တအား လည်းမလုရဲ။ လူတွေသိကုန်မှာကလည်း ကြောက်ရသေးသည်ကိုး။ ထို့ကြောင့် မသိမသာပင် ကြိတ်၍ဆွဲနေရသည်။ ဆွဲ၍မရ။

ထိုပြောင်းဖူးရိုးမှ ပြန်မရလျှင်လည်း ကျွန်တော့်ဆိုင်ကယ်က မောင်းရန်လွယ်မည်မဟုတ်။ နွားမ မလိုက်လျှင်တောင် ရပ်ကွက်သား များ ခဲနှင့်ဝိုင်းချလောက်သည်။ ယခုအချိန်ကြမှ တခြားဆို့စရာက လည်း ရှာ၍လွယ်မည်မဟုတ်။ ဘေးနားမှာကလည်း ငါးသည်ချည် ပဲရှိနေတာမို့ ငါးရံ့ဝယ်ဆို့လို့လည်း ဖြစ်မည်မဟုတ်။ ထို့ကြောင့် အကွက်ကောင်းကိုသာစောင့်၍ ပြောင်းဖူးရိုးကို အရယူရန် ကြံနေ သည်။

ကျွန်တော့်အကြံက နွားမကြီး ဝမ်းဘောဟုအော်ချိန်ကြ ပါးစပ်ထဲက ပြောင်းဖူးရိုး နှုတ်ပြေးရန်။

ထို့ကြောင့် နွားမကြီးကို အချိုသပ်၍ ကျောပွတ်နေရသည်။

"အော်လိုက်စမ်းပါသမီးရယ်"

"ဝမ်းဘော"

စောင့်နေသော အခွင့်အရေးပင်။ နွားမကြီးအော်သည်နှ ဖျတ်ခနဲ နွားမကြီးပါးစပ်ထဲမှ ပြောင်းဖူးရိုးကိုဆွဲကာ ဆိုင်ကယ်ဆီသို့ ဒုန်းစိုင်းပြေးလိုက်သည်။

"ရပြီ၊ ရပြီကွ၊ ဟား ဟား"

ကျွန်တော်၏ ဝမ်းသာအားရရယ်သံ။ နွားမကြီးက ရှတ်ထ ရက် ကြောင်နေသေးသည်။ နောက်မှ သူစားခွက်လုသွားမှန်းသိပြီ ကျွန်တော့်နောက် ဒုန်းစိုင်းလိုက်လာ၏။





သို့သော် မမီတော့။ ကျွန်တော် ပြောင်းဖူးရိုးကြီးကို အိပ်ဇော ဝစွပ်ပြီး

"အင်းဟာ. . . အင်းဟာ"

"ဖုန်း. . . ဖုန်း. . . ဖုန်း"

ဟုအော်ကာ ဖနောင့်နှင့် နှစ်ချက်သုံးချက် ကန်ပိတ်လိုက် သည်။ ပြောင်းဖူးရိုးက အိပ်ဇောဝနှင့်ကွက်တိ။

ဒါကိုတောင် နွားမကြီးက အိပ်ဇောထဲဝင်နေသော ပြောင်း ဖူးရိုးကြီးကို ကုန်းဟပ်သေး၏။ သို့သော် ပြောင်းဖူးရိုးက ကျွန်တော့် ဖနောင့်နှင့် အတင်းကန်ပိတ်ထားသည်မို့ တော်ရုံနှင့်ပြန်မထွက်။ နွားမကြီးက ထပ်ပြီးဆွဲကြည့်သည်။ မရတော့။

"ဟား. . . ဟား လွယ်လွယ်နဲ့ရရိုးလားကွ၊ ဗိုလ်လုပ်ချင် တယ်ဆိုရင် ကိုယ်ပိုင်ပြောင်းဖူးရိုးရှာထားရတယ်ကွ၊ မှတ်ထား"

ကျွန်တော်လည်း ရသည့်အခွင့်အရေးကို အသုံးချကာ ဆိုင်ကယ်ပေါ်တက်၍ စက်နှိုးလိုက်သည်။

"ဗိုး. . . ထုတ် ထုတ် ထုတ်"

ပြောင်းဖူးရိုးကောင်းမှုကြောင့် စက်သံက ညက်ညက် တလေး။ နွားမကြီးက လျှာနှင့်သပ်ပြီး ပြောင်းဖူးရိုးကို ဆွဲထုတ်ရန် အားထုတ်နေသည်။ ပုံပြောင်းစိုးဝင်း ကောင်းမှုကြောင့် ပြောင်းဖူးက အိပ်ဇောထဲ ကွက်တိညှပ်နေပြီမို့ သူ့လျှာအားကိုးလောက်နှင့်မရနိုင်။

ထုံးစံအတိုင်း နေရာချိန်း၍ ဂီယာထိုးလိုက်သည်။ နေရာပြန် ရွေ့၍ လီဗာဆွဲလိုက်သည်။

"ဝေါ. . . ထုတ် ထုတ် ထုတ်"

ဆိုင်ကယ်က ညင်ညင်သာသာလေး ထွက်သွား၏။ လူအများက ကျွန်တော့်ကို ငေးကျန်ခဲ့လေသည်။

"ဟဲ့. . . ဒီလိုတော့လည်းအဟုတ်သား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . သူမေးစေ့က ဘယ်ရောက်နေတာလဲ"

"အေး. . . ငါလည်း အဲဒါစဉ်းစားနေတာ၊ တစ်နေရာရာတော့ ရှိမှာပေါ့"

ပုကျိုပုကျိုအသံများ ပျံ့လွင့်နေသည်။

ဈေးကိုကျော်လေပြီ။

ညိမ့်ညိမ့်ညောင်းညောင်း ညင်ညင်သာသာနှင့် စတိုင်လ်ကျနေသော ကျွန်တော့်ကို လူအများက ငေးကြည့်နေကြသည်။ ဂရုမစိုက်နိုင်သောသူများက. . .

"ဟာ. . . ဟိုမှာကြည့်စမ်း"

"ဟင်. . . ထူးဆန်းလှချည်လား"

ဟူသော အာမေဋိတ်သံများပင် ကြားလိုက်ရ၏။ ကျွန်တော်ကတော့ ဆီတိုင်ကီဝ မေးစွပ်ထားရ၍ လှည့်မကြည့်နိုင်အား။ သို့သော် လူတိုင်း ကျွန်တော့်ကို လေးစားအားကျစွာ ငေးကြည့်နေကြကြောင်းတော့ သိသည်။

"ဟေ့. . . ဟေ့ ဟိုမှာကြည့်စမ်း၊ ဟိုမှာကြည့်စမ်း ဟီဟိ"

ကျောင်းသွားနေသော ကလေးတစ်အုပ်က လက်ညှိုးထိုးရင်းပြောသည်။ ကျွန်တော့်ကိုကြည့်၍ ကျန်ကလေးများက ဝိုင်းရယ်ကြသည်။

"အေးဟေ့. . . အထူးအဆန်းပါပဲ"

သူတို့ရယ်သံကြောင့် ကျွန်တော့်စိတ်ထဲ မသက်မသာဖြစ်သွားရသည်။ မေးစေ့ကြောင့်များလား။ ဒါမှမဟုတ် ပုံသဏ္ဌာန်ကိုအားကျတာလား။

"ဘာပါလိမ့်"

"တစ်ခုခုတော့ တစ်ခုခုပဲ"

ဒါတော့သိသည်။ သို့သော် ဤဆိုင်ကယ်ပေါ် ထုန်းကုန်းတွကြီး ပါလာ၍ အနောက်ပြန်လှည့်၍မရ။ လက်ကြီးနှစ်ဘက် အပေါ်ထောင်မြှောက်ထားရ၍ ခေါင်းကလှည့်၍မလွယ်။ မတတ်သာသည့်အဆုံး ဖင်ကြွ၍သာ ပေါင်နှစ်လုံးကြား ခေါင်းစိုက်၍ လှမ်းရှိုးလိုက်ရသည်။

"ဟင်"

"နွား"

ဆိုင်ကယ်နောက် လေးဖက်ကျကျကြီး ပြေးလိုက်လာသော နွားမကြီး။ နွားမကြီးမြင်တော့ အံ့အားသင့်သွားရသည်။ အရှေ့က ဆိုင်ကယ်၊ အနောက်ကနွားကြီးမြင်တော့ အားလုံးထူးဆန်းပြီး ဝိုင်းကြည့်နေကြောင်းကိုတော့ သိလိုက်ရသည်။

"တောက်. . . ဒီနွားမကြီး ဘာလို့လိုက်လာပါလိမ့်"

ဒါကြောင့် လူတွေဝိုင်းရယ်နေကြတာ ဖြစ်ပေလိမ့်မည်။ ရှက်စိတ်နှင့်အတူ ဆိုင်ကယ်ကို ကျွိခနဲရပ်လိုက်သည်။

အနောက်မှ နွားမကြီးကလည်း ဆိုင်ကယ်နည်းတူ ကျွိခနဲရပ်သွားသည်။

လှည့်ကြည့်လိုက်တော့ အိပ်ဇောဝက ပြောင်းဖူးရိုးကို တုန်းဟပ်နေပြန်သည်။

ထိုတော့မှ ကျွန်တော်အဖြေရှင်းသွားသည်။ အတော်ဖွဲ့ကြီးတဲ့ နွားမကြီးပေပဲ။

တောက်. . . သူ့ပါးစပ်ထဲက ပြောင်းဖူးရိုးလုပြီး ဆိုင်ကယ်အိပ်ဇောဝ ထိုးသိပ်ထည့်ထားတော့ မကျေမနပ်နှင့် လိုက်လာတာကိုး။

ကျွန်တော့်မှာလည်း ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိတော့။ ထိုပြောင်းဖူးရိုးကြီး ပေးလိုက်လျှင်လည်း ဖြစ်ပေါ်လာသည့် ဆိုင်ကယ်သံကြောင့် သူ့စျေးခြင်းခံရမည်။ မပေးပြန်လျှင်လည်း မရမချင်း ဤသို့



www.burmeseclassic.com

www.burmeseclassic.com



ပင် ရွဲနဘဲကြီးစွာ တကောက်ကောက်လျှောက်လိုက်နေနိုင်သည်။

နံဘေးမှာလည်း ထိုးစရာဘာမှမရှိ။ တရုတ်စကားပင် ပေါက်ပင်တော့ တွေ့သည်။ ခိုးချိုးပြီးထိုးလျှင် ကောင်းမလား။ ပိုင်ရှင် တွေ့သွားလျှင် ချောင်မည်မဟုတ်။ တရုတ်စကားပင်က ယိုးဒယား တွင် ဈေးကောင်းနေသည်။ ကြောင်တစ်ကောင်ဖြတ်ပြေးသွားတာ မြင်ရ၏။ ဒီအကောင်နှင့်လည်း အဆင်ပြေမည်မဟုတ်။ ကြောင်က အနည်းငယ်ဝနေ၏။

"ပြောင်းဖူးပြုတ်ပူပူလေး"

ကြားလိုက်ရသောအသံက တစ်သက်နှင့်တစ်ကိုယ် မင်္ဂလာ အရှိဆုံးအသံ။ ထိုအချိန်၌ ထိုအသံကြားလိုက်ရသည်က လူကို ကြက်သီးဖြန်းဖြန်းထစေသည်။

"ပြောင်းဖူးပြုတ်လာပါဦး"

ကျွန်တော်၏ ဝမ်းသာအားရခေါ်သံ။ ပြောင်းဖူးပြုတ်သည် က ပျော်ပျော်ပင် လှမ်းလာ၏။

"ဘယ်နှဖူးယူမှာလဲ"

ပြောင်းဖူးသည်က မေးရင်း ပြောင်းဖူးတောင်းချ၏။

"တစ်ဖူးထဲပါ နွားကျွေးမလို့"

"ဘာ"

ပြောင်းဖူးသည်က မျက်လုံးပြူးပြီး ထအော်သည်။

"ဟိုလေ. . . ကျွန်တော်လည်းစား၊ သူလည်းစားပေါ့ ဟီးဟီး"

ပြောင်းဖူးသည်က ကျွန်တော့်တစ်လှည့်၊ နွားမကြီးတစ်လှည့် ကြည့်သည်။ နွားမကြီးကတော့ ကျွန်တော်တို့ကို စိတ်မဝင်စားဘဲ အိပ်ဇောထဲဝင်နေသော သူ့ပြောင်းဖူးကြီးကို ကုန်းဟပ်နေသည်။

"ရော့"





ပြောင်းဖူးသည်မှ အကြီးဆုံးအဖွံ့ဆုံး ပြောင်းဖူးတစ်ဖူး ရွေးပေး၏။ ကျွန်တော်လည်း သူကမ်းပေးသောပြောင်းဖူးရိုးကို လှမ်းယူပြီး. . .

"ဟော့. . . ဟော့ ဒီမှာရော့"

ဟု နွားမဖက် လှည့်ပေးလိုက်သည်။ ပြောင်းဖူးသည်က လူ အရင်မစားဘဲ နွားအရင်ကျွေးနေသောကြောင့် ကြောင်ကြည့်နေ သည်။

နွားမကြီးက ကျွန်တော်ကမ်းပေးသော ပြောင်းဖူးကြီးကို ကြည့်ပြီး 'ဝမ်းဘော'ဟု တစ်ချက်အော်ကာ အိပ်ဇောဝက သူ့ပြောင်း ဖူးရိုးသာ ပြန်ကုန်းဟပ်နေသည်။ နွားမကြီးအပြုအမူကြောင့် ကျွန်တော် အတော်စိတ်လေသွား၏။

"ဩော်. . . ဒီနွားမကြီးကတော့ အဲဒါအသားမပါဘူး၊ ဒီမှာအသားပါတယ်"

သူ့ချိုကိုဆွဲ၍ လက်ထဲက ပြောင်းဖူးဝဝကြီးကို မြကြည့် သည်။ နွားမကြီးက လုံးဝစိတ်မဝင်စားဘဲ အိပ်ဇောဝက သူ့ပြောင်းဖူးရိုးဟောင်းဆီသာ ပြန်လှည့်သွား၏။

"လုပ်ပါဟာ. . . ဒါလေးကချိုပါတယ်၊ ဒါလေးပဲစားပါ လား အမျိုးရယ်"

ကျွန်တော်က နွားကို အတင်းချော့ကျွေးသည်။ နွားမက ကျွန်တော့်ပြောင်းဖူးကို လုံးဝစိတ်မဝင်စား။

"လုပ်ပါဟယ်. . . ဒါလေးစားပါဟယ်၊ လိမ္မာပါတယ် ဆိုနေမှ"

နွားက ကျွန်တော့်ပြောင်းဖူးကြီးကို လှည့်ပင်မကြည့်။ ကြာတော့ ပြောင်းဖူးသည်က စိတ်မရှည်နိုင်တော့ရောထင့်။

"ဒီမှာဟိုလူကြီး ကိုယ့်အမျိုးကိုယ် ချော့ကျွေးချင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်မှ အေးအေးဆေးဆေး ချော့ကျွေး။ ပြောင်းဖူးဖိုးပေး တော့ ကျုပ်ကလှည့်ရောင်းရဦးမှာ၊ ဈေးကရောင်းမကောင်းရတဲ့ အထဲ သင်းတို့ကတစ်မျိုး"

သူလည်း ကျွန်တော်နှင့် အချိန်တွေ အလဟသကုန်နေ၍ ဒေါသထွက်နေပြီထင်သည်။ ကျွန်တော်ကလည်း ကိုယ့်ဇောနှင့်ကိုယ်မို့

"ပေးမှာပေါ့ဗျာ၊ ဒီမှာ ကျွန်တော်လည်း ချော့ကျွေးနေရတာ မမြင်ဘူးလား"

"ဟဲ့. . . ကျုပ်ပြောပြီးပြီလေ၊ ချော့ကျွေးချင်လည်း အိမ်ရောက်မှချော့ကျွေး၊ အခု ကျုပ်က ဈေးလည်ရောင်းရဦးမှာ"

ကျွန်တော်လည်း ဘာလုပ်လို့လုပ်ရမှန်းမသိ။ နောက်မှ သတိရပြီး. . .

"ဒါဖြင့်လဲခဏနေ"

ဆိုကာ နွားမကြီး တွန်းဖယ်ပြီး အိပ်ဇောဝမှပြောင်းဖူးရိုးကို ခြေကန်ချွတ်လိုက်သည်။ ပြီးနောက် နွားမကြီးပါးစပ်တေ့ပြီး

"ဟော့. . . ဟာမကြီး၊ ရော့ ဒီမှာနင့်ပစ္စည်း"

ဆိုကာ ထိုးထည့်ပေးလိုက်သည်။

"အဟုတ်ဟ"

သူ့ပြောင်းဖူးရိုးလည်း ပြန်ရရော နွားမကြီးက 'ဝမ်းဘော' ဟု ဝမ်းသာအားရ တစ်ချက်အော်ကာ ငြိမ့်ငြိမ့်ကလေး ပြန်ထွက်သွားတော့သည်။ ထိုတော့မှ ကျွန်တော်လည်း လုပ်စရာရှိသည့် အလုပ်ဆက်လုပ်ဖြစ်တော့သည်။

ပြောင်းဖူးကြီးယူကာ အိပ်ဇောဝတေ့ကြည့်၏။

"အင်း. . . ဒီကောင်ကြီးဆို စားပြီးရင်တောင် အိပ်ဇောထဲဝင်မှာမဟုတ်ဘူး"





"ဒါမယူဘူး။ ဒီထက်သေးတာ နောက်တစ်ဖူးပေး"

ပြောင်းဖူးသည်က နည်းနည်းသေးတာ တစ်ဖူးကမ်းပေး ၏။ ကျွန်တော် အိပ်ဇောဝကပ်ကြည့်သည်။

"ဟင်. . . ဒါက သိပ်သေးသွားပြီ၊ မရဘူး၊ ဒီထက်နည်းနည်းလေးကြီးတာပေး၊ နည်းနည်းလေးကြီးရင်ကို ရပြီ"

"ဒီမှာ"

ပြောင်းဖူးသည်အော်သံ။ ကျွန်တော် ပြောင်းဖူးကြီးကိုင်ပြီး သူ့ကိုပြန်ကြည့်မိသည်။

"ခုနကတော့ ပြောင်းဖူးကြီးကို နွားကျွေးပြီး အခုနွားမရှိတော့ ဆိုင်ကယ်ကို ပြောင်းဖူးကျွေးနေပြန်ပြီ။ အဲဒါဘာလုပ်တာလဲ။ ရှင်ပဲချောင်နေတာလား၊ ကျွန်မကိုပဲ ကျပ်နေတာလား"

ပြောင်းဖူးသည်က ထအော်သည်။ ဟုတ်လည်းဟုတ်သည်။ နွားတစ်လှည့် ဆိုင်ကယ်တစ်လှည့် ပြောင်းဖူးကျွေး နေသည်ကိုကြည့်ပြီး ဒီကောင် တော်တော်တော့ 'ကောင်းနေပြီ'ဟု ထင်နေပုံရ၏။

"ဟာ. . . မဟုတ်ပါဘူးဗျာ၊ ကိုယ့်အလုပ်ကိုယ်လုပ်နေတာပါ၊ ပေး ပေး ဟိုတစ်ဖူးပေး"

"ရော့"

ပြောင်းဖူးသည်က လက်ထဲကိုင်ထားသော ပြောင်းဖူးကို ဆောင့်ကြီးအောင့်ကြီး ထိုးထည့်ပေးသည်။

"ဟင်"

ပြောင်းဖူးရိုးက ချောင်ပြီး အိပ်ဇောထဲကို ဖလွတ်ခနဲ ဝင်သွား၏။

"ဟာ. . . သွားပြီဟ"

ထိုတော့မှ ပုံပြောင်းစိုးဝင်း၏စေတနာကို အပြည့်အဝကြီး နားလည်နိုင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ဖူးပေးဦး၊ နည်းနည်းကြီးတာပေး"

"ရော့. . . တော်ပြီလား၊ တော်ပြီဆိုသွားတော့မယ်၊ ကျွစ်က မုန့်လုပ်ဆောင်းသည်တွေလိုမဟုတ်ဘူး စားအပြီး ပန်းကန် အသိမ်းကို စောင့်နေနိုင်တာမဟုတ်ဘူး၊ လိုချင်ထပ်ယူထား၊ ဒါပဲ"

ပြောင်းဖူးသည်၏စကား ကျွန်တော်လည်း မသေချာမှာစိုး၍ ပြောင်းဖူးနောက်သုံးဖူး ဆောင်ထားလိုက်သည်။

"ရော့. . . ဒီမှာလေးဖူးဖိုး"

"ကျန်းမာပါစေ၊ ချမ်းသာပါစေတော်၊ တကတည်း ဆိုင်ကယ်ကို ပြောင်းဖူးကျွေးတဲ့လူ ဒီတစ်ယောက်တွေ့ဖူးတယ် လိပ်ကို ဆေးလိပ်တိုက်ရင်မှဟုတ်သေး"

ပြောင်းဖူးသည်က ဆုတွေတသီကြီးပေးပြီး ထွက်ချသွား၏။

ကျွန်တော်လည်း လမ်းဘေးထိုင်ပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်သည်။ အလုပ်ကား အလုပ်ကြီး။ အိပ်ဇောဝနှင့် တော်သော ပြောင်းဖူးထိုင်စားနေခြင်းပင်။ ဤသည်ကလည်း လွယ်ကူလှသော အလုပ်တော့မဟုတ်။ အစေ့များဖုံးနေ၍ အတွင်းမှပြောင်းဖူးရိုးကို မမြင်ရ၍ ဖြစ်နိုင်ချေရှိသည်များကို စိမ်ပြေနပြေ ချိန်စားနေရသည်။ အရိုးက အနေတော်ဖြစ်ပါလျက် သွားကလွန်၍ ကိုက်မိပြန်လျှင်လည်း အရွယ်ကတော်တော့မည်မဟုတ်။ ထို့ကြောင့် အပြစ်အနာအဆာမရှိအောင် မနည်းချိန်စားနေရလေသည်။

ကလေးမဟုတ် သူငယ်မဟုတ်နှင့် ဆိုင်ကယ်အိပ်ဇောဝကို တစိမ့်စိမ့်ကြည့်ပြီး ပြောင်းဖူးထိုင်စားနေသော ကျွန်တော့်ကို လူအများက တအံ့တသြကြည့်သွားကြသည်။

နှစ်ဖူးမြောက်စားပြီး ဗိုက်အတော်တောင့်မှ အိပ်ဇောဝ နှင့် အရွယ်တော် ပြောင်းဖူးရိုးတစ်ခု သန့်သန့်ကို ရရှိလေသည်။

"ကွက်တိ"စိုးဝင်းပြောင်းဖူးထက်တောင် ပိုညီသေး။



ပိုမိုတင်းကြပ်စေရန် ပြောင်းဖူးရိုးကို ဖနောင့်နှင့် နှစ်ချက်သုံးချက်ဆင့်ကန်ထည့်လိုက်လေသည်။

"အင်းဟာ. . . အင်းဟာ ဒီလောက်ဆို ကျွတ်နိုင်တော့ရိုးလား"

"ဟား. . . ဟား"

မိမိ၏အောင်မြင်မှုကိုပင် ပီတိဖြစ်နေမိသည်။

"ပြီးပြီ၊ နွားမလည်းရှင်းပြီ၊ ဆိုင်ကယ်သံလည်း ညက်သွားပြီ ဘယ်ကိုခြေဦးလှည့်ရပါ့"

မပါမဖြစ် မျက်မှန်နက်ကြီးကိုတပ်ပြီး သွားစရာလမ်းရှာလိုက်သည်။ တောင်ပေါ်ဘက်သွားရမလား၊ မြစ်ဘက်ပဲ ခြေဦးလှည့်ပြီး လေညှင်းခံလျှင် ကောင်းမလား။ မြို့ထဲဘက်ပဲ ရွှေ့မလား ဘယ်သွားသွားရနေပြီ။ အိပ်ဇောနှင့်ကိုက်အောင် ပြောင်းဖူးစားထားသည့်အတွက် ဗိုက်ကလည်း တင်းနေပြီ။ ဘာလုပ်လုပ် တင့်တယ်သည့်အနေအထား။

"ဟုတ်ပြီ. . . ချစ်သူဆီ ခြေဦးလှည့်ရမယ်"

အပျော်လွန်ပြီး ဆိုင်ကယ်ပေါ် တက်ခွလိုက်သည်။ ပြီးနောက် စက်ကိုနှိုး၍

"ဝိုး. . . ထုတ် ထုတ် ထုတ်"

ဆိုင်ကယ်စက်သံက ညက်ညက်ကလေး။


ဂီယာထိုးလိုက်သည်။ စတိုင်လ်ကအကျ။ မေးစေ့က ဆီတိုင်ကီထဲမှာ။

xxxx

www.burmeseclassic.com

www.burmeseclassic.com





အမှန်တော့ ချစ်သူဟုသုံးလိုက်ရသော်လည်း ထိုကောင်
လေးမှာ ကျွန်တော်နှင့် လုံးဝကိုမပတ်သက်။ ကိုယ်ကသာ တစ်ဖ
သတ်ကြိတ်ပိုးနေ၏။ သူက သိတောင်သိမည်မထင်။

သူမ၏အမည်မှာ ယဉ်ယဉ်ချိုဖြစ်ပြီး ကျွန်တော်တို့နှင့် မ
သော ရပ်ကွက်တစ်ခုတွင် ကွမ်းယာရောင်းပါသည်။ (အချစ်သ
အမှန်ဟာရားထဲတွင် ကျွန်တော်ရေးဖူးပါသည်။)

ကွမ်းယာရောင်းသည်ဟုဆိုငြား အထင်တော့မသေးလိုက်
နှင့်။ သူမ၏ဆိုင်ကလေးတွင် မုန့်မျိုးစုံနှင့် လူသုံးကုန်အတော်များမျ
ရသော မီနီစတိုးဆိုင်လေးသဖွယ်ပင်။ ထိုထက်ပိုထူးခြားသည်
ကာလသားများ စုဝေးရာအရပ်ဟုဆိုလျှင်ပင် မှားနိုင်မည်မထင်

သူ့ဆိုင်ကလေးက လူစည်ကားရာအရပ်၌ တည်ရှိသ
အပြင် ကိုကိုကာလသားများအကြိုက် ကွမ်းယာအပြင် ယဉ်ယဉ်





သော ကွမ်းယာရောင်းသော မိန်းမလှလေးကို အခမဲ့ကြည့်ရှုခွင့်ရ
း ဆိုင်ကယ်ပွဲစားတန်းဟု အချို့ကလည်း သမုတ်ကြရအောင်
ိုင်ကယ်ကား ပေါများလွန်းလှပေသည်။

ယခင်ကတော့ ဆိုင်ကယ်မရှိဘာမရှိနှင့်မို့ မျက်နှာငယ်ရ
ည်ကတစ်ကြောင်း၊ သွားရလာရခက်ခဲသည်က တစ်ကြောင်းတို့
ကြာင့် တော်ရုံမရောက်ဖြစ်။ ယခုတော့ မိမိ၌လည်း ခြေနင်းစကြာ
ဖွယ် ဖုတ်သွင်းရထားကြီး ရှိနေပြီမို့ ရဲရဲဝံ့ဝံ့ ခြေဦးလှည့်၍ရပေပြီ။

မိမိဖုတ်သွင်းရထားကလည်း နှယ်နှယ်ရရ ဖုတ်သွင်းရထား
တ်။ တော်ရုံတန်ရုံ ကျန်းမာရေးလောက်နှင့်တော့ အကြောတက်
သွားလောက်အောင် ခန့်ထည်သော ဖုတ်သွင်းရထားကြီးပင်။

"ဂလောက်"

ဂီယာလှမ်းချိန်းလိုက်သည်။ ဆိုင်ကယ်က အရှိန်တက်
တာ။ သို့သော် ကိစ္စမရှိ။ အဓိကသွားနေဖို့သာလို၏။

ယဉ်ယဉ်ချိုတို့ဆီရောက်နိုင်သော လမ်းနှစ်လမ်းရှိသည်။
စ်လမ်းက မြို့တွင်းလမ်း။ တစ်လမ်းက မြို့ပြင်တောင်ပေါ်လမ်း။

မြို့ပြင်တောင်ပေါ်လမ်းက ဘုန်းကြီးကျောင်းများ မြောက်
းစွာဖြင့် စီတန်းနေ၍ လူသွားလူလာ ပြတ်လပ်လှသည်။

မြို့တွင်းလမ်းကတော့ မြို့ငယ်တို့၏ထုံးစံအတိုင်း ဖြိုးတိုး
ျက်တောက် စည်ကားလျက်။

"ဟုတ်ပြီ. . . မြို့တွင်းလမ်းကသွားမယ်၊ အပြန်ကျမှ တောင်
ါ်လမ်းကပြန်မယ်"

ဆုံးဖြတ်ချက်ချလိုက်သည်။ အခြားတော့မဟုတ်။ မြို့ပြင်
မ်းကသွားလျှင် ကိုယ့်ဆိုင်ကယ်က တောင်ပေါ်ကုန်းမြင့်ပေါ်
တ်နိုင်မနိုင်က မသေချာ။ ယခုတောင် ရပ်ရှင်များထဲက စလိုးမိုး
းသဖွယ် ဆိုင်ကယ်က ဖြည်းညင်းစွာ တစ်ဘီးချင်းလှိမ့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားသမားပင် ကျော်တက်ပြီး ပြန်ငေးသွား၏။

မြို့တွင်းလမ်းက သွားလျှင်တော့ လူရှုပ်တာတော့ မှန်၏
သို့သော် ကုန်းတက်ကုန်းဆင်းက သိပ်မများ။ လူအများဝိုင်းကြည့်
ဝိုင်းငေးခြင်းပင် ခံရနိုင်သေး၏။ ကိုယ့်ဆိုင်ကယ်ရဲ့စတိုင်လ်
ကိုယ်တိုင်ယုံကြည်သည်။ ကိုယ်လက်နာခြင်း၊ မေးစေ့စိုခြင်းမှလွဲ၍
အားလုံးအမိ။ ဆီတိုင်ကီထဲစွပ်ထားသော မေးကလည်း ဆိုင်ကယ်ခို
ဆောင့်တိုးဆီလာလာတက်ရိုက်၍ အေးခနဲ အေးခနဲ။ ဒါကိုက ဖိုး(လ
တစ်မျိုး။ ထိုအရသာမျိုး ဆီဆိုင်မှာ ဆီထည့်နေသူပင် ကြုံဖူးလိ
မည်ဟုတ်။ ချိုင့်ဆောင့်ခြင်းရန်မှ ကာကွယ်ရအောင်ကလည်း ကိုယ
တိုင်က အရှေ့ကို ကောင်းကောင်းမမြင်ရသည်ကတစ်ကြောင်း
ဆိုင်ကယ်လက်ကိုင်ကလည်း ဆိုင်ကယ်ဘီးနှင့် မလိုက်အော
သေးငယ်နေသည်မို့ ဝိတ်ကမမျှဘဲ ဘေးရှိ အလွယ်တကူ ချိုးကွေ့
မရ။ သို့သော် ကိစ္စမရှိ။ ချိုင့်အဆောင့်ခံ၍ကို မောင်းနေမိသည်
မေးစေ့ဆီအစိုအေးခနဲ အေးခနဲကို အရသာတွေ့လွန်းလို့။

"ထုတ်. . . ထုတ်. . . ထုတ်. . . ထုတ်"

ဆိုင်ကယ်စက်သံက ညက်ညက်လေး။ မီးခိုးလုံးကြီးကထေ
သွားလေရာ အူလိုက်နေသည်။

ရန်ကုန်က စတိတ်ရှိုးများတွင် ဒီဆိုင်ကယ်သွားရောင်းလျှ
ဈေးအတော်ရနိုင်သည်။ သူတို့ခမျာ အဆိုတော်တစ်ယောက်ထွ
လျှင် မီးခိုးရအောင် စက်နှင့်မှုတ်ရတာအမော။ သည်လိုဆိုင်ကယ်
တစ်စီးရှိက ပြီးပြီ။ မီးခိုးလိုချင် စက်နှိုးလိုက်ရုံ။ ကောက်ရိုးပုံတ
မီးတင်ရှို့တာလောက်တော့ အသာလေး။

"အောင်မာ. . . စီးပွားတောင်ဖြစ်နိုင်သဟ၊ လူယုံကော
ကောင်းရှိလျှင် မြို့တက်ရောင်းစားဦးမှပဲ"

ကိုယ့်စိတ်ကူးနှင့်ကိုယ် သဘောတွေကျနေ၏။ ဟုတ်သ





လေ မီးခိုးမှုတ်စက်များ အကုန်အကျခံသုံးနေမည့်အစား ဒီလို
ဆိုင်ကယ်မျိုး သုံးမှာပေါ့။ ဒါဆို တစ်ခါဝယ်ပြီး ရာသက်ပန်သုံးပေ
လိမ့်မည်။ များများသုံးချင် များများမောင်း။ ထွက်လိုက်မဲ့မီးခိုး၊
မှိုက်ကွတ်မီးလောင်တယ်တောင် ထင်ရမယ်။

ရာမယဏကလို့မှ ဒဿဂီရိကြီး ကောင်းကင်ကပျံဆင်း
လေား။ ဆိုင်ကယ်ဘေး ပန်းပြားများကပ်ပြီး မတ်မတ်ကြီး မောင်း
ဆင်းလာရုံ။ မီးခိုးတအူအူနဲ့ ဘယ်သူများ ဇာတ်ရုံထဲ မီးတုတ်ပစ်ထည့်
သွားပါလိမ့်လို့ကို မေးယူရမည်။ ဘက်စုံကောင်းမွန်သည့် ဆိုင်ကယ်
ကြီး။ မသကာ ဆုပေးလျှင်တောင် ကမ္ဘာ့ဆိုင်ကယ်ဆု ဒီကောင်ကြီး
ရသင့်၏။ ကိုယ့်အတွေးနှင့်ကိုယ် ပီတိတွေဝေနေလေပြီ။ ပန်းများပင်
ပွင့်။

"ဝှီး. . . ထုတ် ထုတ် ထုတ်"

ဟော. . . တွေးရင်းတွေးရင်း ယဉ်ယဉ်ချိုတို့ဆိုင်နားတောင်
ရောက်တော့မည်။ လမ်းထဲဝင်လိုက်သည်နှင့် ရှိနေသမျှ ဆိုင်ကယ်
သမားများ ကျွန်တော်နှင့် ဆိုင်ကယ်ကြီးကို ငေးကြည့်နေကြသည်။

အတဲခတ်သည့်သဘောမဟုတ်ဘဲ ပြူးတူးပြဲတဲကို အငမ်းမရ
ဆိုက်ကြည့်နေကြခြင်းသာ။

ကျွန်တော် သူတို့ကို ဂရုမစိုက်ဘဲ ခပ်တည်တည်နှင့်
ယဉ်ယဉ်ချိုဆိုင်ရှေ့ ဆိုင်ကယ်ထိုးရပ်လိုက်သည်။

"ဝှီး. . . ထုတ် ထုတ်. . . ထုတ်"

"ဂလောက်. . . ဂလောက်"

"ညွန့် ညွန့် ညွန့်"

အသံမျိုးစုံနှင့်အတူ ဆိုင်ကယ်ကြီးရပ်သွား၏။ မီးခိုးက
ပြယ်သေး။ နံဘေးနားက ဘိန်းမုန့်သည်က သူ့ယပ်တောင်နှင့် မီးခိုး
များ ယပ်ခပ်ပေး၏။ မီးခိုးက လွင့်ခနဲ ပျံ့ခနဲ။



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးအရှင်း၌ ကွက်တိ လူက ဆိုင်ကယ်ပေါ်မှ ကုန်းထဖို့ လုပ်ပါသည်။ သို့သော် ဆီတိုင်ကီထဲ ဒင်ပြည့်ကျပ်ပြည့် ပြည့်ဝင်နေသော မေးစေ့က ရုတ်တရက်ထုတ်မရ။

"ဖုန်"

မြေပြင်ကိုယက်၍ အားကုန်ခြေကန်ရုန်းမှ ဆီတိုင်ကီထဲမှ မေးစေ့မှာ လွတ်လွတ်ကျွတ်ကျွတ်ကြီး ခုန်ထွက်လာလေ၏။

အားလုံးက ဂျိန်းစဘွန်းမင်းသားသဖွယ် ခန့်ညားနေသော ကျွန်တော့်ကို ငေးကြည့်နေကြလေသည်။ ကျွန်တော်ကလည်း ရှောင်ကွန်နရီထက် လုံးဝမလျှော့သော အိုက်တင်နှင့် ဆိုင်ကယ်ပေါ်မှ ဖြည်းညင်းစွာ ဆင်းလိုက်သည်။

"စီးကရက်တစ်လိပ်ပေးပါ"

ယဉ်ယဉ်ချိုဆီက လှမ်းတောင်းလိုက်သည်။ ခါတိုင်း ကွမ်းစားနေကြဖြစ်သော်လည်း ကွမ်းမစားဖြစ်။ အများအမြင်တွင် မြန်မာဆန်သွားပေလိမ့်မည်။ ကွမ်းသွားနှင့် ဤဆိုင်ကယ် လုံးဝမလိုက်။

ဆေးလိပ်ကမ်းပေးစဉ် ယဉ်ယဉ်ချို ဘာကြောင့် ရှက်ကိုးရှက်ကန်းဖြစ်နေသည်ကိုတော့ မပြောတတ်။ သေချာတာကတော့ ဂျိမ်း(စ်)ဘွန်းမင်းသားနှင့် ဆုံတွေ့ရသော မိန်းမချောလေးများလိုပင် ရုပ်သွင်အညှို့ခံလိုက်ရပြီထင့်။ ကိုယ့်ရုပ်ကိုယ်ယုံသည်။ တော်သလင်းလ၌ မြိုင်ထချင်သော ခွေးသူခိုးရုပ်။ 'ဒီရုပ်ကိုကြွေတာ'။

သိပြီ။ အားလုံးမကြွေလျှင်တောင် ထက်ဝက်မကတော့ သူငယ်မ ကြွေရှာပြီ။

ဟန်ပါပါ စီးကရက်သောက်ပြီးသည်နှင့် တစ်ခါတည်း ခိုးရ လိုက်နိုင်သည့် အနေအထား။

"အင်း. . . သူတစ်ခါထဲလိုက်လာရင် ငါ ကျန်းမာရေး ကောင်းပါ့မလား"



မဆီမဆိုင် တွေးမိသေး၏။ နောက်မှ. . . မီးခြစ်ကိုထုတ်ခြစ် လိုက်ရာ. . .

"ထောက်"

"ဝုတ်. . . ဟုတ် ဟုတ်"

မေးစေ့ကာပူခနဲ. . .

"မီး. . . မီး"

"ဟာ. . . ဟာ မေးစေ့ကြီး မီးလောင်နေသဟ"

"ရှီခနဲ"မြည်သံနှင့်အတူ မုတ်ဆိတ်က ပြောင်ခနဲ။ ဘာကြောင့် အများထက်ထူးပြီး မေးစေ့မီးတက်လောင်ပါလိမ့်။ နောက်မှ သတိရပြီး

"အား"

ကြောက်လန့်တကြား သံကုန်ခြစ်အော်မိသည်။ နောက်မှ မီးသေလိုသေငြား

"အင်းဟာ. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ကိုယ့်ပါးကိုယ် ပြန်ချ၍ မီးသတ်ကြည့်သည်။ ကာလအတန်ကြာ ဆီစိမ်ထားသော မေးစေ့မို့ မီးက တော်ရုံမသေ။

"အား. . . လုပ်ကြပါဦး၊ လုပ်ကြပါဦးဟ"

မတတ်သာသည့်အဆုံး ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းလိုက်ရသည်။

အများထက်ထူးပြီး လက်သုံးလုံးခန့် ပိုရှည်နေသော မေးစေ့၌ မီးတုတ်ကို ဖောက်ထိုးထားသလိုကြီးမို့ မီးက ဟုတ်ခနဲ ဟုတ်ခနဲ ပေါ်တက်နေ၏။ အများထက်ထူးပြီး နဖူးယင်ကောင်နားရုံမက မေးစေ့ပါမီးစွဲလေပြီ။ နားသယ်စက ဆံပင်များပင် ဘယ်ရောက်ကုန်သည်မသိ။

"လုပ်ကြ. . . လုပ်ကြပါ၊ ဟင်. . . ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ အလန့်တကြားအော်သံက လမ်းခုလတ်တွင် ရပ်သွား၏။ အဘယ်ကြောင့်ဆိုသော်

"ဟာ. . . ဟိုကောင့်မျက်နှာကြီး မီးလောင်နေလို့"

"ဟာ. . . ဟေ့ မီးဝိုင်းသတ်ပေးရအောင်ဟေ့"

"တက်ညီလက်ညီလုပ်ကြနော်"

ဟူသော အော်သံနှင့်အတူ ပြေးဝင်လာသော လက်ဖဝါး ကြီးများ။ အားလုံးက မီးဝိုင်းသတ်ချင်တာမျိုးမဟုတ်။ အသားလွတ် ပါးဝင်ချချင်နေပုံ။ လက်ဖဝါးကြီးများ တရွှယ်ရွှယ်နှင့် ပြေးဝင်ချလာ သောလူများ။ အချို့ဆို ခါးတောင်းပါကျိုက်ထားသေး။ တချို့ကလည်း မိမိလက်ဖဝါးကြီးများကို တံတွေးနှင့် တထွီထွီလှမ်းထွေးရင်း အပြေး ဝင်ချလာလေသည်။ အားလုံး အားရစရာကြီး။

"ဟင်. . . ဟင် ကယ်. . . ကယ်ကြပါဦးဗျို့"

ကျွန်တော့်မှာလည်း မီးပဲဆက်အလောင်ခံရမလား။ ပါး အချခံရမလား မဝေခွဲနိုင်မီမှာပင်

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"အောင်မလေးဗျ. . . ကျွတ်ကုန်ပါပြီဗျ"

ဘယ်ကဘယ်လို ဝင်လာမှန်းမသိ။

ထို့နောက်တွင်တော့

"ဖြောင်း ဖြောင်း ဖြောင်း"

"ဟာ. . . ဟာ ဒီလောက်ရိုက်တာတောင် ရင်ဝမီးစွဲပယ လုပ်ကြပါဦး"

"ဟေ့ကောင်. . . ပတ်လက်လှန်ထားကွ၊ မီးက ရင်ဝစွဲနေ ခြေတွေလက်တွေချုပ်ထား၊ ငါ ရင်ဝဖနောင့်နဲ့ ပေါက်ငြိမ်းမယ်"

"အင်းဟာ. . . အင်းဟာ"

"အွတ်. . . အွတ်. . . အောင်မလေးသေပါပြီဗျ"





မီးအကြောင်းပြု၍ အားလုံး ရှုန်းရင်းဆန်ခတ်ဖြစ်ကုန်ကြ ၏။

"ဟေ့ကောင်. . . အောက်ကခံတဲ့ကောင်က ငြိမ်ငြိမ်နေလေ၊ မင်းလှုပ်နေတော့ ငါက ရင်ဝဖနောင့်နဲ့ပေါက်ရခက်တယ်၊ အင်းဟာ အင်းဟာ"

"အွတ်. . . အွတ် သေပါပြီဗျ၊ သေပါပြီ"

"ဟာ. . မီးကအောက်ဘက်ဆက်ဆင်းသွားပြီ၊ အသေအချာ ဖိထားဟ၊ ချက်ကောင်းကို ငါတစ်ချက်ထဲ ကန်သွင်းမယ်၊ ဟိုင်းယား ပယ်နယ်တီကွ"

"ဖောင်း"

"ငွား"

"အောင်မလေးအမေရဲ့၊ တက် တက်သွားပြီဗျ၊ တကယ့် တက်သွားပြီ"

"တက်သွားပြီတဲ့ဟေ့၊ ရင်ဝကပြန်နင်းချ၊ ရင်ဝကပြန်နင်းချ"

ဤသို့ဖြင့် လူပေါင်းသုံးဆယ်ခန့် စိတ်ကြိုက်ဆားနယ်ပြီး လွှတ်လိုက်ချိန်ဝယ် မျက်မှန်ကလည်း ကိုင်းတွေရွဲ့စောင်းနေပြီး ရပ်ကွက်ခြေရာကလည်း ခန္ဓာကိုယ်အနှံ့။ ဘယ်ထဲက ဘယ်လောက် တောင် အမြင်ကပ်နေကြသည်တော့မသိ ခန္ဓာကိုယ်တစ်ခုလုံး ခြေရာ ချင်းပင် ထပ်နေခဲ့ပြီ။ မီးသေသွားမှ အူကြောင်ကြောင်နှင့် လူးလဲပြန် ထကာ. . .

"ကျွန်တော် ဘာဖြစ်သွားတာလဲဟင်"

ကိုယ့်ကိုယ်ကိုပင် ဘာဖြစ်လို့ဖြစ်သွားရမှန်း မသိ၊ တစ်ကိုယ် လုံးလည်း ဖုန်အထပ်ထပ်နှင့် အကျႌလည်း ကျွတ်နေလေပြီ။

"ဘာဖြစ်ရမှာလဲကွ. . . မင်းမေးစေ့ကြီး မီးထလောင်တာ လေ၊ တော်သေးတာပေါ့ ငါ့လက်ဖဝါးကြီးကယ်ပေလို့၊ ကြည့်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ငါ့လက်ဖဝါးကြီးနဲ့ မင်းပါးကိုချတာ၊ ဘေးလူတွေပါ အားရတယ် အသံကြီးကိုက ဖြောင်းဝေါင်းဝေါင်း ဖြောင်းဝေါင်းဝေါင်းနဲ့၊ မင်းပါး ပေါ်ကမီးဆို ငါ့လက်ဖဝါးကြီး ဝင်လာတာနဲ့ မီးလောင်ရာလေပင့် သလိုဖြစ်ပြီး ဟုတ်ခနဲ ဟုတ်ခနဲနေတာ"

ဒါကတစ်ယောက်။

"မင်းက ဘာဟုတ်လို့လဲကွာ၊ ဒီကောင့်ကို မြေပြင်ပေါ်ဆွဲချ ပြီး ဖနောင့်နဲ့ပေါက်တာ ငါပါကွ၊ အောင်မာ ရင်ညွန့်ကိုဖနှောင့်နဲ့ ပေါက်တာ ပညာပါသကွနော့။ နံရိုးတွေအားလုံး လွတ်အောင် ကိုယ့် ရင်ဘတ်ကို ဒူးကပ်ပြီး အားရပါးရပေါက်ရတာ၊ မင်းခံနေရလို့မသိ တာ၊ တောက် နို့မို့ရင် မင်းကိုမြင်စေချင်ပေါ့ကွာ၊ အားရစရာကြီး"

တစ်ယောက်ကဒီလို။

"မင်းတို့ကဝေးပါသေးတယ်ကွာ၊ ငါက စကားလည်းနည်း သလို လုပ်ရင်လည်း တစ်ချက်ဆိုတစ်ချက်ထဲ အွတ်ခနဲတက်သွား တာ ငါ့လက်ချက်ပေါ့။ ဘောလုံးကို ဖရိုးကစ်ကန်သလို ခြေဖဝါးနဲ့ အဝေးကြီးက မြေးကန်တာ၊ တောက် ဒါတောင် တိုင်နည်းနည်းလေး ထိသွားလို့ပေါ့ကွာ၊ နို့မဟုတ်လို့ကတော့ ဖောင်းခနဲကိုနေမှာ"

"မင်းကလည်းကွာ ခြေဘု(ခြေဖမိုး)နဲ့ ပြေးထိုးလည်းရတဲ့ ဟာကို"

"အာ. . . ဖမိုးနဲ့ပြေးသိပ်တာက ပိုအရသာရှိတာကွ၊ တောက် တိုင်ခံသွားလို့ တန်းမဂိုးတာ၊ ခြေဘုနဲ့ထိုးတာက အပေါက် လွဲနိုင်သကွ"

ဘာတွေဘာတွေပြောနေကြမှန်းတော့ မသိ။ အားလုံးက တော့ ကျွန်တော့်မေးတွင် စွဲလောင်နေသော မီးသတ်ရန် အရေးပါ သူတွေချည်း။ တချို့က ကိုယ့်လက်ကိုယ် ပရုတ်ဆီလူးကြသည်။ တချို့ က ကျွန်တော့်မေးရိုး ဆွဲကြည့်ကြသည်။ ကျွန်တော့်မှာလည်း ကိုယ်ခံရ



သည့်အကြောင်း မြိန်မြိန်ကြီး လာပြောနေ၍ အားပဲထည့်ရမလား။ သွားပဲနှဲ့ရမလားမသိ ဖြစ်နေမိ၏။ သူတို့ပြောတာ ကြားနေရတာ သည်း အားရစရာ။ သူတို့ပြောပုံအရဆို ခံရသူသက်သာမည်မဟုတ်။

"ဟယ်. . . ကိုယ်ခံရတာပဲ"

ထို့နောက်

"ကဲဟေ့. . . မီးစွဲဒဏ်ရာနဲ့ဆိုတော့ လူနာအိမ်ပြန်နားမှ သင့်တော်မယ်၊ ဆိုင်ကယ်ပေါ်တင်ပြီး အိမ်ပြန်လွှတ်လိုက်ဟေ့"

"ဟုတ်ပ့ါ ပါးချရတာနဲ့ အားရပြီးမေ့တော့မလို့၊ ဆိုင်ကယ် ပေါ် ဝိုင်းတင်ပြီး အိမ်ပြန်လွှတ်လိုက်ဟေ့"

"ဟေ့. . . ဟိုဘက်ကတစ်ယောက်မ၊ ဒီဘက်က ငါမမယ်"

ဆိုကာ ကျွန်တော့်အား ဝိုင်းမပြီး ဆိုင်ကယ်ပေါ် ပစ်တင်ပေး လိုက်သည်။ တစ်ယောက်က ဆိုင်ကယ်စက်နှိုးပေး၏။ တစ်ယောက် က လီဗာနှင့် ကလပ်ပေါ် လက်တင်ပေးသည်။ တစ်ယောက်က ဂီယာ ခလောက်ခနဲ ပြေးထိုးပေး၏။ တစ်ယောက်က လီဗာတင်ထားသော သက်ကောက်ဝတ်ကိုဆွဲ၍ တုတ်ထောက်ပေးလိုက်သည်။ သူတို့ခမျာ သည်း အမှုပတ်မိသည်စိုး၍ အမြန်လုပ်နေသည်ထင့်။ ကျွန်တော့်မှာ သည်း အူကြောင်ကြောင်နှင့် သူတို့တင်လွှတ်ရာ ဆိုင်ကယ်နှင့်အတူ တရှုတ်တိုက်ပါသွားရ၏။

ဤသို့ဖြင့်

"ဝှီး. . . ထုတ် ထုတ် ထုတ်"

ညက်ညောင်းသော စက်သံနှင့်အတူ ဆိုင်ကယ်က တရိပ် ရိပ်ရွေ့နေသည်။

xxxxx

www.burmeseclassic.com



တချို့ကတော့ တာ့တာပြသည်လား၊ လက်နာ၍ ခါပြလား တောင် မပြောတတ်။ ပျော်တော့ အတော်ပျော်နေပုံရ၏။ ဘောလုံးဖွဲ့ကြည့်ရင်း ကိုယ်အားပေးသည့်အသင်း ဂိုးသွင်းလိုက်သလိုမျိုး။ ကျေနပ်ကြဘိ။ ဝမ်းသာကြဘိ။ နှစ်ထောင်းအားရကြပေဘိ။ ကိုယ့်မှာသာ. . .

"တောက်. . . ဂျိမ်း(စ်)ဘွန်း ပါးအချခံရတာ ဒီတစ်ခါပဲရှိသေးတယ်"

ကိုယ့်ကိုယ်ကို မကျေမနပ်ရေရွတ်မိသည်။ သည်လောက်သော်မျှ စတိုင်လ်ကျတာကိုတောင် ဘာလို့ပါးအချခံရပါလိမ့်။

ရုတ်တရက် စဉ်းစား၍မပေါ်။ ပြဿနာ၏ အရင်းမြစ်ကို ပြန်ရှာကြည့်သည်။

"ဘာလို့မေးစေ့မီးစွဲရတာလဲ"





ယခုလို ဆီတိုင်ကီထဲထည့်ထားတော့လည်း အဖေးသား။ နောက်မှစဉ်းစားမိပြီး. . .

"ဟင်. . . ဟုတ်သား၊ ဆီတိုင်ကီထဲမေးထည့်ထားတော့ မေးစေ့က ဆီရွှဲပြီး မီးခြစ်ခြစ်လိုက်တော့ မီးစာလိုမီးကူးတာပေါ့"

သတိရပြီး ဆိုင်ကယ်ကို ချက်ချင်းရပ်လိုက်သည်။ ပြီးနောက် ဆိုင်ကယ်အဖုံး ပြန်ဖုံးရန် နံဘေးနား ဝေ့ရှာလိုက်သည်။

လူသူရှင်းသော လူနေအိမ်ကင်းသော နေရာမို့ ဆို့စရာပိတ်စရာ ဘာမှရှာမတွေ့။ နောက်ဆုံး ခပ်လှမ်းလှမ်းကွမ်းယာဆိုင်ကသာ နှစ်ရာဖိုးဝယ်လျှင် ထုပ်ပေးရသော ကျွတ်ကျွတ်အိတ်ကလေး တစ်လုံး တောင်းယူရရှိသည်။ ခက်သည်က ဆီတိုင်ကီဖုံးကို လုံခြုံရန် မစွမ်းသာ။ သားရေကွင်းမပါ ဘာမပါနှင့် ဆီတိုင်ကီထက်ဝက်ရှ ပင်မလုံ။ ဘယ်လိုလုပ်ရမှန်းမသိ။ နောက်မှ မေးစေ့စုပ်ကြည့်တော့

"ကွက်တိ"

"ဟား. . . တိုင်းချုပ်ထားသလိုပါပဲလား"

ကွမ်းယာနှစ်ရာဖိုးဝယ်လျှင် ထုပ်ပေးသော ကျွတ်ကျွတ်အိတ်ကလေး မေးရိုးချွန်ကြီးနှင့် ကွက်တိပင်။ ရယ်ကြည့်သည်။ ကျွတ်ကျွတ်အိတ်က လှုပ်ပင်မလှုပ်။

ဆိုင်ကယ်ပေါ် ပြန်တက်လိုက်သည်။ စက်နှိုးလိုက်သည်။

"ဝိုး. . . ထုတ် ထုတ် ထုတ်"

ဆိုင်ကယ်သံက ညက်ညက်လေး။ မေးစေ့လည်း ဆီမစိုတော့။ ဆိုင်ကယ်ကို ကွေ့လိုက်သည်။ မြို့ပြင်တောင်ပေါ် လမ်းသို့။

×××××



www.burmeseclassic.com

www.burmeseclassic.com





"ဝိုး . . . ထုတ် . . . ထုတ် . . . ထုတ် ဂီး . . . ဖုတ် ဖုတ် ဖုတ် ဂီး"

တောင်ပေါ်လမ်းခြေရင်း သိပ်မမြင့်ခင်ကလေးမှာပင် ဆိုင်ကယ်က ငယ်သံပါအောင်အော်ရုန်းနေရ၏။ ဂီယာထပ်ချိန်းလိုက်သည်။ ဂီယာက နံပါတ်တူးကိုရောက်နေပေပြီ။ တောင်ပေါ်တက်ရန် ဂီယာက နံပါတ်ဝမ်းတစ်ခုသာ ကျန်တော့၏။

"ဂီး . . . ဂီး . . . ဂီး . . . ဖုတ် ဖုတ် ဖုတ်"

ဆိုင်ကယ်က ငယ်သံပါရုံမက ငှက်ဆိုးထိုးသံပင် ထွက်နေလေပြီ။ နံပါတ်တူးတွင် လီဗာကကုန်နေပေပြီ။ ဆက်ဆွဲ၍လည်း မရတော့။ ဆိုင်ကယ်က အရှိန်မတက်လာဘဲ မီးခိုးများသာ အူတက်လာ၏။မြင်းမိုရ်တောင်တက်နေသော မြင်းပိန်နှစ်ကောင်ဆွဲထားသည့် နတ်ရထားသဖွယ်။ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေ၏။ တောင်ကုန်းက





အမြင့်ကြီး ကျန်နေပေသေး၏။

မဖြစ်။ မဖြစ်နိုင်တော့။ ဤအခြေအနေအတိုင်းဆို ကိုယ့်ကိုယ်ကိုတောင် လောင်းလိုက်ချင်သေး။ တောင်ပေါ်ရောက်ရန် မဖြစ်နိုင်သည့်ဖက်က ဆယ်လေးတစ်လေး။

သို့သော် မဖြစ်နိုင်တာကို ဖြစ်အောင်လုပ်ချင်စိတ်က ရှိနှင့်ပြီးသားဆိုတော့ အံအတင်းကြိတ်၍ ဂီယာချိန်းလိုက်သည်။

"ဂလောက်"

"ဝူး"

ဂီယာနံပါတ်ဝမ်း။ နွားကပ်ကြီးကို ကြိမ်နှင့်တို့လိုက်သလို ရုတ်တရက် ထရုန်းမလိုတော့ ဟန်ပြုသည်။ သို့သော် နွားကပ်တို့၏ ထုံးစံအတိုင်း ဘယ်ဘက်ခြေကန်ရုန်းမလို ညာဘက်ခြေကန်ရုန်းမလို နှင့် ပေကပ်ခွေခေါက်ချင်နေ၏။

ကလပ်ကိုဆွဲပြီး အရှိန်တက်လာလိုတက်လာငြား လီဗာကို ဆောင့်ဆွဲကြည့်သည်။

"ဖြီး . . . ဖြီး . . . ဖြီး . . . ထုန်း ထုန်း ထုန်း"

"ဟိုက် . . . ပလုပ်တုတ် ဘာသံကြီးလဲဟ"

ရုတ်တရက် ကျယ်လောင်သောအသံကြီး ကြားရ၍ ကိုယ့်ဘာသာကိုယ် လန့်အော်မိသည်။ နောက်မှ သတိရပြီး အနောက်ပြန်လှည့်ကြည့်လိုက်တော့ ပြောင်းဖူးဆိုင်လင်ဆာကြီး ပြုတ်ထွက်သွားပြီ။ ဂီယာချိန်းပြီး လီဗာဆောင့်ဆွဲလိုက်သည့်အရှိန်ကို မခံနိုင်၍ ပြောင်းဖူးရိုးကြီး အိပ်ဇောဝက ခုန်ထွက်သွားခြင်း ဖြစ်ပေလိမ့်မည်။

"ထုန်း . . . ထုန်း . . . ထုန်း"

"ဟဲ့ . . . သောက်ခွေး"

ကျယ်လောင်လှသော ဆိုင်ကယ်မြည်သံ။ ကိုယ့်ဘာသာကိုယ်ပင် လန့်လန့်သွား၏။ ပြောင်းဖူးရိုးကို လှည့်ကြည့်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်းဆင်းအတိုင်း အတော်ဝေးဝေး လိမ့်ဆင်းသွားပေပြီ။ ပြောင်းဖူးရိုးကြီးမရှိတော့ ဆိုင်ကယ်သံက ကိုယ့်ဘာသာကိုယ် ရင်တုန်ချင်၏။

“ထုန်း. . . ထုန်း. . . ထုန်း. . . ထုန်း”

ပြောင်းဖူးရိုးပဲ ဆင်းကောက်ရမလား၊ ကိုယ့်နားပဲ ကိုယ်ပြန်ပိတ်ထားရမလား ဝေခွဲမရဖြစ်နေမိ၏။

“ထုန်း. . . ထုန်း. . . ထုန်း. . . ထုန်း”

ကျယ်လောင်လှသော ဆိုင်ကယ်သံက ပတ်ဝန်းကျင်ကို ချက်ချင်းဖုံးလွှမ်းသွားသည်။ ထိုအသံကြောင့်ပင်

“ဟော့. . . ဟော့ ဘေလေချာကြီးတွေ တောင်ပေါ်တက်လာပြီနဲ့တူတယ်”

“ဟဲ့. . . သာသနာ့နယ်မြေထဲ ဘယ်ကလုယ်ထွန်စက်တွေလဲ”

ဆိုင်ကယ်ဆီမှ ကျယ်လောင်သောအသံကြားတော့ အားလုံးအံ့အားသင့်နေပုံရ၏။

“ဟာ. . . ဆိုင်ကယ်ကြီးဟ”

“ထုန်း. . . ထုန်း. . . ထုန်း. . . ထုန်း”

“ဟဲ့. . . ဟုတ်ရဲ့လား၊ ဆိုင်ကယ်ဆို အသံကဒီလောက်ကျယ်ပါ့မလား၊ မီးခိုးတွေလည်းအူလို့”

“ထုန်း. . . ထုန်း. . . ထုန်း”

“မဟုတ်မှလွဲရော ဂွန်ဒေါင်းတွေဆွဲလာတဲ့ ဘက်ဟိုးကြီးဖြစ်မယ်”

အားလုံးကလည်း အနီးကပ်ပြောတာကို အော်ဟစ်ပြောနေရသည်။ ကျွန်တော်လည်း သူတို့အော်သံများကို ဂရုမစိုက်နိုင်သေး။ ဆိုင်ကယ်ကို ကုန်းပေါ်ရောက်အောင် ခြေကန်မောင်းနေရ၏။ သည်ကြားထဲ ခြေသလုံးဆီသို့ ခပ်နွေးနွေးအရည်တချို့ လာစင်နေ၏။





ငုံ့ကြည့်လိုက်တော့ အရည်မဲမဲ အစက်ကလေးတွေ။

“ဘာတွေလာစင်နေပါလိမ့်၊ ဆိုင်ကယ်က ဘာတွေနင်းမိခဲ့ပါလိမ့်”

မသက်ာ၍ ဘီးလှမ်းကြည့်တော့လည်း အရှင်း။ ဘာမှနင်းခဲ့ပုံမရ။

“ဒါဆို ဒီအရည်မဲမဲတွေက ဘယ်ကစင်နေပါလိမ့်၊ အင်ဂျင်ကွဲတာတော့ မဖြစ်နိုင်ဘူး”

အင်ဂျင်ကွဲလျှင် အင်ဂျင်ဝိုင်ရည်က အများကြီးပေါက်ကျနေလိမ့်မည်။ အခုဟာက ထိုသို့လည်းမဟုတ်။ အရည်က အင်ဂျင်ဝိုင်လိုအရည်မျိုးပင်။ သို့သော် တစ်စက်ချင်း ခြေရင်းဝပ်စင်းခြင်းပင်။

“ထုန်း. . . ထုန်း. . . ထုန်း. . . ထုန်း”

ခြေသလုံးပြန်ငုံ့ကြည့်တော့လည်း အရည်ပူပူမဲမဲများကျနေရာအနှံ့အပြား ခပ်စိတ်စိတ်နေရာယူနေပြီ။ သိချင်စိတ်နှင့် ဆိုင်ကယ်ကို အရှိန်လျှော့လို့မဖြစ်သေး။ အရှိန်လျှော့လိုက်သည်နှင့် ဆိုင်ကယ်ကြီးက နောက်ပြန်အတိုင်းကြီး ပြန်လိမ့်ဆင်းသွားနိုင်သည်။ ယခုတောင် ဆိုင်ကယ်က အသက်ငင်ချင်ချင်။

“ဂီး. . . ထုန်း. . . ထုန်း. . . ထုန်း”

ဆိုင်ကယ်က ဆက်မတက်နိုင်သည်မှာ သေချာပေါက်ဖြစ်နေပြီ။ ထို့ကြောင့် ဂီယာနှင့်ဘရိတ်ပေါ် တင်ထားသောခြေကို မြေချ၍ ဆိုင်ကယ်ခွလိုက်သည်။ ထို့နောက် ဆိုင်ကယ်အရှိန်ရစေရန် ခွရင်းတွန်းပြေးပြေးလိုက်သည်။

လူ့ဝိတ်မရှိတော့၍လည်းကောင်း၊ ခြေနှစ်ဘက်စုံယက်ပေးသော ကောင်းမှုတို့ကြောင့်လည်းကောင်း ဆိုင်ကယ်က တောင်တန်းကို အနည်းငယ်ပို၍ ရုန်းနိုင်၏။ သို့သော် ဆီမဲမဲက မိုးသီးမိုးပေါက်



www.burmeseclassic.com

www.burmeseclassic.com



ပမာ ခြေသလုံးနှစ်ဘက်ပေါ် ပိုဖြာကျနေသည်။

"မဖြစ်သေးဘူး။ ပထမကုန်းပေါ်က သီလရှင်ကျောင်းရှေ့ ရောက်ရင် ကြည့်ဦးမှပဲ"

စိတ်ထဲတေးမှတ်ထားရင်း ဆိုင်ကယ်ကို ခြေကန်တွန်းပြေး နေရသည်။

"ထုန်း. . . ထုန်း. . . ထုန်း. . . ထုန်း"

"ဟောဟဲ. . . ဟောဟဲ. . . ဟောဟဲ. . . ဟောဟဲ"

ဆိုင်ကယ်စီးရတာ မောတတ်မှန်း အခုမှပင်သိတော့၏။

"ဩော်. . . ငါ့ဆိုင်ကယ်က သူများဆိုင်ကယ်နဲ့ မတူတဲ့ ကျန်းမာရေးဆိုင်ကယ်ကြီးပါလား"

ဆိုတာကို အခုမှသိရပြီး ဂုဏ်တောင်ယူမိသေး၏။ တော်ရုံ တန်ရုံလူက အားကစားရုံသွားရန် လိုမည်မထင်။ ဆိုင်ကယ်တက်စီး လိုက်ရုံနှင့် အကြောလျှော့ပြီးသား အလေးမပြီးသား၊ အပြေးကျင့်ပြီး သား ဖြစ်နေရပြီ။

"တော်က်. . . ကျန်းမာရေးဆိုင်ကယ်ဆိုပြီး ဆိုင်ဖွင့်စားလို့ တောင်ရတယ်"

ကုန်းတက်တွင် ဆိုင်ကယ်အလေးကြီးကို ခွပြေးရတာကိုက တော်ရုံကျန်းမာရေးနှင့် ရမည်မထင်။ ဆယ်ကျော်သက်အရွယ် အားကောင်းမောင်းသန်ပင်မလွယ်။

ဘုန်းကြီးကျောင်းမှ ကိုယ်တော်များ၊ သီလရှင်ကျောင်းမှ ဆရာလေးများက မေးရိုးကျွတ်ကျွတ်အိတ်စွပ်၍ ဆိုင်ကယ်ကို ခွပြေး နေသော ကျွန်တော့်ကို တအံ့တဩ ကြည့်ကြသည်။ သူတို့ကတောင် ငေးကြည့်နေမှတော့ ကျွန်တော်ကလည်း

"ဘာရမှာလဲ ငါကွ"

ဟူသော ပုံမျိုးနှင့် မမောချင်ယောင်ဆောင်၍ မျက်နှာကို





ချီထားရသည်။

"ထုန်း. . . ထုန်း. . . ထုန်း. . . ထုန်း"

မျှော်လင့်ထားသော သီလရှင်ကျောင်းရှေ့ ပထမကုန်းကို ရောက်တော့မည်။ အရည်ပူပူမဲမဲများက ပို၍စိပ်လာသည်။

"ဘာဖြစ်တာပါလိမ့်"

သိချင်စိတ်က ပိုပြင်းလာသည်။ မောတာကလည်း သွားနှစ် ဘက်ခုတ်သံပင် တခွပ်ခွပ်ထွက်နေ၏။ ဆိုင်ကယ်ကို ခွ၍ပြေးနေရ သည်မို့ လူကလည်း ကျစရာရှိတာတွေ ကျချင်ချင်။ ဆိုင်ကယ်ပေါ် ခွ၍ပြေးနေသည်ဟု အလွတ်ပြောသော်လည်း တကယ်ပြေးနေရသည် မှာ လွယ်လှသည်တော့မဟုတ်။ ဆိုင်ကယ်ဝဝကြီးအပေါ် ကားနေ အောင် ကွထားရပြီး အများအမြင်တွင် ဆိုင်ကယ်စီးချင်ယောင် ဆောင်သည်ဟု ထင်ရအောင်လည်း ဆိုင်ကယ်နှင့် မလွတ်တလွတ် ဒူးညွှတ်ထားရသေးသည်။ မယုံလျှင် လက်နှစ်ဖက်အပေါ် မြှောက်၍ ဒူးကိုကွေး ပေါင်ကိုကွ၍ ပြေးကြည့်ပါ။ (များများမလုပ်ပါနဲ့ လမ်းထိပ် ထွက်ပြီး ခတ်တိုင်နှစ်တိုင်လောက်သာ အသွားအပြန် ပြေးကြည့်ပါ။ ကျွန်တော့်လိုဖြစ်ချင်ရင်တော့ မေးစေ့ကိုပါ ကျွတ်ကျွတ်အိတ်စွပ်ထား ပေါ့။ စတိုင်မှာ မိုက်မယ်၊ ခွင်မှာကျမယ်၊ အပြေးမှာလှမယ်၊ ကျန်းမာ ရေးမှာကောင်းမယ်။ လူများစွာ စိတ်ဝင်စားမယ်။) အရေးအကြီး ဆုံးက အရည်မဲမဲပူပူလောင်လောင်များ လွင့်စင်ထိခတ်နေခြင်းပင်။ အရည်ပူပူမဲမဲများက ခြေသလုံးသားအပြင် ကတ္တရာလမ်းပေါ်ထိ လွင့်စင်နေပေပြီ။

"ရောက်တော့မယ်၊ ရောက်တော့မယ်"

"ထုန်း. . . ထုန်း. . . ထုန်း. . . ထုန်း"

စိတ်ထဲမှာ မနည်းအားတင်း၍ ဘလဘိုင်လိုက်အောင် ပြေးနေရလေသည်။ ဒူးကလည်း အကွေးကြတော့ ဒူးတွေချောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ပေါ် ပြန်ထိုင်ကျချင်နေသည်။ မဖြစ်။ ဆိုင်ကယ်ပေါ် ပြန်ထိုင်ချ၍မဖြစ်။ ထိုင်ချလိုက်သည်နှင့် ဆိုင်ကယ်က ခန္ဓာကိုယ်အလေးချိန်ကြောင့် နောက်ပြန်ကြီး ပြန်ဆင်းသွားပေလိမ့်မည်။ ထို့ကြောင့် နောက်ဆုံးရေအဖြစ် ဆိုင်ကယ်ကို အားတင်း၍ တွန်းတင်လိုက်သည်။

"အိ(စ်)"

"ထုန်း. . . ထုန်း. . . ထုန်း. . . ဝီး"

ဆိုင်ကယ်က ကုန်းထိပ်ရောက်သည်နှင့် ပေါ့ပါးစွာ ပြန်ရုန်းထွက်သွားသည်။ ထို့ကြောင့် ကမန်းကတန်း ဆိုင်ကယ်ပေါ်ပြန်ခွ၍ ဘရိတ်ကို အလျှင်အမြန် လှမ်းနင်းလိုက်သည်။

"ကျွိ"

"ဝုန်း. . . ဟုတ်. . . ဟုတ်. . . ဟုတ်"

"ဟ. . . အ. . . ဘာ. . . ဘာဖြစ်တာလဲဟ"

ဆိုင်ကယ်ရပ်လိုက်သည်နှင့် အထက်ပါအသံကြီး ကြား၍ လန့်အော်မိသည်။

ရှိခနဲမြည်သံနှင့်အတူ အမွှေးများ မီးမြိုက်နံ့ရသည်။

"ဟင်. . . ဘယ်ဟာတွေပြောင်ပြန်ပြီလဲဟ"

လူက ဆိုင်ကယ်ကိုခွလျက်ကြီး။ အောက်ပြန်ငုံ့ကြည့်တော့

"ဟဲ့. . . သောက်ခွေး၊ ဘယ်လို ဘယ်လို"

ဆိုင်ကယ်အင်ဂျင်တုံးနှင့် ဆီတိုင်ကီကြား မီးထလောင်တာ မြင်ရ၏။

"ဒါ. . . ဒါဆို ဘယ်အမွှေး"

နောက်မှသတိရကာ ဆိုင်ကယ်ကို တွန်းချပြီး. . .

"အောင်မလေးဗျ. . . လုပ်. . . လုပ်ကြပါဦး"

ကြောက်လန့်တကြားအော်ကာ ခပ်ဝေးဝေး ပြေးသွားမိ၏။





ဆိုင်ကယ်က အင်ဂျင်တုံးအပေါ်နှင့် ဆီတိုင်ကီကြား မီးလောင်နေလေပြီ။

"ဟ. . . ဟ. . . လုပ်ကြပါဦး၊ မီး မီး ဆိုင်ကယ်မီးလောင်နေလို့"

ကျွန်တော့်အော်သံလည်းကြားရော ခုနချောင်းကြည့်နေသော ဆရာလေးများက

"ဟယ်. . . ဆိုင်ကယ်ကြီးမီးလောင်နေပြီ၊ ပေါက်တော့မယ်၊ ပေါက်ထွက်တော့မယ်၊ ပြေး ပြေး"

"ဟင်. . . ဆိုင်ကယ်ကြီးမီးလောင်လို့တဲ့၊ ပြေး ပြေး"

ဟု အလန့်တကြားအော်ဟစ်ကာ ကျောင်းဝင်းထဲ ဝရုန်းသုန်းကားနှင့် ပြန်ပြေးဝင်ကြ၏။ ကျွန်တော်လည်း ဆိုင်ကယ်ကို ပြန်ကြည့်တော့ မီးက နည်းနည်းလေး။ ကိုယ်ကတော့ အကူအညီတောင်းတာပါ။ ဒါပေမဲ့ သူတို့ကိုလှန့်လိုက်သလိုဖြစ်ပြီး ထွက်ပြေးကုန်ကြသည်။ အနီးအနားကွင်လည်း ဘယ်သူမှမရှိတော့။

ထို့ကြောင့် အရဲစွန့်၍ နံဘေးနားကသဲများနှင့် ပစ်ကြည့်သည်။

မီးက ဟုတ်ခနဲငြိမ်းသွားမလိုနှင့် ပြန်လည်တောက်ပနေသည်။ သဲနှင့်ထပ်ပက်ကြည့်သည်။ မီးကမသေ။ သို့သော် အားရစရာအနေအထားမို့ ဆိုင်ကယ်နားကပ်၍ ဝတ်ထားသောအင်္ကျီကို ချွတ်၍ မေးကိုသိုင်းချည်လိုက်သည်။ တစ်ခါသေဖူးပြီမို့ ပျဉ်ဖိုးတော့နားလည်ပြီ။ မေးစေ့မီးကူး၍မဖြစ်။

အားလုံးလုံခြုံမှ ဆိုင်ကယ်နားပြေးကပ်၍ သဲနှင့် ခပ်မြန်မြန်ပက်လိုက်သည်။ မီးကသေနေသည်။ အားမရနိုင်စွာ ပါးစပ်နှင့်ကုန်းမှုတ်လိုက်သည်။

"ဖူး"



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ် . . . ဟုတ် . . . ဟုတ်"

"ဟိုက် . . . ပိုလောင်ပဟ"

မီးတောက်သေးသေးလေးကို လေနှင့်သွားမှုတ်တော့ မီးလောင်ရာလေပင့်ဖြစ်ပြီး မီးတောက်က ပိုကြီးလာသည်။ ထို့ကြောင့် ပျာတောက်ပြီး လုပ်မိလုပ်ရာဖြင့် သဲနှင့်လည်းပက်၊ ခဲနှင့်လည်းချ၊ လေနှင့်လည်းမှုတ်ဖြင့် တစ်ယောက်တည်း အလုပ်ရှုပ်နေရသည်။ မီးကသေမသွား။

ခုနက ထွက်ပြေးသွားသော ဆရာလေးများကလည်း ဘာဆက်ဖြစ်မလဲ သိချင်စိတ်နှင့်ထင့် ခြစည်းရိုးအုတ်နံရံဂွင် မျက်လုံးလေးဖော်ပြီး တန်းစီလာထွက်ကြည့်ကြသည်။

မီးတောက်သေးသေးလေးကို အကျီကျွတ်နှင့် အလုပ်ရှုပ်နေသော ကျွန်တော့်ကိုကြည့်ပြီး အံ့အားသင့်နေပုံရသည်။ သူတို့သာ အံ့အားသင့်နေပုံရတာ ကိုယ့်မှာတော့ ချွေးဒီးဒီးကိုကျလို့။

"ငြိမ်းပါတော့ဟယ် မီးကလေးရယ်၊ အစ်ကိုကြီးကိုချစ်ရင် ငြိမ်းလိုက်ပါတော့"

ဆုတောင်းရတာလည်း အမော။ အတန်ကြာမှ သတိရပြီး

"ဆရာလေး . . . ဆရာလေး ရေတစ်ပုံးလောက်ခပ်ပေးပါလား၊ ရေ ရေ"

ကျွန်တော့်အော်သံကြောင့် ခေါင်းအတော်များများ ပြန်ပျောက်သွားပြီး . . .

"ခပ်မပေးရဲဘူး၊ ခပ်မပေးရဲဘူး၊ ဆိုင်ကယ်ကပေါက်တော့မှာ"

"မလုပ်နဲ့၊ မလုပ်နဲ့၊ ကြောက်တယ် ကြောက်တယ်"

ဆိုပြီး ခေါင်းလေးတွေ ပြန်ပျောက်ကုန်သည်။ သို့သော် ကံကောင်းချင်တော့ ခြောက်နှစ်အရွယ် ဆရာလေးတစ်ယောက်





ပြေးထွက်လာပြီး

"ရော့ . . . ရော့ ဒီမှာရေယူ"

ဆိုပြီး သူ့ခန္ဓာကိုယ်နှင့် မနိုင့်တနိုင့် ရေတစ်ပုံးဆွဲ၍ လာပေးသည်။ (ကျေးဇူးကြီးလိုက်တာ၊ အဲသည်ထဲက ဒါနဆန်ဆို အမြဲလောင်းခဲ့တာ။)

ရေရသည်နှင့် ဆိုင်ကယ်ကို လှမ်းပက်လိုက်သည်။

ဟုတ်ခနဲ မြည်သံနှင့်အတူ မီးက ချက်ချင်းငြိမ်းကျသွား၏။

"ကျေး . . . ကျေးဇူးပါပဲ ဆရာလေးရယ်၊ ဟောဟဲ ဟောဟဲ"

လူက မောလည်းမော၊ ဂယောင်ကလည်း ရိုက်နေပြီမို့ ကျေးဇူးတင်စကားပင် မနည်းထွက်အောင်ပြောရသည်။ ဆရာလေးက ရေပုံးလေးကိုင်ပြီး ကျွန်တော့်ကို ပြုံးကြည့်နေသည်။ ချစ်စရာလေး။ ကျွန်တော် သူ့ကို အကြာကြီးကြည့်မနေနိုင်။ လဲနေသော ဆိုင်ကယ်သွားပြီး ပြန်စစ်ကြည့်သည်။

"ဘယ်ကမီးလောင်တာပါလိမ့်"

အသေအချာ လိုက်ကြည့်သည်။ မီးလောင်လောက်သော အပြစ်အနာအဆာ ဘာမှမတွေ့။ ထူးဆန်းသည်က အင်ဂျင်တုံးက လောင်ခြင်းလည်းမဟုတ်။ ဆီတိုင်ကီကြီး ဖွင့်ထားသော်လည်း မီးမစွဲ။ ဆီတိုင်ကီနှင့် အင်ဂျင်တုံးကြားသာ မီးလောင်သည်မို့ စဉ်းစားရအတော်ကြပ်စရာဖြစ်နေ၏။

မီးလောင်လောက်သောနေရာများ လိုက်စစ်ကြည့်သည်။ ဘာမှထူးထူးခြားခြားမတွေ့။ ဆိုင်ကယ်ကို ပြန်ထောင်လိုက်သည်။ ဘာမှမထူးခြား။

"ဘာလို့မီးလောင်တာပါလိမ့်"

ဘယ်လိုမှစဉ်းစားမရ။ အဖြေလည်းရှာလို့မရ။ နောက်ဆုံးတော့



www.burmeseclassic.com

www.burmeseclassic.com



"အခန့်မသင့်လို့ဖြစ်တာပဲ နေမှာပါလေ"

ဟု ဆုံးဖြတ်ချက်ချပြီး ဆိုင်ကယ်ပေါ် တက်ခွလိုက်သည်။ ပြီးနောက် နံဘေးနားက ပြုံးကြည့်နေသော ဆရာလေးကို ပြန်လည်ပြုံးပြပြီး

"သွားတော့မယ်နော် ဆရာလေး"

ဟု ရိုသေစွာနှုတ်ဆက်လိုက်သည်။ ဆရာလေးကတော့ ဘာမှပြန်မပြော။ ရေပုံးလေးကိုင်ပြီး ပြုံးနေသည်။ အခြေအနေအားလုံးငြိမ်သက်သွား၍ထင့် အုတ်နံရံနောက်က ခေါင်းလေးတွေ စီပြီးပြန်ပေါ်လာ၏။ ထိုတော့မှ ကျွန်တော်လည်း ဘာမှမဖြစ်ပါဘူး ဆိုသောအထာနှင့် မျက်နှာကို ခပ်တည်တည်ချိုပြီး ဆိုင်ကယ်စက်ကို နှိုးလိုက်သည်။

"ဝှီး. . . ထုန်း. . . ထုန်း. . . ထုန်း"

"ဝုတ်. . . ဟုတ်. . . ဟုတ်"

ရှဲခနဲမြည်သံ။

"ဟိုက်. . . ပြောင်ပြန်ပဟ၊ အဲ လောင်ပြန်ပဟ"

အော်ရင်း အလန့်တကြား ဆိုင်ကယ်ကို ပြန်ပစ်ချလိုက်မိသည်။ နံဘေးနားက ကြည်ညိုဖွယ်ပြုံးကြည့်နေသော ဆရာလေးခမျာလည်း အားခနဲအော်ပြီး ပါလာသည့်ရေပုံး ခေါင်းစွပ်ကာ ကြောက်လန့်တကြား အော်ပြေး၏။ ဖြစ်ချင်တော့ သူပြေးသည့်ဘက်က အုတ်နံရံဘက်ကြီးဖြစ်နေ၍ မမြင်မစမ်းနှင့် အုတ်နံရံကို ဒုန်းခနဲဆောင့်မိကာ ပက်လက်လန်လဲကျသွား၏။ ကျွန်တော်လည်း သူ့ကိုပဲ ပြေးထူရမလား၊ ဆိုင်ကယ်ကိုပဲ မီးငြိမ်းအောင်သတ်ရမလား စဉ်းစားမရခင်မှာပင် ဆရာလေးခမျာ လူးလဲထ၍ အပေါက်အတိုင်း ရေပုံးခေါင်းစွပ်၍ ပြေးဝင်ချသွားလေသည်။

ဘာဖြစ်မလဲ ချောင်းကြည့်နေသော ဆရာလေးများကလည်း





"ဟာ. . . မီးလောင်ပြန်ပြီ၊ မီးလောင်ပြန်ပြီ"

"ဟင်. . . ဒီတစ်ခါက တကယ်ပေါက်ပြီ၊ တကယ်ပေါက်ပြီဟ"

"ပြေးပါဟ. . . ပြေးပါ၊ စင်လာရင်ဒုက္ခ"

"ဟဲ့. . . ခြေလှမ်းတိုင်း တရားမှတ်ပြီးပြေးကြနော်"

စသည်ဖြင့် ဆူညံစွာအော်ဟစ်ရင်း ထွက်ပြေးပျောက်ကွယ်ကုန်သည်။ ကျန်ရစ်ခဲ့သော ကျွန်တော့်မှာသာ မျက်လုံးပြူး မျက်ဆံပြူးနှင့် နံဘေးနားက သဲများကျုံး၍ပက်ကာ. . .

"ဟာ. . ဟာ. . လုပ်ကြပါဦး. . အရပ်ကတို့ရဲ့. . . ဆိုင်ကယ်. . . မီးမီး. . ."

ရှုတ်တရက်မို့ ကြောင်ပြီး ဘာစကားမှ ကောင်းကောင်းမထွက်တော့။ ထုံးစံအတိုင်း သဲတွေနဲ့ပက်၊ ခဲတွေနဲ့ချရင်း မီးတောက်သေးသေးလေးကို ရှန်းရင်းဆန်ခတ်နှင့် ပြန်သတ်နေရလေတော့သည်။

မီးတောက်က သေးသေးလေးဆိုပေမယ့် တော်ရုံနှင့် မငြိမ်းသွား။ တငွေ့ငွေ့နှင့်သာ လောင်မြိုက်နေသည်။

"မီးလေးရယ်. . . ငြိမ်းပါတော့၊ ကိုကို့မှာ ရှိသမျှ အမွှေးတွေအားလုံးလည်း ပြောင်ကုန်ပါပြီ. . . ဟင့်"

ကိုယ့်မှာလည်းမီးသာသတ်နေရတာ ခန္ဓာကိုယ်တစ်ခုလုံးတညော်ညော်နှင့်ပင်။ မီးက သဲနှင့်ပက်လိုက်လျှင် သေသွားမလိုနှင့် ငွေ့ခနဲ ပြန်ပြန်တက်လာပြန်၏။ ခုနကထွက်ပြေးပျောက်ကွယ်ကုန်ကြပါလေသော သပ္ပုရိသအနွယ်ဝင် သူတော်စင်သီလရှင်ကလေးများက ဘာဖြစ်မယ်ဆိုတာ သိချင်စိတ်နှင့် ခေါင်းလေးတွေ တန်းစီပြီး ပြန်ပေါ်လာပြန်၏။ ထိုတော့မှ ကျွန်တော်လည်း သတိရပြီး

"ဆရာလေး. . ဆရာလေး. . ရေ ရေ. . တစ်ပုံးလောက်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပေးပါ. . "

ကျွန်တော်အော်သံလည်းကြားရော ခုနက တန်းစီပေါ်လာသော ခေါင်းလေးတွေ ပုလုံပုလုံပုလုံနှင့် ပြန်ပျောက်ကုန်၏။ သူတို့ခမျာလည်း သိချင်စိတ်နှင့်သာ ကြည့်နေရတာ ဆိုင်ကယ်နားတော့ကပ်ရဲပုံမပေါ်။

"ဟဲ့. . ဟဲ့. . ရေ ရေတဲ့. . မထွက်ကြနဲ့နော်. . ဆိုင်ကယ်က ထပေါက်တော့မှာ. . "

"တိတ်တိတ်နေ. . . တိတ်တိတ်နေ. . အသံကြားရင် ထပ်အော်နေဦးမယ်"

ဩော်. . ကိုယ့်မှာ ရေလေးတောင်းတာကို သူတို့ခမျာ နေ့ခင်းကြောင်တောင် ဓါးပြတစ်ယောက် မြင်လိုက်ရသလိုမျိုး။

သို့သော် ကံကောင်းချင်တော့ ခုနကရေပုံးခေါင်းစွပ်၍ ပြေးသွားသော ခုနကဆရာလေးမှပင် ရေတစ်ပုံးဆွဲလာပေးပြီး. . .

"ရော့. . ရော့. . ဒီမှာရေယူ. . . ဒီမှာရေယူ. . "

ဆိုကာ လှမ်းပေး၏။

"ကျေးဇူး. . ကျေးဇူးပါပဲဗျာ. . . "

ကျွန်တော်လည်း သူ့လက်ထဲက ရေပုံးကို ကမန်းကတန်းဆွဲယူကာ မီးတောက်ဆီသို့ လှမ်းပက်ထည့်လိုက်တော့၏။

ဖျန်းခနဲ ရေစက်နှင့် ထိတွေ့သည်နှင့် မီးက ရှဲခနဲငြိမ်းသွားပြန်သည်။

"ကျေးဇူးကြီးမားလှပါပေတယ်. . . ဆရာလေးရယ်. . . . ဟောဟဲ. . ဟောဟဲ. . . "

"အောင်မလေးလေ ဘယ်လိုကျေးဇူးတင်မှန်းတောင်မသိတော့ဘူးဗျာ။ ကျွန်တော့တစ်သက်တာမှာ အဲဒီအရွယ်ထိ ကျေးဇူးနှစ်ခါပဲ တင်ဘူးပါတယ်။ အဲဒီသီလရှင်လေးရေပေးတာတစ်ခါရယ်





ဆီးအရမ်းသွားချင်တုန်း ကားရပ်ပေးတဲ့ အဝေးပြေးကား ဒရိုင်ဘာရယ် ဒီနှစ်ယောက်ပဲ မှတ်တမ်းထဲရှိတာ။ အားပါး အဲဒီတုန်းကလည်း ပျော်လိုက်တာ ပြောမနေနဲ့တော့။ ပေါက်ထွက်သွားတာလေ လူပါမြောက်တက်သွားတဲ့အတိုင်းပဲ။

"ကျေးဇူး. . ကျေးဇူးတင်ပါတယ် ဆရာလေးရယ်. . အဟွတ် . . ဟွတ်"

မောတာကလည်း ချောင်းပါဆိုးယူရတယ်။ မီးတောက်သေသွားတာတောင် ဘာမှမလုပ်နိုင်သေး။ ဆိုင်ကယ်ဘေးဒူးထောက်၍ အမောဖြေနေရသေး၏။

ကိုယ့်မှာလည်း ခုနကုန်းတက်မှာ ဆိုက်ကယ်ခွ၍ တွန်းပြေးခဲ့ရသည်ကတစ်ကြောင်း၊ ကုန်းပေါ်ရောက်၍ ဆိုင်ကယ်မီးသတ်နေရသည်ကတစ်ကြောင်းတို့ကြောင့် ဖုတ်လိုက်ဖုတ်လိုက်ပင် ဖြစ်နေတော့၏။

ဩော်. . အဲဒီတုန်းက ကျန်းမာရေးက ကောင်းတုန်းမို့သာ၊ နောက်မို့ဆိုရင် ကမ္ဘာမှာ ဆိုက်ကယ်တွန်းပြီး သေတဲ့မသာပေါ်တယ် အဲဒါကျွန်တော်လေ။ ရှက်လို့ ဘယ်သူ့မှမပြောပြဘူး။ အခုလူစုံမှ ရှင်းပြတာ။ တော်တော်ကလေးကို အမောဖြေပြီးမှ ဆိုင်ကယ်ကို သွားပြန်ကြည့်မိသည်။

"ဘယ်ကဘယ်လို မီးထစွဲပါလိမ့်"

ဆိုင်ကယ်ကို ပြောင်းပြန်ကြည့်။ ဇောက်ထိုးကြည့်။ မှောက်ကြည့်။ လှန်ကြည့်။ ဘယ်လိုမှ အပြစ်ရှာမရ။ ဘယ်ကဘယ်လို မီးထစွဲမှန်းကို မသိ။

အင်ဂျင်ဝိုင်များ ခမ်းနေ၍လား။ ဖွင့်ကြည့်သည်။ အင်ဂျင်ဝိုင်က မခမ်း။ အနည်းငယ်ကျဲနေသည်မှ လွဲ၍အပြည့်။

"စက်လည်မှုမီးထလောင်တာဆိုတော့ အပများမိုလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင်ပင် တွေးမိသည်။ ဒါလည်းမဖြစ်နိုင်။ သိပ္ပံပစ္စည်းပေါ် ဘယ်ဝိဇ္ဇာမှတက်လာမည်မဟုတ်။ နောက်မှ မတတ်သာသည့်အဆုံး

"ဆရာလေးရယ် ကျွန်တော့်ကို ရေတစ်ပုံးလောက် ခပ်ပေးပါဦး. . စက်နှိုးရင် ဘယ်ကမီးထလောင်လဲ သိချင်လို့. . "

ကျွန်တော့်စကားကြားတော့ နံလေးနားက ပြုံးကြည့်နေသော ဆရာလေး ရေပုံးခေါင်းစွပ်၍ လှစ်ခနဲပြေးချသွားသည်။ နောက် ရေပုံးလေး မနိုင့်တနိုင်သယ်ရင်း ပြန်ရောက်လာသည်။

"ဆရာလေးကြည့်ထားနော်. . . ကျွန်တော်စက်နှိုးလိုက်မယ်. . . မီးထလောင်တာနဲ့ လှမ်းပက်လိုက် သိလား"

ဆရာလေးက အသင့်ပြင်ရင်း ခေါင်းညိတ်သည်။

ကျွန်တော်ကလည်း ဆိုင်ကယ်ပေါ်တက်မခွဘဲ ဘေးနားကနေ ငုံ့ကြည့်၍ စက်နှိုးလိုက်သည်။

"ဝှီး. . ထုတ်. . . ထုတ်. . . ထုတ်. . "

စက်နှိုးသည်နှင့် မီးကဟုတ်ခနဲတောက်၏။ ဒါကိုကြည့်ပြီး

"ဆရာလေး. . . ခဏ. . "

အော်သံမဆုံးလိုက်။ ဘွမ်းခနဲ ရေဝင်လာသည်။ ရေကဆိုင်ကယ်သာမက လူကိုပါရွှဲခနဲ။ သူ့ခမျာလည်း မနိုင့်တနိုင် ပက်ရ၍ထင့်။ ရောက်ရာပေါက်ရာတို့ စင်ကုန်၏။ ရွှဲတာမှ ရိုးရိုးမဟုတ်။ ထို့ကြောင့်. . .

"ဟာင်. . . ဒါ. . ဒါတွေက. . . "

ခေါင်းမှာပါ အမှိုက်တွေ ဗိုက်တွေနှင့်။

"မသေချာမှာစိုးလို့ ဗိုက်ဖုတ်တွေ၊ ရွှံ့ဗွက်တွေပါ ထည့်လာတာလေ၊ ရေကတော့ အိမ်သာထဲက ရေမို့သန့်ပါတယ်"

ဩော်. . စေတနာနဲ့ လုပ်တာဆိုတော့လည်း ဘာပြောရမှာ





လဲ။ ခေါင်းပေါ်တင်ကျန်နေသော အမှိုက်သရိုက်များ၊ ဗိုက်ဖက်များကို ဖယ်ရှားလိုက်ရသည်။ နားသယ်မှာ ဗိုက်ဖုတ်။ မျက်လုံးမှာ ကြာရိုး။ မျက်ခွက်ပေါ်မှာ ဗွက်။ မတတ်နိုင်ပါဘူး မိုရာကိုလျှာကြမ်းကြီးနှင့် သပ်လိုက်ရတယ်။

ပြီးနောက် ဆိုင်ကယ်ကို ပြန်ငုံ့ကြည့်လိုက်သည်။

"တွေ့ပြီ. . ဒါကြောင့် မီးထဟပ်နေတာ. . "

အပြစ်က ဘာမှမဟုတ်။ ဆိုင်ကယ်က ပလပ်ခေါင်းမပါဘဲ စီးလာ၍ ပလပ်က မလုံဘဲ အပြင်သို့ပါ မီးဖြာထွက်ရင်း ဆီတိုက်ကီမှ ကာပရိုက်တာဆီသွားသော ဆီပိုက်ကို မီးကထိုးရင်းထိုးရင်း ဆီပိုက်ပေါက်ကာ မီးကူးနေခြင်းဖြစ်သည်။ အဖြစ်က မဂ္ဂင်းနစ်မီးခြစ်ကို ထောက်ခနဲခြစ်လိုက်သလိုမျိုး။ ဆီပိုက်က ဆီအကျ ပလပ်က မီးအပွင့် သွားကိုက်နေတာကိုး။ ဆီပိုက်အပေါက်ကလည်း တကယ့်ကို မှုံမှုံလေး ပလပ်က ဖြာထွက်နေသော မီးပွင့်ကလေးကလည်း မဂ္ဂင်းနစ်မီးခြစ်ခြစ်သလောက်လေး။ ဒါကြောင့် မီးတောက်က သေးသေးလေးနဲ့ သတ်လို့မသေ ဖြစ်နေတာပေါ့။ ဆိုင်ကယ်စက်နှိုးတိုင်း ပလပ်က မီးထွက်တိုင်း ဆီပိုက်ကို ထိုးမိပြီး မီးထလောင်နေတာပေါ့။ (ဒါမျိုးက ဆိုင်ကယ်တွေမှာ ဖြစ်တတ်တယ်။ သတိထားပါ။ ကိုယ်တွေ့အမွေးအလောင်ခံပြီး ပညာရထားတာ)

အနာသိတော့လည်း ဆေးရှိပြီ။ လွယ်လွယ်လေးပါ။

မေးစေ့စွပ်ထားသော ကျွတ်ကျွတ်အိတ်ကို နှစ်ခြမ်းဖြဲကာ တစ်ခြမ်းကို ပလပ်နှင့်ပလပ်ကြိုးတွင် စုပတ်လိုက်သည်။ ကျန်တစ်ခြမ်းကို ပေါက်နေသော ဆီပိုက်ကို ဖာလိုက်သည်။

ရပြီ။ အန္တရာယ်ကင်းပြီ။

"အဲ. . ကျန်သေးတယ်၊ ပြောင်းဖူးရိုးဆိုင်လင်ဆာ"

ဒါမပါဘဲ မြို့ကိုဖြတ်၍ရမည်မထင်။ ဝိုင်းဝန်းမေတ္တာပို့သ



www.burmeseclassic.com

www.burmeseclassic.com



ကြရုံနှင့် အသက်ထွက်သွားနိုင်သည်။

ထို့ကြောင့် ပြောင်းဖူးရိုး ဆိုင်လင်ဆာကြီး ပြေးကောက်ရသေးသည်။ နီးနီးလေးမထင်ပါနှင့် အိပ်ဇောက ကန်ထုတ်လိုက်သော အရှိန်ကြောင့် လိမ့်ပြီး တောင်အောက်ရောက်လုပင်။

ဘာမှမထူး။ တောင်ပေါ်ကို ဆိုင်ကယ်တွန်းပြီး တစ်ကြိမ်။ ပြောင်းဖူးရိုးကောက်တုန်း အလွတ်တစ်ကြိမ်။ နှစ်ကြိမ်ပြေးလိုက်ရတာသာ အဖတ်တင်၏။

မောတာကတော့ ပြောမနေနဲ့တော့။ ရှိုစုမဲ့စုန်ရှိုးပါ အပြင်ကန်ထွက်မတတ်။ ချွေးတွေရော ရေတွေပါရောပြီး နွေခေါင်ခေါင်တစ်ယောက်တည်း သကြံန်ကွက်ကျသလို ရွှဲနစ်နေ၏။ ကျွန်တော့်အဖြစ်တလည်း ကြည့်ပါဦး။ ဘာမှမရှိသည့် မြို့လေးတစ်ပတ်ဆိုင်ကယ်နှင့် ပတ်တာ နေ့ဝက်ကျိုးနေရလေပြီ။

"မဖြစ်သေးဘူး. . သွားစရာအများကြီးကျန်သေးတယ်"

ဟု စဉ်းစားမိပြီး ပြောင်းဖူးရိုးအိပ်ဇောထဲထိုးပြီး ဆိုင်ကယ်ပေါ်တက်ခွလိုက်သည်။ ပြီးနောက် စက်နှိုးလိုက်သည်။

"ဗိုး. . ထုတ်. . ထုတ်. . . ထုတ်. . "

ဆိုင်ကယ်စက်သံက ညက်ညက်လေး။ မီးလည်းမလောင်တော့။

"သွားပြီ ဆရာလေးရေ. . . နောက်မှပဲဆုံတော့မယ်"

ဆိုပြီး ဆိုင်ကယ်စီးသွားတယ် ထင်လို့လား။ နောက်ထပ်ကုန်းတစ်ကုန်း ကျန်သေးတော့ ဆိုင်ကယ်စီးချင်ယောင်ဆောင်ပြီး 'ကွ' ကာပြေးတက်လိုက်ရသည်။

ကုန်းတက်က ဒီတစ်ခါပိုမြင့်သမို့ လူမစီးဘဲ တွန်းတာတောင် ဆိုင်ကယ်နောက်ပြန်မလိမ့်အောင် မနည်းခြေကန်တွန်းယူရသည်။





"ဩော်. . . ကျန်းမာရေးဆိုင်ကယ်ကြီး. . အသက်သုံး ဆယ်လောက်ပဲရှိ၊ ဒီဆိုင်ကယ်စီးရင် သေတယ်"

တောင်ကုန်းက နိမ့်ပေမယ် အနည်းငယ်မျှ မတ်နေတော့ နံပါတ်ဝမ်းဂီယာကို လီဗာကုန်ဆွဲပြီး အတင်းတွန်းပြေးနေတာတောင် မတက်ချင်တက်ချင် ဖြစ်နေသည်။ ဆိုင်ကယ်လက်ကိုင်ကလည်း တအားကြီး နွဲ့နေလေတော့ ကောက်မကျသွားအောင် မနည်းချော့တွန်းနေရသေး၏။ ဤသို့ဖြင့်. . . .

"ဗိုး. . ထုတ်. . . ထုတ်. . . ထုတ်. . "

ရောက်ပြီ။ တောင်ကုန်းပေါ်ရောက်ပြီ။

"ဟား. . . အခုမှပဲ အေးသွားတော့တယ်"

ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကို ရှူရှိုက်လိုက်တော့ ချက်ချင်းလန်းဆန်းသွားသည်။ ခုနက ကုန်ခမ်းသွားသော အင်နာဂျီတွေ ချက်ချင်းပြန်ပြည့်သွားသလို ခံစားရသည်။ ဆိုင်တယ်ကိုရပ်၍ အသက်ကို ခပ်ပြင်းပြင်းရှူလိုက်၏။

"ဟား. . လောကကြီးက တယ်သာယာပါလား"

အပေါ်စီးမှ မြင်ရသော မြင်ကွင်းကြောင့် ကိုယ့်ဘာသာကိုယ် ကျေနပ်နေမိသည်။

တော်ရုံတန်ရုံ အခြေအနေဆို မိမိ၏ပျင်းပုံပျင်းလက်နှင့် ဒီတောင်ပေါ်ရောက်ဖို့ လွယ်မည်မဟုတ်။ ယခုဤဆိုင်ကယ်ကြီး ကောင်းမှုကြောင့်သာ တွန်းတက်ပြီးရောက်လာတာ။

ကိုယ့်ဘာသာကိုယ် လမ်းလျှောက်တက်ပါဆို တစ်သက်တောင် ရောက်ဖြစ်မည်မထင်။ ဆိုင်ကယ်ကောင်းမှု အကြောင်းပြုပြီးသာစုခေါ်ရမှာ။

ကြည့်စမ်း။ ကျောင်းကန်ဘုရားများတဲ့ ငါတို့မြို့တွေ၊ တော အုပ်စိမ်းစိမ်းနှင့် တောင်တက်တောင်ဆင်း အတွေ့တောက်ရှေ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



သာယာတဲ့ ငါတို့မြို့။ မြစ်ချောင်းအင်းအိုင် ပတ်လည်ကာရံပြီး စိမ်းစိုနေတဲ့မြို့။ ဒီလိုမြို့။

"ဟင်. . . ဟိုကဘာတွေပါလိမ့်. . ဩော်. . ကာရာအို ကေ ဆိုင်တွေပဲ. . ."

အဲ အနုပညာနဲ့ပက်သက်ပြီးတော့ရော ပြောမလား။ ကာရာအိုကေဆိုင်ချည်း လေးဆယ့်ခြောက်ဆိုင်ကျော်ရှိတဲ့မြို့။ သီချင်းဆိုချင်သလား ငါတို့မြို့လာခဲ့။ ဆိုစမ်းသားရယ်။ အာသာပြောင်းသွားမယ်။ ဆိုစရာဆိုင်က မကုန်စေရဘူး။ ပိုက်ဆံကုန်မှ ကိုယ်ဘာကောင်ဆိုတာ သိစေရမယ်။

ဒီလိုမြို့ရဲ့မြင်ကွင်း ဘယ်သင်းနဲ့ လဲရမှာလဲ။

ကိုယ့်ဘာသာကိုယ် မြို့ကိုအပေါ်စီးကကြည့်ပြီး သဘောတွေကျနေသည်။ ဒါကလည်း ဟောဒီဆိုင်ကယ်ကြီး ကောင်းမှုကြောင့်ပင် မဟုတ်လား။

"ဩော်. . အင်မတန် ကြည်ညိုစရာဆိုင်ကယ်ကြီးပါလား"

ကိုယ့်ဘာသာကိုယ် ဆိုင်ကယ်ကြီးကြည့် ပီတိတွေ ဖြစ်နေ၏။ ဖြစ်နိုင်လျှင် ထိုင်တောင်ရှိခိုးလိုက်ချင်သည်။ ပြီးမှ

"အေး. . နင်တစ်လှည့်စီး၊ ငါလည်းတစ်လှည့်စီးမပေါ့၊ ငါလည်း နင့်ကိုအနိုင်မကျင့်ဘူး. . သမ္မာအာဇီဝကျကျပဲ"

ရေရွတ်ရင်း ကိုယ့်စီးအလှည့်ဟု သဘောထားကာ သူ့ကို တက်ခွလိုက်သည်။ ပြီးနောက် ဆိုင်ကယ်စက်ကို နှိုးလိုက်သည်။

"ဗြဲး. . ထုတ်. . . ထုတ်. . . ထုတ်. . ."

ကြွက်ပြုတ်ကျတောင် နှိုးသည့်ဆိုင်ကယ်မို့ အားစိုက်ရန်ပင် မလိုတော့။ ဤမျှသန္ဓေကောင်းသည့် ဆိုင်ကယ်ကြီးပေ။ ကြည်နူးဖွယ် မကောင်းပေဘူးလား။

"ဂလောက်"





"ညွှန်. ညွှန်. ညွှန်."

ဂီယာထိုးလိုက်သည်နှင့် ဆိုင်ကယ်ကြီးမှာ ကုန်းတက်သာ မတက်နိုင်သာ ကုန်းဆင်းမှာတော့ ခြေကုန်ရုန်းမည့်သဘော။ ကလပ်ကို လွှတ်မယောင်နှင့် လီဗာကို ခပ်ကြမ်းကြမ်းဆွဲလိုက်သည်။

"ဗြိုး ဗြိုး ဗြိုး"

ဆိုင်ကယ်က ပုံပြင်တွေထဲကလို ဇက်ကြိုးတစ်စ ရော်နီကောင်းမြင်းကြီးလို ရုန်းကန်ခုန်ပေါက်နေသည်။ ဆိုင်ကယ်ရုန်းထွက်သွားမှာစိုး၍ မနည်းခြေကန်ဆွဲထားရသေး၏။

ဆိုင်ကယ်ကို မောင်းမထွက်သေးဘဲ ခြေနင်းပေါ် ခြေတင်၍ မြို့ကို အပေါ်စီးမှ လှမ်းကြည့်လိုက်သေးသည်။

မျက်မှန်နက်ကြီးနှင့် လေတဖျပ်ဖျပ်လွင့်နေသော အင်္ကျီများကြောင့် ကိုယ့်ကိုယ်ကို Rocker ကြီးလိုလို၊ မြို့ကိုအပိုင်စီးမည့် ဆိုင်ကယ်လမ်းသရဲကြီးလိုလို ထင်နေမိသည်။ အလိုလိုနေရင်း နားထဲတွင်လည်း ပေါက်ကွဲမှုနှင့် ပြည့်လျှံနေသော သီချင်းသံများ ကြားနေရသည်။

"ဗြိုး ဗြိုး ဗြိုး"

ဆိုင်ကယ်လီဗာကို ခပ်ကြမ်းကြမ်းဆွဲလိုက်သည်။အသံထွက်က စီးစီးပိုင်ပိုင်နှင့် အားရစရာ။ စက်သေနတ်ကို ဒရစပ်ဆွဲလိုက်သလိုမျိုး။

ဆိုင်ကယ်ပေါ်အကျအတိုင်း ကုန်းဆင်းအတိုင်း အရှိန်နှင့် မောင်းဆင်းလိုက်သည်။

"ဝေါ. . . ထန်း. . ထန်း. . . ထန်း. . ."

သခင်၏အလိုကျ ဆိုင်ကယ်လီမှာမှာ လေးညို့မှ ထွက်သောမြားသဖွယ် ပြေးထွက်သွားသည်။

"ဂလောက်"



www.burmeseclassic.com

www.burmeseclassic.com



"ညွန့်. ညွန့်. ညွန့်."

ဂီယာချိန်းလိုက်သည်။

"ဂလောက်"

ဂီယာထပ်ချိန်းသည်။ ကုန်းဆင်းအတိုင်း ဖောက်ထိုးကြီးဆင်းနေပြီမို့ အရှိန်ကမသေး။ မကျေနပ်နိုင်သေးဘဲ ဂီယာထပ်ချိန်းလိုက်သည်။

"ဂလောက်"

အမြင့်ဆုံးဂီယာ။ ဂီယာနံပါတ်ဖိုး။ ဒိုင်ခွက်ကိုလှမ်းကြည့်လိုက်တော့ တစ်နာရီမိုင်ခြောက်ဆယ်။ အခြေအနေ၊ အနေအထားက အားရစရာ။ မြင်းဖောင်းမှ လွတ်လိုက်သော မြင်းရိုင်းသဖွယ်ခုန်ပေါက်ပြေးလွှားနေသည်။ ကုန်းဆင်းမှ အကွေ့တစ်ခုတွေ့ရသည်။ ကျွမ်းကျင်စွာ ဘရိတ်ကို ဆနင်းလိုက်သည်။

"ကညွှန့်. . . ကညွှန့်."

ဆိုင်ကယ်က တုန့်၍မျှပင်မဖြစ်။ အရှိန်နှင့် ဆင်းမြဲဆင်းဆဲ။ ဘရိတ်ကို ခပ်ဆတ်ဆတ် ဆောင့်နင်းလိုက်သည်။

"ကညွှန့်. . . ကညွှန့်. . . "

ဆိုင်ကယ်က လုံးဝကို မတန့်သွား။ ထိုတော့မှ ဆံပင်များထောင်တက်သွားပြီး. . .

"ဟင်. . . ဟာ. . . သွား. . . သွားပြီ. . သွားပြီ"

ဆိုင်ကယ်ဆင်းနေသော အရှိန်ကို ဘရိတ်က လုံးဝမထိန်းနိုင်။ ဘရိတ်ဖမ်းမမိတော့။ ဆိုင်ကယ်က ကုန်းအဆင်းအားပြု၍အရှိန်ပြင်းစွာ ဆင်းနေဆဲ။

"အောင်မလေးအမေရဲ့. . . ဘရိတ်. . . ဘရိတ်ပေါက်ပြီဗျ"

ကြောက်လန့်တကြား အော်ရင်း ဘရိတ်ကို အားနှင့် ဆောင့်





နင်းချလိုက်သည်။

"အင်းဟာ"

"ကလောက်. . . ကလောင်. . . ကလောင်. . ကလောင်"

"ဟာ"

အားရပါးရ ဆောင့်နင်းလိုက်သော အရှိန်ကြောင့် ဝရိမ်နှင့်တည်းထားသော ဘရိတ်အမည်ခံ စိုးဝင်း၏ လက်ဖြစ်သံချောင်းရှည်ကြီးမှာ ပြုတ်ထွက်သွားလေသည်။

"ဟင်. . ဘရိတ်တံ. . ဘရိတ်တံ. . ပြုတ်ထွက်သွားပြီ"

ဟုတ်ပေသည်။ ဘရိတ်တံမှာ ပြုတ်ထွက်သွားလေပြီ။ ဆိုင်ကယ်ကို ကြည့်တော့ တစ်နာရီမိုင်ရှစ်ဆယ်။

"ဟင်. . သေ. . သေပြီ. . . သေ. . သေပြီ"

မသေရင်တောင် လေလော်ကတော့ ဖြတ်နိုင်သည့်အနေအထား။ မျက်နှာပေါ် လေတို့အတားအဆီးမဲ့။ ဆိုင်ကယ်က မတ်စောက်သော တောင်ကုန်းပေါ်မှ ဖောက်ထိုးကြီး အရှိန်ပြင်းစွာဆင်းနေပေပြီ။

"လုပ် . . လုပ်ကြပါဦး. . . ဆွဲကြပါဦးဗျို့"

ခုနကုန်းတက်တွင် တွန်းတက်ရသော ဆိုင်ကယ်ကြီးမှာ ယခုကုန်းဆင်းတွင်တော့ တစ်နာရီမိုင်ရှစ်ဆယ်ကျော်လေပြီ။ မြန်လိုက်သည့် အမျိုး။ အမြင်ကပ်ပြီး တွန်းချလိုက်သလားတောင် ထင်ရတယ်။

"ဟင်. . ဘာ. . ဘာ. . ဘာတွေလဲ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်လုံးပင် ပြူးကျယ်သွားမိသည်။

"ဟာင်. . . သွား. . သွားပြီ. . . သေ. . သေပြီ"

တောင်ရိုးတန်း ဆိုင်ကယ်လိမ့်ဆင်းလာရာ လမ်းတစ်လျှောက် ပျော်ရွှင်စွာတီးမှုတ်ခုန်ပေါက်တက်လာသော ရဟန်းခံရှင်



www.burmeseclassic.com

www.burmeseclassic.com



ပြုအဖွဲ့။ မောင်ရင်လောင်းများကို ထမ်းရင်းခုန်ပေါက်နေကြသည်။ ထိုတော့မှ သိရသည်မှာ ခုနကကြားနေရသော ပေါက်ကွဲသံစဉ်များမှာ ထိုရှင်လောင်းအဖွဲ့မှ ကြားရသောအသံများပင်။

ယောင်ယောင်ကမ်းကမ်းနှင့် မရှိတော့သော ဘရိတ်ကို ကယောင်ကတမ်း လှမ်းနင်းနေမိသေး၏။

"ဘရိတ်. ... ဟင်. . . ဘရိတ်. . ဘယ်ရောက်. . ဟာ"

ရှင်ပြုတန်းနှင့် အတော်ကလေးကို နီးလာလေပြီ။ ဒီလိုအရှိန်နှင့်ကတော့ တစ်ပါးသော်လည်းကောင်း၊ အစုလိုက်အပြုံလိုက်သော်လည်းကောင်း တိုက်မိနိုင်သည်။

ရှင်ပြုအဖွဲ့များကတော့ ကျွန်တော့်အဖြစ်ကို မသဲသေးဘဲ တီးသူမှုတ်သူ ကခုန်သူများနှင့် စည်ကားစွာ လှမ်းတက်လာတုန်း။

သတိရပြီး ဟွန်းတီးကြည့်သည်။ အစကတည်းက မရှိသော ဟွန်းက ဘယ်လိုလုပ်ပြီး မြည်နိုင်အံ့နည်း။

"အား"

အာခေါင်ခြစ်အော်မိသည်။ ကျွန်တော့်အော်သံကြားတော့မှ ရှင်ပြုအဖွဲ့လည်း ကျွန်တော့်ကို လှမ်းမြင်ကြသည်။ ထိုတော့မှ အားလုံးလှုပ်လှုပ်ရှားရှားဖြစ်ကာ. . .

"ဟာ. . ဟာ. . . ဘာ. . ဘာကြီးလဲဟ"

"ဟင်. . ဘာ. . ဘာကြီးလိမ့်လာတာလဲ"

"ဟေ့. . ဟေ့. . ကတ္တရာပုံးကြီး တောင်ပေါ်က လိမ့်လာတာဖြစ်မယ်. . . ပြေးကြ. . ပြေးကြ. ."

ဆိုင်ကယ်ကလည်း မီးခိုးလုံးကြီးဖုံးနေ၍ ဘာမှန်းမသိဖြစ်နေပုံရသည်။ သို့သော် ပြေးသူပြေး၊ ခုန်သူခုန်နှင့် ဝရုန်းသုန်းကားဖြစ်ကုန်၏။

"အောင်မလေးတော့. ."





အရှေ့ဆုံးမှ လှုပကျော့ရှင်းနေသော ကွမ်းတောင်ကိုင်မှ သူ့ခေါင်းပေါ်မှ ဗန်းကြီးကို ဂလွမ်ခနဲပစ်ချကာ ထဘီကို ဆတ်ခနဲမကာ လမ်းဘေးလှမ်းခုန်ချတာ မြင်ရ၏။

"ဟ. . ဟ. . လုပ်ကြပါဦး. . . လုပ်ကြပါဦး. . "

မောင်ရင်လောင်း ထမ်းထားသူများကလည်း ထမ်းထားသောမောင်ရင်လောင်းပဲ ပစ်ချပြီးပြေးရမလား၊ အတွဲလိုက်ပဲ ပြေးရမလားမသိဘဲ ခြေချင်းလိမ်ကုန်၏။

ကျွန်တော်လည်း ထိုလူများကြား ဘာလုပ်ရမှန်းမသိ။ နောက်မှ သတိရပြီး အရှေ့နည်းနည်းရွှေ့ကာ ဂီယာလှမ်းချိန်းလိုက်သည်။

အရေးထဲ ဝေးလံသီခေါင်ရသည့်အထဲ အနောက်ကို ပြန်တလော်ရသည်မို့ တော်ရုံနှင့်မလွယ်လှ။ နီးတာကလည်း အတော်နီးလာပြီ။

"အိစ်"

အနာခံ၍ ကြိုးစားလိုက်သည်။ အနာခံတာမှ ဆိတ်တိုင်တီနှင့်ဖင်ထိုင်ခုံကြား နှလုံးမြေချ၍ ဥကွဲသိုက်ပျက်သည်အထိကို ကြိုးစားရပေပြီ။ ကိုယ်ကွဲတာ အကြောင်းမဟုတ်၊ သူများမကွဲဖို့ အရေးကြီး၏။

"ဂလောက်"

"ညွှန်. ညွှန်. ညွှန်."

ဆိုင်ကယ်က အရှိန်အနည်းငယ်လျော့ကာ စောင်းငန်းစောင်းငန်းနှင့် ဦးရွှေရိုးနှင့် ဒေါ်မိုးကြားပြေးဝင်သွား၏။

"အောင်မလေး. . . လုပ်ကြပါဦး. . ."

ဒေါ်မိုးကိုယ်ပေါ် ဦးရွှေရိုးက ကြောတ်လန့်တကြားခုန်တက်လိုက်သည်။ ဒေါ်မိုးခမျာ သူ့ထဘီကိုပြန်ထိန်းရ ဦးရွှေရိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးနှင့် နှစ်ယောက်သား ထီးကြီးဆောင်းပြီး မြောင်းထဲဆင်းချသွား၏။

"ဟင်. . . ဟင်. . ငါ့. . ငါ့အလှည့်ဟ"

ဆိုင်ကယ်က ဆိုင်းဝိုင်းတွေ တင်ထားသော ဆိုက္ကားဘက် လှည့်ချသွား၍ ဝါးလက်ခုပ်တီးခများ သူ့ဝါးလက်ခုပ်ကို သူ့နား နှစ်ဘက် ပြန်ညှပ်ရင်း ခုန်ထွက်သွားသည်။

"ဟင်. . . ဟင်. . ဆိုက္ကား. . ဆိုက္ကားကြီး"

ထိန်းသူမရှိသော ဆိုက္ကားကြီးမှာ တောင်ရိုးအတိုင်း မောင်းများ၊ ဆိုင်းများကို တင်ဆောင်ရင်း နောက်ပြန်ကြီး ဆင်းချသွား၏။ ဒီကြားထဲ မိုက်ခွက်ကို သူများပေးရမည်စိုး၍ လည်ပင်း၌ မိုက်ကြိုး ပတ်ထားသော ကိုမိုက်ခဲခမျာ လျှာတထွက်ထွက်နှင့် တအွတ်အွတ် မြည်ကာ ဆိုက္ကားနောက် အသည်းအသန်ပြေးလိုက်နေရလေသည်။ စက်က ဆိုက္ကားအရှေ့ခုံပေါ် မှာကိုး။

ဆိုင်ကယ်နှင့် ပြိုင်တူ နောက်ပြန်ကြီးလိမ့်လာသော ဆိုက္ကားကိုမြင်တော့ အလှူ့အစ်မကြီးခမျာ ခွက်ထားသော ဖျာလိပ်ကို ပစ်ချကာ 'အောင်မလေးတော့' ဟုမြည်တမ်းရင်း ဆိုက္ကားနောက်ခုံပေါ်ရှိ ဝတ်မကြီးပေါ် ခုန်တက်ရင်း ဖက်ထားလိုက်လေတော့၏။

"ဟဲ့. . ဟဲ့. . . လုပ်ကြပါဦး. . လုပ်ကြပါဦး. . ."

အလှူ့အစ်မကြီး ဆိုက္ကားနောက်တွင် ပါသွား၍ အလှူ့ရှင် ခမျာလည်း ကမန်းကတန်း လှမ်းဆွဲလိုက်ရာ ဆိုက္ကားရှေ့တွင် တပ် ထားသော လော်စပီကာကြီးပဲ ပြုတ်ပါလာပြီး အရှိန်မထိန်းနိုင်ဘဲ သူ့ခေါင်းကို လော်စပီကာစွပ်ကာ ချာချာလည်ကျန်ရစ်ခဲ့လေသည်။

ဆိုက္ကားကတော့ ပတ်မကြီးဖက်ထားသော အလှူ့အစ်မနှင့် မိုက်ကြိုးလည်ပတ်ထားသော မိုက်ခဲဆရာတို့ကို ဆွဲဆောင်ရင်း လိမ့် ကျနေတုန်း။





ကျွန်တော့်ခမျာလည်း လူရှောင်ရ ဆိုက္ကားရှောင်ရနှင့်မို့ မနည်းမျက်စိရှင်အောင် ထားနေရလေသည်။

မောင်ရင်လောင်းများမှာလည်း မသက်သာလှ။ ကိုယ့်ဘာ သာကိုယ် ကိုယ်လွတ်ရုန်းသူ ရုန်းရ။ ထမ်းထားသူများကို ခေါင်းဆံပင် ဆွဲမောင်းရနှင့် ဝရုန်းသုန်းကားတွေ ဖြစ်နေကြသည်။

ကိုယ်ကိုယ်တိုင်လည်း ဆိုင်ကယ်ကို တစ်ယောက်မှ မထိမ တိုက်မိအောင် ထိန်းကျောင်းမောင်းရင်း ထူးထူးဆန်းဆန်း မြင်လိုက် ရသော မြင်ကွင်းတစ်ခု။

"ဟင်. . . မြင်း. . မြင်းကြီး"

မောင်ရင်လောင်းတစ်ယောက်ကို တင်ထားသော မြင်းကြီး မြင်တော့ မျက်လုံးပြူးသွားရသည်။ ဆိုက်ကယ်က ထိုမြင်းတည့်တည့် အရှိန်နှင့်ဝင်လာသော ဆိုက်ကယ်ကိုမြင်၍ မြင်းကြီးလည်း ကြောက်လန့်တကြား ဟီခနဲ အသံပြုရင်း ပတာပ်ထရပ်သည်။

ကျွန်တော်လည်း ဆိုင်ကယ်ကို မြင်းနှင့်မတိုက်မိစေရန် လှစ် ခနဲ လှမ်းဆွဲချလိုက်သည်။

"ကျွိ. . ဟီဟီ"

ဆိုင်ကယ်က ပတာပ်ရပ်လိုက်သော မြင်းတင်ပါးနှင့် တစ် လျက်လေး လွတ်သွား၏။

"လွတ်ပြီ"

ဘာအတိုက်အခိုက်မှမရှိဘဲ ဆိုင်ကယ်က ရှင်လောင်းအဖွဲ့ မှ လွတ်လွတ်ကျွတ်ကျွတ် လွတ်ထွက်လာသည်။

"လွတ်ပြီကွ. . . ဆိုင်ကယ်မှာ ငါဆရာကွ. . ဟားဟား"

ဝမ်းသာအားရပင် ထအော်မိသေးသည်။

"ရဟူး"

မောင်ရင်လောင်းတန်းများကို ပြန်ကြည့်မိသည်။ ဝရုန်း



www.burmeseclassic.com

www.burmeseclassic.com



သုန်းကားဖြစ်သွားသော်လည်း ဘာအထိအခိုက်မှ မရှိ။ သူတို့ခများလည်း ဘာဖြစ်သွားလဲ သိပုံမပေါ်။ ဘာကြီးဖြတ်သွားမှန်းကိုပင် ဝိုးတဝါး။

"ဟူး. . တော်သေးတာပေါ့. . ဆိုင်ကယ်ကြီးကောင်းပေ လို့ပဲ"

ကိုယ့်ကိုယ်ကို နှစ်သိမ့်လိုက်သည်။ အားပါး။ အဲဒီတုန်းက တစ်ခါ၊ နှာခေါင်းထိပ်မှာ ဝက်ခြံပေါက်တုန်းက တစ်ခါ၊ ဒီနှစ်ခါပဲ ပေါ့ဖူးသေးတယ်။

နဖူးမှ ဝေ့ပျံနေသော ချွေးစများကို သုတ်ပြီး ဆိုင်ကယ်ဘီးတို့ ဆတ်လိုမ့်မိ၏။

"ဗိုး. . ထုတ်. . . ထုတ်. . ထုတ်"

ဆိုင်ကယ်စက်သံက ညက်ညက်လေး။ ဘရိတ်မရှိတော့၍ ဂီယာနှင့်သာ အသာလေးမျောမောင်းနေလိုက်သည်။ ဆိုင်ကယ်ကို ငယ်နိုင်မို့ ဒီကိစ္စလောက် ပြဿနာမဟုတ်။ ဆိုင်ကယ်ဖြတ်သန်းသော အရှိန်ကြောင့် ထိခတ်လာသော လေပြည်များက ကြည်နူးစရာ။

"ဘယ်သွားနေတာလဲဟင်"

"ဟဲ့. . ပလုတ်တုတ်. . . ဘာကြီးလဲဟ"

အနောက်မှ ကြားလိုက်ရသော ကျားသံစစ်စစ်ကြီးကြောင့် လန့်အော်မိသည်။ နောက်သတိရပြီး ဆိုင်ကယ်ကို ဂီယာချိန်းကာ လှမ်းရပ်လိုက်တော့. . .

"ဟင်"

မိမိဆိုင်ကယ်နောက်ခုံတွင် ပြောင်းပြန်ကြီးထိုင်ကာ အူကြောင်ကြောင်ပါလာသော လူကြီးတစ်ဦး။ ခေါင်းမှာလည်း စက္ကူမကိုင်ရုံကြီး ဆောင်းထားပြီး သနပ်ခါးတွေလည်း ဖွေးနေအောင် လူးထားသည့်အပြင် အဝတ်အစားများကိုလည်းပြောင်လက်စွာ ဝတ်



ဆင်၍ ပန်းရောင်တဘက်တစ်ထည်ကို ရင်ခေါင်းစည်းထားသေး၏။ ထိုသူကိုကြည့်၍ ကြက်သီးများဖြန်းခနဲ။ အပပဲမှိုတာလား။ တောင်ပိုင်ဘိုးဘိုးကြီးများလား။ ဒါက မဖြစ်နိုင်။ ယခုဟာက လူနှင့်တူနေတာ။ ထို့ကြောင့်

"ဟင်. . . ခင်ဗျား. . . ခင်ဗျား ဘယ်လိုပါလာ"

ကျွန်တော့်အမေးကို လူကြီးက ခေါင်းကုတ်ရင်း

"အေး. . ငါလည်းအဲဒါစဉ်းစားနေတာ. . မင်းဘယ်သွားနေတာလဲဟင်"

"အာ. . . အိမ်ပြန်နေတာပေါ့ဗျ. . ခင်. . ခင်ဗျားက ဘယ်နှယ့်ကြောင့် ဆိုင်ကယ်ပေါ်နောက်ပြန်ကြီး ပါလာတာလဲ"

လူကြီးက အူကြောင်ကြောင်နှင့် ခေါင်းကုတ်သည်။ ပြီးမှ "အေး. . . ခုနကတော့ ငါလည်း မောင်ရင်လောင်းဘဝနဲ့ မြင်းစီးလာတာပဲ၊ အဲဒါကို ဆိုင်ကယ်နဲ့ဝင်တိုက်မလိုဖြစ်ပြီး ဘယ်လို ဆိုင်ကယ်ပေါ်ပါလာတာလဲမသိဘူး"

"ဟင်"

သူ့စကားကို ရုတ်တရက်ဘယ်လိုမှ စဉ်းစားလို့မရ။ ကိုယ်က ဆိုင်ကယ်နှင့်သွားတာ။ သူကမြင်းပေါ်က။ နောက်မှ စဉ်းစားမိပြီး. .

"ဟာ. . ဟုတ်ပြီ"

ခုနက ဝရုန်းသုန်းကားနှင့်ဖြစ်နေတုန်း မြင်းကြီးမှာ လန့်ဖြန့်ပြီး ပတာပ်ထရပ်လိုက်စဉ် ထိုသူမှ မြင်းပေါ်မှ ကျွမ်းပစ်ကျပြီး မြင်းတင်ပါးနားမှ ဖြတ်ထွက်လာသော ဆိုင်ကယ်ပေါ်နောက်ပြန်ကြီး အခန့်သင့် ပြန်ကျလာတာပဲ ဖြစ်ပေလိမ့်မည်။

ဒါကြောင့် ပွန်းရာပဲ့ရာပင်မရှိဘဲ လူက မိန့်မိန့်ခန့်ခန့်ကြီး။ မကိုင်ရုံတောင်မပျက်။ နောက်မှ ကျွန်တော်လည်း သတိရပြီး. . .

"ဟင်. . . ဒါ. . ဒါဆို ခင်ဗျားမြင်းပေါ်က ကျွမ်းပစ်ပြီးထိုင်

www.burmeseclassic.com

www.burmeseclassic.com



ကယ်နောက်ခုံပေါ် ကျလာတာ ဖြစ်မယ်"

"ဟင်. . . အဲဒီလိုလား"

ထိုသူက သူ့ကိုယ်သူပင် မယုံနိုင်ဖြစ်နေပုံရ၏။ ကျွန်တော်က သာ ဆက်ပြီး. . .

"ကဲ. . ကဲ. . ဒါဆိုလည်း ခင်ဗျားဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး. . . ငါကဘာဖြစ်ရမှာလဲ"

"ဘာမှမဖြစ်ဘူးဆိုရင်လည်း ဆင်းတော့လေဗျာ. . ဟိုမှာ ခင်ဗျားတို့ ရှင်လောင်းအဖွဲ့"

ဟိုလူအူကြောင်ကြောင်နှင့် ဆိုင်ကယ်ပေါ်က ဆင်းလိုက်သည်။

"ခင်ဗျားဘာမှ မဖြစ်တာသေချာတယ်နော်"

ကျွန်တော်ကလည်း လူမှုရေးအရ တစ်ခုခုဖြစ်လျှင် ကူညီနိုင်ရန် မေးရသေး၏။ ထိုသူက ခေါင်းညိတ်သည်။ အဝတ်အစားပင် မရွံ့စောင်း။ စက္ကူမကိုင်မိပင် မကျွတ်။

"ဒါဆို ကျွန်တော်သွားပြီ"

"ဟ. . ဟ. . နေပါဦးကောင်လေးရ"

ဆိုင်ကယ်ထွက်ခါနီးမှ ထိုလူက လက်ကိုအတင်းဆွဲပြီးတား၏။ ကျွန်တော်လည်း စိတ်ရှုပ်သွားပြီး

"ဘာလဲဗျာ. . . ဘာဖြစ်ပြန်ပြီလဲ"

ဟိုလူက ခေါင်းကုတ်ကာ. . .

"ဘာမှမဖြစ်ပါဘူး. . . ဒါပေမယ့်. . တိုင်ပင်ချင်လို့"

ကျွန်တော် မျက်မှောင်ကျုံ့သွားမိသည်။

"ဘာတိုင်ပင်ချင်လို့လဲ"

ထိုသူမှ စကားမစသေးဘဲ ခေါင်းကုတ်ကာ ပြုံးလိုက်သေးသည်။ ပြီးနောက် လမ်းဘေးတွင် အသေအချာ ဆောင့်ကြောင့်ထိုင်





ပြီး

"ဟိုလေ. . . မင်းနဲ့ငါပေါင်းပြီးဆက်ကပ်ထဲဝင်ရင် ကောင်းမလားလို့"

"ဘာရယ်"

ထိုသူက ဆောင့်ကြောင့်ထိုင်ရင်း နေရာပြောင်းလိုက်သေး၏။

"ဒီလိုလေကွာ ခုနတုန်းကလို မင်းနဲ့ငါ ဆိုင်ကယ်နဲ့မြင်းကြီးကို ကပ်ရပ်ဝင်တိုး၊ ပြီးရင်ငါက မြင်းပေါ်ကနေ ပတ်ကျွမ်းပစ်ပြီး မင်းဆိုင်ကယ်နောက်ခုံပေါ် လှလှလေးကျ၊ လူတွေအတော်ကြိုက်မှာကွ နော်၊ ဟော့ကောင် အဝတ်အစားနဲ့တင် ပေါက်ပြီ"

"ဟင်. . ဟုတ်လား"

သူပြောတာလည်း ဟုတ်သလို စင်ပေါ်မှာဆိုလျှင် အင်မတန်ထူးဆန်းပြီး လှပသပ်ရပ်မည့် ပြကွက်ပေပဲ။ မြင်းနှင့်ဆိုင်ကယ် ဝင်တိုက်မလိုဖြစ်။ မြင်းပေါ်ကလူက အရှိန်လွန်ပြီး ဆိုင်ကယ်နောက် ခုံကို တစ်ပတ်ကျွမ်းနှင့် သပ်သပ်ရပ်ရပ်ကျ။ လူတွေက သဘောကျပြီး ထိုင်နေရာမှ မတ်တပ်ရပ်၍ ဩဘာပေး။ ကျွန်တော်တို့နှစ်ယောက်က လက်နှစ်ဘက်မြှောက်၍ မင်္ဂလာယူ။

"အေး. . ဒီနည်းက ကမ္ဘာ့ဆပ်ကပ်တွေမှာတောင် မပေါ်ဘူးသေးတော့ လူအတော်ကြိုက်ကြမှာပဲ"

လူကြိုက်လျှင် ပိုက်ဆံလည်းအတော်ရမှာ။ ဩော်. . ငါ့ဆိုင်ကယ်က စတိတ်ရှိုးပွဲများတွင်သုံးသည့် ဆိုင်ကယ်လည်းမဟုတ်။ ကျန်းမာရေးဆိုင်ကယ်လည်း မဟုတ်။ ဆပ်ကပ်ဆိုင်ကယ်ကြီးပါလားဟုတွေးမိရင်း ပီတိပင်ဖြစ်မိသေး၏။ နောက်မှ သတိရပြီး

"အာ. . ခင်ဗျားဘာသာ ခင်ဗျားနောက်တစ်စီးရှာပြီး ဆပ်ကပ်ထဲဝင်ဗျာ၊ ကျုပ်ကတော့ မလုပ်နိုင်လို့သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ မောင်းထွက်လိုက်သည်။ ဒါကိုတောင် ဟိုလူကြီးက ပြေးလိုက်လာပြီး . .

"ဟာ . . ဟေ့ . . ဟေ့ . . . မင်းစိတ်မပါရင်နေ၊ စိတ်ပါတဲ့အခါ ဒီရပ်ကွက်ထဲ နံပြားမော်ကြီးလို့မေးလိုက်ကွနော့၊ ဒါက သေချာပေါက် ငွေရပေါက်ကြီး။ ဟီဟိ. . အခုတော့ ငါလည်းရှင်သွားပြူလိုက်ဦးမယ်"

ဟူသော အော်သံကြားလိုက်ရသေး၏။ ကျွန်တော်လှည့်မကြည့်တော့။ ဘက်စုံသုံး အကြမ်းသုံး အခန့်သုံး ဆိုင်ကယ်ကြီးကိုသာ ခွစီးရင်း ခရီးနှင်လိုက်ပေတော့၏။

ဆိုင်ကယ်က ဆိုင်ကယ်စိတ်ဝင်နေ၍ ငြိမ့်ငြိမ့်လေး။

xxxxxx







ပုံပြောင်းစိုးဝင်း ဆိုင်ထဲလှမ်းဝင်တော့ အလုပ်ရှုပ်နေသော စိုးဝင်းမှ မော့ကြည့်သည်။

"ဟာ . . ပုံစံမိုက်ပါတယ်ဆိုပြီး တအံ့တသြကြည့်နေတာ ကိုယ့်ဆရာဆိုင်ကယ်ပေပဲ၊ ဘယ့်နှယ် အဆင်ပြေတယ် မဟုတ်လား။ လူစိတ်ဝင်စားမှုရော ရရဲ့လား"

ကျွန်တော်လည်း ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ပြီး. . .

"အေး. . လူစိတ်ဝင်စားမှုရတာတော့ ပြောမနေပါနဲ့တော့ကွာ၊ တစ်မြို့လုံး အုံးအုံးကျက်ကျက်ကို ဖြစ်ရောပဲ၊ ခွီးထဲမှာပဲ"

"ဒါပဲလေ. . ဒီလိုပဲဖြစ်ရမှာပေါ့၊ ပုံပြောင်းစိုးဝင်းတို့ ကိုင်လိုက်ရင် တက်သွားတာချည်းပဲ၊ ဒါပြီးရင် ရန်ကုန်တက်ပြီး မင်းသားတွေ တက်ကိုင်ပစ်မယ်"

"ဘယ်တစကိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကယ်လိုပဲပေါ့ဗျ၊ အောက်ပိုင်းကစကိုင်ရမှာ. . . ဒါပြီးမှ ဆေးဘော်လီ"

"ဆေးဘော်ဒီလုပ်ပါ"

"အေးလေ. . . ဆေးဘော်လီ"

အင်္ဂလိပ်စကား နားလည်သလိုပြောသူမို့ မပြင်တော့။ ထို့ကြောင့်. . .

"အေး. . မင်းကိုင်ချင်လည်း နောက်မှကိုင်တော့၊ အခု မင်းဆိုင်ကယ်က ဘရိတ်ပြုတ်ထွက်သွားလို့ ခွီးထဲမှာပဲ တောင်ပေါ်တန်းကုန်းဆင်းမှာ သေတော့မလို့"

စိုးဝင်းက ဆိုင်တယ်ဘရိတ်ကို ငုံ့ကြည့်သည်။ ပြီးနောက် သူ့နဖူးသူပြန်ထုပြီး. . .

"ဟာ. . သွားပါပြီဗျာ. . . သွားပြီ"

ကျွန်တော်လည်း မျက်မှောက်ကျုံ့လိုက်ပြီး. . .

"ဘာဖြစ်လို့လဲကွ"

သူကျွန်တော့်ကို ပြန်ကြည့်ရင်း ခေါင်းကိုဖြည်းညင်းစွာ ခါထား. . .

"အဲဒီသံချောင်းက ကျွန်တော့်အဖေ ချိုင်းထောက်က ခိုးဖြုတ်ထားတာဗျ"

"ဟင်"

ထိုတော့မှ အိမ်ပေါ်မှာ ချိုင်းထောက်ပျောက်နေသော သူ့အဖေကို တွေ့ရသည်။

"ဘယ်ခွေးမသား ငါ့ချိုင်းထောက်လာခိုးသွားတာလဲကွဟေ"

မွေးရာပါ ပိုလီယိုရောဂါသည်ကြီးက အိမ်ပေါ်မှာ အော်ဟစ်ဆဲဆိုနေသည်။

"ဟော့ကောင်. . မင်းအဖေကြီးဆဲနေတာ မနာဘူးလား"



"နာပါဘူးဗျာ၊ ကျုပ်အမေနာမည်ကိုက ဒေါ်ခွေးမပဲဟာ"

"ဟမ်"

စိုးဝင်းက နှုတ်ခမ်းပေါ်လက်တင်ရင်း. . .

"ရှူး. . ဘာမှမပူနဲ့ နောက်တစ်ဘက်ကျန်သေးတယ်"

သူ့စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွားသည်။

"ဟင်. . နောက်တစ်ဘက်၊ နောက်တစ်ဘက်ဆို မင်းအဖေကြီးထိုင်ရာကတောင် ဘယ်လိုထနိုင်တော့မှာလဲ"

စိုးဝင်းက မခိုးမခန့်ပြုံးလိုက်ကာ. . .

"ဒီဗိုင်းအတွက်ဆို စိုးဝင်းတို့က အဖေ့ကျန်းမာရေးတောင် မေ့ထားတာ၊ တလောတုန်းကတောင် ငါ့ညီတွန်းနေတဲ့ ရေစည်လှည်းဘီးကို ဖြုတ်ခိုးပြီး သူများတပ်ပေးခဲ့တာ. . . ဟီဟိ"

ဩော်. . . အင်မတန်ဒီဗိုင်းကိုရှိသေတဲ့လူကြီး။ ဒီဗိုင်းကြိုက်တယ်ဆိုပါက သူ့အမေ ဒေါ်ခွေးမထက်ဆင့်ပါ ဖြုတ်ပြီး ခေါင်းပေါင်းပေးမည့်လူမျိုး။

"ဘာမှမပူနဲ့ အသာနေ၊ နေ့ခင်းကြရင် အဖိုးကြီးအိပ်မှာကွ၊ အဲဒီတော့ကြမှ နောက်ချိုင်းထောက်တစ်ဘက်ဖြုတ်ခိုးပြီး အသေအချာ တပ်ပေးလိုက်မယ်. . . ခဏစောင့်"

"ဩော်. . သူက ကိုယ့်ကိုစေတနာရှိမှတော့ စောင့်ရတော့မပေါ့"

"ကဲ. . ဒါဆိုလည်း အိမ်ပြန်ပြီး ထမင်းစားလိုက်ဦးမယ်၊ နေ့ခင်းကြမှ တစ်ခေါက်ပြန်လာတော့မယ်"

"စိတ်ချကိုယ့်လူ. . စိုးဝင်းတို့က တိကျပြီးသား၊ အဖေ့ချိုင်းထောက်ရတာနဲ့ ဝရိမ်ဆွဲတို့ပစ်မယ်"

ကျွန်တော် လှည့်ပင်မကြည့်တော့။ လူကဖတ်ဖတ်မောပြီး

www.burmeseclassic.com

အကြောတွေပင် ကပ်ချင်နေပြီကိုး။ ထို့ကြောင့် ရေမိုးချိုး၍ အိမ်ပြန်အနားယူရန်သာ ပြင်လိုက်သည်။

xxxxxx







ကျွန်တော့်ရဲ့ဖုတ်သွင်းဆိုင်ကယ်ပျံကြီးက ကောင်းကင်ယံ လှည့်ပတ်ပျံသန်းနေသည်။

အခြားသောနတ်သားများ မပြောနှင့်၊ တိမ်တစ်အုပ်ကပင် ဆိုင်ကယ်ကြီးတို့ဝေးရင်း အချင်းချင်း ဒိုက်မိကုန်ကြသည်။

နေမင်းကြီးပင်လျှင် မြင်ဖူးနေကြ ပုံစံမဟုတ်သော ဆိုင်ကယ်ကြီးကို မျက်လုံးပြူး မျက်ဆံပြူးနှင့် လိုက်ကြည့်ရ၍ ထိုနေ့ နေပိုပူသွား၏။

မြင်မြင်သမျှကို အကြောလိုက်တတ်သော လေမုန်တိုင်းသည်ပင် ကျွန်တော့်ပုံစံကွေးကွေးကြီးကို မြင်သည်နှင့် သူလည်းသတိလက်လွှတ် တွေးတွေးကြီးလုပ်မိ၍ လေပွေသဏ္ဌာန်ဖြစ်ကာ မြို့ရွာများကို လှည့်ပတ်တိုက်ခိုက်မိသွားသဖြင့် လူတချို့ပင် အိုးမဲ့အိမ်မဲ့ဖြစ်ကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မဟာသမုဒ္ဒရာသည် ဆိုင်ကယ်ကြီးသူ့အပေါ်ဖြတ်သန်းသွားသည်ကို အိပ်မက်လား တကယ်လား သိရစေရန် သူ့ပါးသူတဖြန်းဖြန်းပြန်ချနေသဖြင့် လှိုင်းတံပိုးများ ထူထပ်လာသည်။

သူများဘာဖြစ်ဖြစ် လုံးဝလှည့်မကြည့်ဘူးဟု ကြွေးကြော်ထားသော အနန္တစကြာဝဠာကြီးပင် ဆိုင်ကယ်အဖြတ်တွင် မိုးချောင်းရင်း သူငယ်အိမ်စောင်းကျန်ခဲ့လေသည်။ (စွမ်းပေ့)

ကောင်းကင်ပေါ်စိတ်လိုလက်ရ ပျံတက်လာသော အစိုင်အခဲနှင့် အငွေ့တို့ပင်လျှင် ဆိုင်ကယ်ကိုမြင်သည်နှင့် ဂိ . . ဂိနှင့် ကိုယ့်ကိုယ်ကို သတ်သေကြကုန်၏။

(ဒါတောင် အသူရကယ်ဘက် မလှည့်လို့၊ လှည့်လို့ကတော့ ဘယ်သူမှတောင် ဆီအိုးထဲက တက်မှာမဟုတ်ဖူး)

ဤမျှလောက် စွမ်းပကားကြီးမားသော ဆိုင်ကယ်ဆန်းကြီး မြေပြင်ပေါ် ဆင်းသက်သည်နှင့် မဟာပထဝီမြေကြီး တော်လဲသံမြည်ဟီးရင်း လက်ခုပ်လက်ဝါးတီး ကြိုဆိုသောကြောင့် ဂျပန်ပြည်ကြီးမြေလျှင်ဒဏ်ခံလိုက်ရလေ၏။ (ဒါတကယ်)

ညခင်းရောက်ပေပြီ။

လမင်းသည် ဤဆိုင်ကယ်ကြီး ရုတ်တရက်ပေါ်ထွက်က သူနှင့်အလှချင်းပြိုင်မည်ကို ကြောက်ရွံ့၍ ရွှေချင်ယောင်ဆောင်ကာ ရာသီဥတုကိုပင် နွေခေါင်ခေါင်ဟု စွပ်စွဲပြီး နေ့တာကိုရှည်စေလိုက်သည်။

ခါတိုင်းသူများထက် ရှုံးစောစောဆင်းသော သူငယ်မလိုစောစီးစွာ အလှထွက်ပြတတ်သော ရွှစ်ကြယ်ပင် မြောင့်ထားသော ဆံပင်များ ပြန်လည်ကောက်ကွေးတာ မျက်စိနာနေလို့ အကြောင်းပြရင်း မျက်မှန်နက်ကြီး တပ်ဆင်ထားလိုက်သည်။

နေမင်းကြီးလည်း ငုံ့လျှိုးပြီ။ ငှက်အသွင် ပျံကြွနေသော



ဆိုင်ကယ်ကား မရပ်သေး။

တထုတ်ထုတ်မြည်သံကြောင့် အိပ်ရာမှ ဆက်ခနဲနိုးလာသည်။

အသိဝင်သည်နှင့် ပထမဆုံး သတိရမိတာက. . .

"ဆိုင်ကယ်"

ဟုတ်ပါသည်။ ဆိုင်ကယ်ပါ။ ခုနက အိပ်မက်ထဲမှာ ကောင်းကင်ပျံတက်နေသော ဆိုင်ကယ်။

"ဟုတ်ပြီ. . . ဒီအချိန်လောက်ဆို စိုးဝင်းဆိုင်ကယ်ကြီး မှုံ့ပြောင်းပြီးလောက်ပြီ"

အိပ်ရာမှ ကမန်းကတန်းထလိုက်သည်။

"ဟာ. . . နေတောင် အတော်စောင်းနေပြီပဲ"

ပင်ပန်းလွန်းလို့ အိပ်လိုက်တာ နေပင်စောင်းနေမှပဲတိုး။ အိပ်ရာပေါ်မှ ကမန်းကတန်းထပြီး ဝပ်ရှော့ရှိဆီသို့ ခြေဦးလှည့်လိုက်သည်။

xxxxxx

www.burmeseclassic.com

www.burmeseclassic.com





လမ်းထိပ်တွင် ရန်သူတော်တဖြစ်လည်း ချစ်သူနွားမကြီးကို တွေ့ရသည်။ နွားမကြီးကတော့ မနက်က ကျွန်တော့်ပြောင်းဖူးကြီး ကို ကိုက်ပြီးစားမြုံ့ပြန်နေတုန်း။ ဆိုင်ကယ်ကြီး မပါတော့ သူကျွန် တော့်ကို မှတ်မိပုံမပေါ်။ အိတ်ထဲဆောင်ထားသော မှတ်ပုံတင်ထုတ် ပြကြည့်သည်။ နွားမကြီးတစ်ဘက်လှည့်သွား၏။ မမှတ်မိတာကတော့ သေချာသွားပြီ။

အသာအယာ ခြေဖွနင်းရင်းသာ ကျော်တတ်လိုက်သည်။

ပုံပြောင်းစိုးဝင်း၏ ဝပ်ရှော့နှင့်က သိပ်မဝေး၍ လမ်းသိပ် မလျှောက်ရ။ ကရင်အခေါ် တပြသာ။

ဝပ်ရှော့ရောက်တော့ စိုးဝင်းက ဆိုင်ကယ်ကို လက်စသတ် နေပေပြီ။ ကျွန်တော့်ကိုမြင်သည်နှင့် သူမှပင်စ၍. . .

"အချိန်ကိုက်ပဲဗျာ၊ အခုပဲ ဝရိမ်ဆော်လို့ပြီးတယ် စတိုင်လ် ကတော့ မိုက်သွားပြီ. . . ဟိဟိ"

အိမ်ပေါ် လှမ်းကြည့်တော့ ပက်လက်လန်ပြီး လှည့်နေသော သူ့အဖေကို တွေ့ရ၏။ ပါးစပ်မှလည်း. . . .

"ဘယ်မအေ့သားတွေလဲကွ၊ ငါ့ချိုင်းထောက်ခိုးသွားတာ"

စိုးဝင်းက သူ့အဖေအသံကို ဂရုမစိုက်ဘဲ သူထိုထွင်ထား သော ဘရိတ်တံကြီးကို နင်းပြပြီး

"တွေ့လား. . . ဒီတစ်ခါတော့ မပြုတ်ထွက်တော့ဘူးကိုယ့် လူ၊ ဖြုတ်ချင်ရင်တောင် ပန်းပဲဖိုသွားပြီး ပေါင်တူနဲ့ ရိုက်ဖြုတ်ရ တော့မယ်"

ကျွန်တော်လည်း စီးသာစီးရမှာ စိတ်မသန့်စွာဖြင့်

"ဟော့တောင်. . . မင်းအဖေက ဟိုမှာဆဲနေပြီနော်"

ဆိုတာကို ဝေါ်စိုးဝင်းက မျက်စေ့မှိတ်ပြပြီး

"အသာနေ၊ ကျွန်တော် သူ့ချိုင်းထောက်အစား ဇလားသွား ဝယ်ခိုင်းထားတယ်"

"ဇလားက ဘာလုပ်ဖို့လဲ"

"ဇလားထဲဝင်ထိုင်ပြီး သွားချင်ရာတွန်းသွားဝေ့ါဗျာ၊ ဟုတ်ဖူးလား"

"ဟင်. . ဒီလိုလား"

"ထားပါ. . . ဒါတွေက အပရိကတွေပါ၊ ဆိုင်ကယ်ဘောင်း ဖို့ ဒီဖိုင်းလှဖို့သာ အဓိကပါ"

ဩော်. . မွေးသဖခင်ကျေးဇူးရှင်ရဲ့ ချိုင်းထောက် က အပရိ ကတဲ့။ ကောင်းစားတိုးတက်ဦးမယ့်သား။

"ကိုင်း. . ခင်ဗျားဆိုင်ကယ်လေး. . စမ်းကြည့်ပါဦး၊ အဆင် ပြေရဲ့လားလို့"

ကျွန်တော်လည်း စီးချင်လျှတ် လက်တို့မှို့ ဆိုင်ကယ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ခွေ၍ စက်နိုးလိုက်သည်။

"ထုတ်. . ထုတ်. . ထုတ်"

စက်ကမနိုး။ ဆိုင်ကယ်ကို ပြန်ငုံ့ကြည့်သည်။ ဘာတွေများ မှားယွင်းနေလဲလို့။ ဘာမှမမှား။ စက်ထပ်နိုးလိုက်သည်။ စက်ကမ နိုး။ ထို့ကြောင့် စိုးဝင်းဖက်လှည့်၍

"ဟော့ကောင်. . . စက်ကမနိုးဘူး၊ ဘာဖြစ်လို့လဲမသိဘူး"

စိုးဝင်းက ဆိုင်ကယ်နား ထိုင်လိုက်ပြီး ကာပရိုက်တာကို ဖြုတ်လိုက်သည်။

"ကာပရိုက်တာထဲ ရေဝင်နေတာဗျ၊ ဘယ်လိုရေဝင်တာလဲ"

ရုတ်တရက်စဉ်းစားလို့မရ။ သီလရှင်ကျောင်းက ရေနှင့် ပက်ထားတာကလည်း မနက်ထဲက။ အဲဒီတုန်းကတောင် ပြန်စီးလာတာ အကောင်းကြီး။

စိုးဝင်းက မိုးပေါ် မော့ကြည့်ရင်း. . .

"ဟာ. . မိုးအုံ့နေတာကိုးဗျ. . မိုးအုံ့တာနဲ့ ခင်ဗျားဆိုင်ကယ်တာပရိုက်တာထဲ ရေငွေ့ရိုက်နေတာဆိုတော့ ဒါကြီးကို မိုးလေဝသဌာနမှာထားရင် အကျိုးရှိမယ်ဗျ. . . နော့"

ဩော်. . ဆိုင်ကယ်. . ဆိုင်ကယ်. . စတိတ်ရှိုးဆိုင်ကယ်လည်း မဟုတ်။ ဆပ်ကပ်ဆိုင်ကယ်လည်း မဟုတ်၊ ကျန်းမာရေးဆိုင်ကယ်လည်း မဟုတ်။ မိုးလေဝသဆိုင်ကယ်ကြီးပါလား။

ကြည်ညိုရပြန်ရော။ ကဲ. . .

"ရပြီ. . . စက်ပြန်နိုးကြည့်ပါဦး"

"ဗိုး. . ထုတ်. . ထုတ်"

စက်က နိုးသွားပြီ။ စိုးဝင်းက ပစ္စည်းများသိမ်းရင်း. . .

"ဒီအတိုင်းစီးလို့ရပြီ. . . အဲ. . ဒါပေမယ့် အပေါ်သွားရင်တော့ ဆိုင်ကယ်ဘက်လှည့်မသွားနဲ့ပေါ့"





"ဘာဖြစ်လို့လဲ"

"ရေသံကြားရင် ကာဗရိုက်တာထဲ ရေငွေ့ပျံသွားမှာစိုးလို့"

အပေါ်သွားရင်တောင် အရှင်လိုစိတ်လွတ်ကိုယ်လွတ် မိုးပေါ် ထောင်မသွားရဲတဲ့ဘဝ။ ဒီဆိုင်ကယ်ရှုပ်ပွဲပြီးပြီးကို ဖြစ်ကရော ပဲ။ ဩော်. . ယဉ်ကျေးမှုဆိုင်ကယ်။ အဘက်ဘက်က ပြည့်စုံနေပါရော လား။ ဒီဆိုင်ကယ်မျိုး တစ်စီးသာရှိ ကျန်းမာရေး၊ ယဉ်ကျေးမှုရေး၊ ဘာသာ ရေး၊ အနုပညာ၊ မိုးလေဝသနှင့် ရေလုပ်ငန်းဦးစီး ကိစ္စရပ်ထိန်းသိမ်း စောင့်ရှောက်ရေးပါ တစ်ပါထဲပြုလုပ်၍ ရပေသည်။ ဤမျှကြီးကျယ် ခမ်းနားသော ဆိုင်ကယ်ကြီးပါတကား။

"ဗိုး. . ထုတ်. . ထုတ်"

တိမ်တစ်အုပ် လွင့်စင်သွားသည်နှင့် ဆိုင်ကယ်စက်မှာ ခြေ တော်တင်လိုက်ရုံဖြင့် နိုးသွား၏။ ဘရိတ်နင်းကြည့်သည်။

"ကညွန့်. ကညွန့်."

အိုကေ။ ဘရိတ်က မိရုံမက ကပ်ပါကပ်နေသေး၍ မနည်း ပြန်ကလော်တင်နေရသည်။

"အိုကေ. . ကောင်းသွားပြီ. . ဘယ်လောက်ပေးရမလဲ"

"ဖလားတစ်လုံးဖိုးပဲ ပေးပါ"

စိုးဝင်းအသံနှင့် အတူ

"ဟော့. . ဟော့. . မင်းကို ဘာလုပ်ကြတာလဲကွဟေ. . "

ဟူသော သူ့အဖေ၏အော်သံ ပေ့ကြည့်လိုက်တော့ သူ့တ ပည့်နှစ်ယောက်က သူ့အဖေကို ချိုင်းကမပြီး ဖလားစိမ်း ဆဲ ထည့် နေတာတွေ့ရ၏။

သိပ်မကြာပါ အဘိုးကြီးခမျာ ဖလားကိုလက်နှစ်ဘက်နှင့် တွန်းရင်း လိုရာသွားနိုင်သော အနေအထားသို့ ရောက်သွား၏။ ရုတ် တရက်ကြည့်လျှင် ရာဇဝင်ထဲက ခြေမပါလက်မပါနှင့်မို့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးထဲ ရွက်ထားရသော ပဒမ္မပေါင်တိုလို။ ဝိုင်မေ့ဒီဇိုင်း။

ကျွန်တော်လည်း ဘရိတ်တ်အတွက် ကျသင့်ငွေဇလားတစ်လုံးဖိုး ငွေချေပေးလိုက်သည်။ သြော်ကိုယ့်မှာလည်း ဆိုင်ကယ်ဘရိတ် တ်တပ်တာ ဇလားဖိုးရှင်းရသည်ဆိုတော့ စဉ်းစားသာကြည့်။ ပြီးနောက်အရှေ့ကသွားလျှင် နွားမအလိုက်ခံရမည်စိုး၍ အနောက်လမ်းကသာ ခိုးဝင်မောင်းနှင်လိုက်ရလေတော့၏။

"ထုတ်. . ထုတ်. . ထုတ်"

စက်သံက ညက်ညက်တလေး။

xxxxxx



ညနေဆည်းဆာကို ဖြတ်သန်းနေသော စီးတော်ယာဉ်သည် ပြာလဲ့လဲ့မိုးကောင်းကင်နှင့် ရွှေကန်စွန်းဥနှစ်ရောင် နေလုံးကြီးတို့အလျားသင့် ဖြတ်သန်းရင်း သွက်လက်ချက်ချာသော ကလေးငယ်သဖွယ် ပြေးလွှားနေသည်။

အနောက်ဘက်တွင်တော့ ဂျုံးဂျုံးဂျက်ဂျက်၊ လယ်တောစက်က မရပ်မနား၊ ရထားကြီးတလိမ့်လိမ့် ရွေ့လျားနေဆဲ။ ရထားနှင့်အတူ လိုက်ပါနေသော မီးခိုးများ၊ တိမ်စိုင်တိမ်ခဲများက ကောင်းကင်ယံနှင့် ရထားကြီးကြား ခေါင်းပေါင်းစတလူလူလို။

ဤပုံစံမျိုးမှာ နိုင်ငံခြားရုပ်ရှင်ကားများ၌ ဒါရိုက်တာတစ်ယောက်က ဤမြင်ကွင်းရရှိရန် ခြောက်လလောက်စောင့်ရိုက်ရမည့်အနေအထား။ ပတ်ဝန်းကျင်၏ လှပခြင်း၊ ရထား၏ အသက်ဝင်ခြင်း၊ ဆိုင်ကယ်နှင့်လူက အင်အားရှိခြင်းတို့နှင့် ပြီးပြည့်စုံသော [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကွင်းကို ဘယ်သင်းနှင့်မှလွဲ၍ မရအောင် ပြီးပြည့်စုံလှပေပြီမဟုတ်ပါလား။ ကမ္ဘာမှာဆို အော်စကာဆု သူ့မှမပေးရင်"မတရားဘူး. . ငွား. . ငွား"ဆိုသည့်စကား နားနှင့်မဆုံအောင်ပင် ကြားသွားရလောက်သည်။

ဤမြင်ကွင်းမျိုးကို စက္ကန့်ပိုင်းမျှ မြင်တွေ့မိလျှင်တောင် တစ်သတ်တာလုံးအတွက် မျက်လုံးမှိတ်လိုက်တိုင်း အတွေးထဲပြန်လည်မြင်ယောင်နေမိသော အနေအထား။

ဤမျှတန်ဘိုးထိုက်တန်လှသော မြင်ကွင်းကို ရွာသားများကတော့ သူတို့ကျောင်းလာသော နွားများကြိမ်နှင့် မကြာခဏအတို့ခံရသည့်နွားဖင်မျှလောက်ပင် ဂရုမထားကြခြင်းက နောင်လာနောက်သားများအတွက် မြင်ကွင်းဆန်းတစ်ခု ဆုံးရှုံးခြင်းပင်။ ဤမြင်ကွင်းနှင့် နွားဖင်မည်သည်က သာယာဘိနည်း။ နှိုင်းယှဉ်၍ပင်မရ။

နှမြောဘိတောင်း။ ရင်နာဘိတောင်း။ အမြင်မကျယ်ဘိတောင်း။

သူတို့ကို ပြစ်တင်နေပါကလည်း ကိုယ့်ရဲ့ပင်ကိုယ်စရဏာဉာဏ်ပင် ဆောက်ဖြတ်နှင့် စားချလိုက်သလို တုံးကိုသွားမည်စိုး၍ သဘာဝကို သဘာဝအတိုင်း ထားလိုက်သည်။

"ထုတ်. . . ထုတ်. . ထုတ်"

ဆိုင်ကယ်က မြစ်ကမ်းနံဘေးမြေနီလမ်းကို ဖြတ်လိုက်သည်။ နေဝန်းကား ဝါ၏။ မြစ်ပြင်ကား ပြာ၏။ မြေနီလမ်းကား နီ၏။

ဤမြင်ကွင်းမျိုးကို ရှေးစာရေးဆရာကြီး ကြယ်နီသာမြင်ပါက မည်သို့ဖွဲ့ဆိုမည် ထင်သနည်း။

"အို. . . ရှုလော့အဆွေ. ."

နေဝန်းနီမှ ဖြာလွှဲလာသော ရောင်ဝါသည် မြစ်ပြင်ကိုဖြတ်၍ လင်းလက်သော ရောင်စဉ်တို့ဖြင့် မြေနီလမ်းပေါ်သို့ ဟပ်နေ၏။



ထိုမြေနီလမ်းပေါ်မှာမှ ဖုန်တထောင်းထောင်းထအောင်သွားနေသော ယာဉ်တစ်ခု။ ကောင်းတင်ယံမှ ကြည့်ပါက နေရောင်လောင်ကျွမ်းမှုကြောင့် နီကျင်နေသော ကျောမွဲကြီးတစ်ခု။

"အလို. . . . စောကြည်ဖြူပါလား"

ဤသို့ပင်မှတ်တမ်းတင် ဖွဲ့ဆိုသွားလောက်ပေသည်။ ထိုမျှတင်လားမဟုတ်။ အင်္ဂလိပ်စာရေးဆရာကြီး အိုမာခယမ် မြင်လျှင်ပင်သူတောင်းဆိုနေကြ ဝိုင်တစ်ခွက်နှင့် ပေါင်မုန့်တစ်ချပ်ကိုပင် မတောင်းဆိုတော့ဘဲ

"နေဝန်း၊ တံလျှပ်နှင့် ဆိုင်ကယ်အဖြတ် ချစ်သူအနမ်းတစ်စက်ထက် ချိုမြိန်၏။ "ဆိုပြီး ဂန္ထဝင်ဈွင်အောင်ပင် ဖွဲ့ဆိုမိပေလိမ့်မည်မှာ မလွဲ။

ဤမျှသာလော

ဘင်္ဂလီစာရေးဆရာကြီး ရာဘင်ဒြာနတ်တာဂိုးမြင်လျှင်ပင်

"အိုမေမေ. . .

သားတော့ အလှပဆုံးမြင်ကွင်း မြင်ဖူးချေပြီ။

မီးအိမ်ငယ်ထွန်းညှိနေသော နေဝန်း၊ ထုတ်စည်းထိုးတမ်းကစားနေကြသော လှိုင်းကြက်ခွပ်၊ မြေနီလမ်းပေါ်က နီညိုရောင်မီးခိုးငွေ့။ လှလိုက်တာအမေရယ်၊ အမေ့ရဲ့မျက်ဝန်းကို စကားဝါပန်းရုံကြားမြင်လိုက်ရသလို"

ဒီလိုတွေ ဂန္ထဝင်တွင်ကုန်မှာ။ ဒီလိုဂန္ထဝင်ဇာ်ဆိုတာကြီးတွေဖြစ်ကုန်မှာ။ တောက်. . . အခုတော့

"ထုတ်. . ထုတ်. . ထုတ်. . ကျွိ. . ခွီး. . ခွီး. . ခွီး"

မြင်ကွင်းစပ် ကိုင်းတောနံဘေးတွင် ဆိုင်ကယ်ကို ရပ်လိုက်သည်။ ဒီနေရာက မြစ်ကိုငေး၍ အကောင်းဆုံး။ ရှေ့ဆက်သွားက

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင် သချိုင်းကုန်းတစ်ခု ရှိသည်မဟုတ်ပါလား။

ဆိုင်ကယ်ကို ခွထောက်ထောက်ကာ မြစ်ဘက်လှည့်ငေးရင်း အတွေးကို ပြန်ဆက်လိုက်သည်။

တောက်. . အခုတော့ ဆိုင်ကယ်ကြီးနှင့် မြို့ပတ်ပြီး ဇာတ်ကြမ်းကား ရိုက်နေသလားတောင် အောက်မေ့ရတယ်။ ဟိုနေရာရုတ်ရုတ် ဒီနေရာရုတ်ရုတ်နဲ့။

မြစ်ဘက်မှ အေးချမ်းစွာ တိုက်ခတ်လာသော လေပြည်နုနု။ လက်နှစ်ဖက်ကို ဆန့်တန်းရင်း အားရပါးရ ရှူရှိုက်လိုက်သည်။

"ဟာ. . ရင်ထဲမှာပေါ့ပါးသွားတော့တာ"

အိန္ဒိယရုပ်ရှင်ကားများတွင် ဆိုလျှင်တော့ ကုလားမင်းသားက သီချင်းတစ်ပုဒ်ကို မြည်ကြွေးရင်း သူ့ဘယ်လောက်ကြည်နူးနေရကြောင်းကို ယောက်ျားကြာမှုအပြည့်နှင့် ဟစ်ကြွေးမည်မှာ မလွဲ။ ဆိုင်ကယ်ပေါ် မေးတင်၍ (close up) မြစ်ဘက်ကိုကျောပေး၍ (long shot) လှလိုက်မည့်အမျိုး။ မြစ်ကမ်းနံဘေး ဒူးထောက်။ ဆိုင်ကယ်ပေါ် ခုန်တက်။ သီချင်းဆို။

ဟော ကြည့်စမ်း။ မြက်ရိုင်းတောထဲမှ ပိုးစုန်းကြူးလေးများ ပျံတက်လာပါလား။ အမှောင်ထဲမှ လွင့်ပျံ့လာသော သူတို့အသွေးအရောင်ကချစ်စဖွယ်။

အမှောင်. . အမှောင်။ ဟယ်. . ညနေတောင် ရောက်ပါရောလား။

ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးနေရင်း ညရောက်လို့ရောက်မှန်းပင် မသိတော့။ အနောက်ဘက်သို့ ပြန်လှည့်ကြည့်မိသည်။

"ဟင်"

မျက်နှာမူရာဘက် မြစ်ပြင်၏ ကျယ်ပြန့်ပြန့်ပြူးမှုကြောင့် အလင်းရောင်အားလျော့ခြင်းကို မသိသာသော်လည်း ကျောဘက်တွ





ရှုလမ်းတွင်တော့ အတော်လေးကိုပင် မှောင်မည်းနေလေပြီ။

လမ်းကလည်း နဂိုကတည်းက လူခေါင်၊ လူပြတ်သော မြေနီလမ်းမို့ ဓာတ်တိုင်များလည်း မရှိ။ ထို့ကြောင့် သာမန်မြို့တွင်းထက် မြစ်ပြင်ထက်ပို၍ မှောင်မည်းနေလေပြီ။ ပိုဆိုးတာက မှောင်မှောင်မည်းမည်းကြား မြို့ပြင်သချိုင်းကို ဖြတ်ရပေဦးမှာပင်။

ကမန်းကတန်းပင် ဆိုင်ကယ်ပေါ်တက်၍ စက်နှိုးလိုက်သည်။

"ဒိုး. . . ထုတ်. . ထုတ်. . ထုတ်"

မိုးမအုံ့မချင်း သန္ဓေကောင်းလှသော သိန္ဓောမြင်းကြီး ဟီသံပေးသလို။

"ဂလောက်"

"ကညွန့်. ကညွန့်."

"ဒိုး. . ထုတ်. . . ထုတ်. . ထုတ်"

ညင်သာငြိမ့်ညောင်းခြင်းများနှင့် ဆိုင်ကယ်က အသားတဲ့ပြေး၏။

"ဂလုပ်. . . ဂလုပ်"

ပြုပြင်ထားသော လမ်းမဟုတ်၍ ဆိုင်ကယ်က ချိုင့်ခေါင့်၏။ ညယံကလည်း အတော်မှောင်နေပြီဖြစ်သည့်အပြင် မျက်လုံးကလည်း သိပ်မကောင်းချင်တော့ ဘာကိုမှ သဲကွဲအောင်မမြင်ရ။ ဒီကြားထဲ ဆိုင်ကယ်ကြောင့် မှုန်နေသော ဖုန်မှုန့်များက ဖုံးလွှမ်းနေသေး။

"မဖြစ်သေးဘူး၊ ဆိုင်ကယ်မီး ဖွင့်ဦးမှ"

ဟု တွေးမိပြီး ဆိုင်ကယ်မီးခလုတ်ကိုရှာပြီး ဖွင့်လိုက်သည်။

"ထောက်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မီးက ဘာမှလင်းမလာ။ ထိုတော့မှ ဆိုင်ကယ်တွင် မီးမရှိမှန်းသိရသည်။

"ဟာ. . သေ. . သေပြီ. . မီး. . မီး. . လည်းမပါဘူး"

အလိုလိုနေရင်း မျက်ခုံးနှစ်ခု နဖူးပေါ် ခုန်တက်သွား၏။ ညကပို့မှောင်နေပြီ။ လမ်းပင်ကောင်းကောင်းမမြင်ရ။ ဒီကြားထဲ မြို့ပြင်သချိုင်းအဝကိုပင် ရောက်နေလောက်ပြီ။ ဘာမှမမြင်ရတော့ မခန့်မှန်းတတ်။ ချက်ချင်း ကြွက်သီးများ တဖြန်းဖြန်းနှင့် သီးလာ၏။

"ဂလုံ. . ဂလောင်"

"ဟိုက်. . . ချိုင့်ဆောင့်ပဟ"

ချိုင့်ဆောင့်တာက အရေးမကြီး။ မေးစေ့နှင့် ဆီတိုင်ကီ ရိုက်ပြီး မူးနေတာက ပိုဆိုး၏။ အစကတည်းက သိပ်မမြင်ရတဲ့အထဲ ခေါင်းတွေပါမူးပြီး ပို၍ပြာတောက်နေလေသည်။

"ဂလုံ. . ဂလျောင်. . ဂလျောင်. . ဂလျောင်. . ဂီး. . ခွိခွိခွိ"

"ဟ. . ဟ. . . ချိုင့်ထဲကျပြဟ"

"ဝူး. . ဝှီး. . . ထုတ်ထုတ်"

ဆိုင်ကယ်စက်သံက ပုံမှန်ပြန်ကြားနေရသည်။ ချိုင့်တော့ ဆက်မဆောင့်တော့။ လမ်းကောင်းသွားပုံရသည်။ ပတ်ဝန်းကျင်က မှောင်နေတော့ ဘာမှမမြင်ရ။ ခေါင်းမူးနေသည့်အပြင် ဆိုင်ကယ် ဒိုင်ခွက်က ကွယ်နေ၍ ပိုဆိုးသည်။ သို့သော် ကိစ္စမရှိ။ ဆိုင်ကယ် စက်သံမှန်နေဖို့သာ အရေးကြီးသည်။ သချိုင်းကို ကျော် ပြီလား၊ မကျော်သေးလား မသိနိုင်သေး။

"ဝှီး. . . ထုတ်. . ထုတ်ထုတ်"

ကုန်းဆင်းများလားတော့ မသိ။ ဆိုင်ကယ်ခေါင်းက ငိုက် တယ်ဆိုရုံလေး ငိုက်နေ၏။ ကုန်းက နိမ့်၍လားမသိ။ လေသိပ်မတိုး။ ကိစ္စမရှိ။ ချိုင့်မဆောင့်ဖို့သာ အရေးကြီး၏။





"ဝှီး. . ထုတ်. . ထုတ်. . ထုတ်"

"ဟင်"

အနောက်မှ ဓာတ်မီးရောင်တစ်ခုတွေ့၏။

"ငါ့လိုဆိုင်ကယ်များပဲလား"

တွေးလိုက်မိသည်။

"ဆိုင်ကယ်ပဲ နေမှာပေါ့လေ"

အနောက်က ရွေ့လျားနေသော မီးရောင်ကိုမြင် အံ့အား သင့်သွားပုံရသည်။ သူ့လှုပ်ရှားပုံက နှေးနှေးလေး။ သို့သော် ဆိုင် ကယ်နှင့် တဖြည်းဖြည်း နီးလာ၏။

"ဘာ. . . ဘာကြီးလဲဟ"

ရုတ်တရက် လန့်အော်မိသည်။ လာနေတာက ဖြည်းဖြည်း လေး။ နောက်မီးရောင်က ဆိုင်ကယ်မီးရောင်လိုမျိုးမဟုတ်။ ဟိုဘက် ယမ်း ဒီဘက်ယမ်းနှင့် လူတစ်ယောက် ဓာတ်မီးနှင့် လမ်းလျှောက်လာ သလိုမျိုး။ သို့တည်းမဟုတ် ညယံ၌ စုန်းမြူးနေသလို ခုန်ပေါက်နေ ၏။

"ဟင်. . လမ်းလျှောက်လာတဲ့လူက ဆိုင်ကယ်ကို ဘယ်လို လုပ်မီလာတာလဲ. . အပပဲ မှီတာလား"

ကြွက်သီးများ ဖြန်းခနဲထသွား၏။ အသေအချာ ပြန်ငေး ကြည့်သည်။

"ဟင်. . ဟင်. . ဘယ်လိုဖြစ်တာပါလိမ့်"

ဟုတ်ပါသည်။ လူတော့မဖြစ်နိုင်။ နာနာဘာဝ သေချာပြီ။ အဘယ်ကြောင့်ဆိုသော် သာမန်လူတစ်ယောက်က ဆိုင်ကယ်ကိုဘယ် လိုမှ မှီမလာနိုင်။ ယခုဟော့ ထိုမီးရောင်က တရွေ့ရွေ့နှင့် နီးလာလေ ပြီ။ ဆိုင်ကယ်လီဗာကို အစွမ်းကုန်မြှင့်တင်လိုက်သည်။

"ဝှီး. . . ထွီး. . . ထွီး. . . ထွီး. . . "



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်စက်သံက ပို၍လျှင်မြန်သွားသည်။ ဆိုင်ကယ်အရှိန် ပိုသွက်သွားသယောင် ထင်ရ၏။

သို့သော် အနောက်က မီးရောင်က အရှိန်မပျက် ဆက်လက် နီးကပ်လာသည်။

"အောင်မလေး. . . အမေရဲ့. . သရဲ. . သရဲနဲ့တူတယ်"

ကြောက်လန့်တကြား မြည်တမ်းသံ။ နှာခေါင်းမှ နှပ်များ စီးကျသည်အထိ ကြောက်လန့်နေရပြီ။ မီးရောင်က စုန်းတောက်သော မီးလို တဖြည်းဖြည်းနီးလာပြီ။

"ပြေး. . . ပြေးပါဟဲ့ ဆိုင်ကယ်ရဲ့"

တုန်ယင်စွာ ရေရွတ်မိသည်။ ထိုရေရွတ်သံနှင့်အတူ ကြားရသောအသံက

"ဘာလုပ်နေတာလဲ"

"ဟင်"

လှည့်ကြည့်လိုက်တော့ ခုနကမီးရောင်။ အနောက်မှာမှ လုံချည်မည်းမည်းကြီး ခြုံထားသော လူလိုလို တစ္ဆေလိုလို။

ကျွန်တော်လည်းကြောက်လန့်ပြီး

"ဆိုင်. . . ဆိုင်ကယ်မောင်းနေတာလေ၊ ခင်ဗျားက ဘယ်လိုမီလာတာလဲ"

"မင်းဆိုင်ကယ်ဘယ်မှမသွားဘဲ ရပ်နေတဲ့ဟာ၊ မီလာမှာပေါ့"

"ဗျာ"

ထိုလူစကားကြားမှ ကမန်းကတန်း ဆိုင်ကယ်ကိုပြန်ငုံ့ကြည့်လိုက်သည်။

"ဟာ"

ဆိုင်ကယ်က ချိုင့်အကြီးကြီးတစ်ခုထဲကျပြီး ခြေနင်းနှစ်ဖက်က အနောက်ဘီးလွတ်ရုံ ကျင်းနှုတ်ခမ်းမှာ တင်နေခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုင်ကယ်လီဗာကို ဘယ်လောက်ဆွဲဆွဲ အနောက်ဘီးက မြေကြီးနှင့်လွတ်နေပြီး အရှေ့သို့မတက်နိုင်ခြင်းသာ။ ထိုတော့မှ တရွေ့ရွေ့နီးလာသူကို လူမှန်းသိတော့၏။

ထိုတော့မှ သတိရပြီး ဆိုင်ကယ်ပေါ်မှဆင်းကာ ချိုင့်ပေါ်မှ တွန်းတင်လိုက်သည်။

"အိစ်"

ဆိုင်ကယ်က ချိုင့်ခွက်ထဲ ခိုင်ခိုင်မာမာကြီးကျနေ၍ တော်ရုံနှင့် တွန်းတင်၍မရ။

"အိစ် ယိစ်"

အားစိုက်ပြီး ထပ်တွန်းကြည့်သည်။ ဘာမှမထူးခြား။ ထို့ကြောင့် အနားရှိသူဓာတ်မီးရှင်ကိုပါ အကူအညီတောင်းလိုက်ရသည်။

"အစ်ကို. . . အဲ. . ဦးလေး. . . နည်းနည်းလောက် ကူတွန်းပေးပါလား"

ဟိုလူကလည်း မငြင်း။

"ရတယ်လေ"

ဆိုကာ ခေါင်းပေါ်ခြုံထားသော လုံချည်ကို ခါးစည်း၍ ကူတွန်းပေးသည်။

"ဝူး. . ဝူး. . ဝူး"

ဆိုင်ကယ်က ချိုင့်ပေါ်မှ ကုန်းပေါ်သို့ ပြန်ရောက် သွား၏။

"ကျေး. . ကျေးဇူးပါပဲဗျာ. . အခုဘယ်သွားမလို့လဲ"

"သင်္ချိုင်းကို"

"ဗျာ. . ဟင်. . ဟင်"

ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။ ကြောက်လန့်စိတ်နှင့် ဆံပင်များပင် ထောင်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



"သင်း. . . သချိုင်းကို ဘာသွားလုပ်မှာလဲဟင်"

"အား. . သချိုင်းစောင့်က သချိုင်းကိုဘာသွားလုပ်ရမှာလဲ ဆိုတော့ ငါဘယ်လိုဖြေရမှာလဲ"

"ဪ"

ထိုတော့မှ ထိုသူကို အသေအချာကြည့်မိသည်။ သချိုင်းစောင့်တစ်ယောက်ကိုး။ ဆံပင်တွေက ဖွာလန်ကြဲပြီး အသားအရေက မာတောင့်နေသည်။ စိတ်ရင်းတော့ ကောင်းပုံရသည်။

"အကူအညီလိုရင် သချိုင်းကိုလာခဲ့ပေါ့ကွာ"

"ဪ. . ဟုတ်ကဲ့. . . ဟင်. . ဟင်. . ဘာလို့လာရမှာလဲဗျ. . ဘယ်တော့မှမလာဘူး. . တစ်သက်လုံးမလာဘူး. . . သေတောင်မလာဘူး"

ဟိုဆိုကာ ဆိုင်ကယ်ပေါ်တက်ခွလိုက်သည်။ ဒါကိုဟိုလူကြီးက

"အဲဒီလောက်တော့မာနမကြီးပါနဲ့ ကောင်လေးရာ. . . သေရင်တော့ လာခဲ့ပေါ့. . ဟုတ်ဖူးလား"

အကူအညီလိုရင် သချိုင်းလာရဦးမတဲ့။ ဆေးရုံတစ်မျိုး၊ ရဲစခန်းတစ်မျိုး၊ သချိုင်းကုန်းတစ်မျိုးက ဖိတ်ခေါ်စရာလား။

"တော်ပြီဗျာ. . . ခင်ဗျားကိုလည်း ကျေးဇူးမတင်နိုင်ဘူး၊ ကဲ. . . သွားပြီ"

ကျေးဇူးကန်းကန်းပင် ဆိုင်ကယ်ပေါ်ခွပြီး မောင်းထွက်လိုက်သည်။

"အေး. . အေး. . သွားနိုင်တုန်းတော့ သွားဦးပေါ့ကွာ. . မသွားနိုင်တဲ့ အချိန်ကျရင် မှောက်တောင်အိပ်နိုင်ကြတာ မဟုတ်ဘူး"

ဟူသောအော်သံကြားရ၏။ နေပါစေ. . လှည့်မကြည့်တော့။ တော်ကြာအကူအညီတောင်းမိနေမှဖြင့်။





"ဟုတ်သား. . . မာတ်မီးလေး အကူအညီတောင်းခဲ့မိရင်ကောင်းမှာပဲ"

ဟုစဉ်းစားမိ၏။ နေပါစေလေ။ ကိုယ့်ဘာသာကိုယ်မှောင်မည်းမည်းမှာ စမ်းတဝါးဝါးသွားတော့လည်း ပြီးတာပဲ။ စိတ်လျှော့၍ ဆိုင်ကယ်ကိုသာ ဂရုတစိုက် မောင်းနှင်နေလိုက်သည်။ ဒီခရီးနှင့် ဒီခရီး။ အမြဲသွားနေကျမို့ မျက်စိမှိတ်တောင် သွားလို့ရတယ်။

ကျွမ်းကျင်နေသောလမ်းမို့ မှောင်မည်းနေသော်လည်း လမ်းမှားစရာမရှိ။ ဘယ်နေရာမှာအကွေ့။ ဘယ်နေရာမှာ အကောက်ဆိုတာ မျက်စိမှိတ်ထားလျှင်တောင် အလွတ်ရ၏။

"ဒါဆိုလည်း မျက်စိမှိတ်လိုက်စမ်း"

"မှိတ်တယ်ကွာ"

ကိုယ့်ဘာသာကိုယ် နှစ်ကိုယ်တစ်စိတ်ဖြစ်ပြီး မေးကြည့်ဖြေကြည့် လုပ်ကြည့်သည်။

မျက်စိကို မှိတ်လိုက်သည်။

ဆိုင်ကယ်က အဖြောင့်။ မှောင်နှင့်မည်းမည်းကြားမှာ မျက်လုံးဖွင့်ထားသည်နှင့် ဘာမှမထူးခြား။

"ဂလက်. . ဂလက်. . . ဂလက်"

ညာပြန်ယူ။ ဘယ်တွင် လှည်းလမ်းရှိသည်။ လှည်းလမ်းထဲ ဆိုင်ကယ်ဝင်က မှောက်သွားနိုင်သည်။ ဆိုင်ကယ်က ဖြောင့်ဖြောင့်ဖြူးဖြူးလေး။

ကိုယ့်အပြုအမူကို ကိုယ့်ဘာသာကိုယ် သဘောကျစွာ ပြုံးရင်း မျက်လုံးပြန်ဖွင့်ကြည့်လိုက်သည်။

"ဟိုက်. . . အတော်မည်းနေပြီဟ"

ညက ဒီလောက်တောင် မမှောင်သေးဘဲနဲ့ ဘာကြောင့် ဒီလောက်မည်းနေရပါလိမ့်။ စဉ်းစား၍မပေါ်။ ကြည့်နေရင်းနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ထိုအမှောင်မည်းကြီးမှာ ကိုယ်နှင့် နီးကပ်လာသယောင် ထင်ရသည်။

"ဟင်. . ဘယ်လိုဖြစ်တာပါလိမ့်"

စဉ်းစား၍ပင် မဆုံးလိုက်။

ဒုန်းခနဲမြည်သံ။

"ဟိုက်. . ချိုင့်ထဲကျပဟ"

ချိုင့်က အတော်နက်ပုံရသည်။ ဆိုင်ကယ်က တုံ့ခနဲဖြစ်ပြီး လူက ခြေလွတ်လက်လွတ် မြောက်ခနဲ လွင့်သွား၏။ ပြီးနောက် ဆိုင်ကယ်ပေါ်သို့ပင် ဒုံခနဲပြန်ကျ၏။

"ဂလောင်. . . ခလွင်. . . ခလွမ်"

ဘာနှင့်တိုက်မိသည်တော့ မသိ။ အနောက်မှ ကျိုးပဲ့သံများကြားရသည်။ လှည့်မကြည့်အားသေး။ ဂီယာချိန်းရန် ဂီယာတံရှာလိုက်သည်။ မတွေ့။

"ဟင်. . . ဘယ်ရောက်သွားပါလိမ့်"

ဘရိတ်ကို ထပ်နင်းလိုက်သည်။

"ဟာ. . ဘရိတ်လည်း မရှိတော့ဘူး"

ဂီယာနှင့် ဘရိတ်ဘယ်ရောက်သွားမှန်း မသိ။ သို့သော် လမ်းကြမ်း၍ထင့် ဆိုင်ကယ်က ခုန်ခုန်ပြီး ထွက်နေသည်။ သို့သော် စက်သံ ပိုညက်သွားသလားတောင် ထင်ရ၏။

ဆိုင်ကယ်က ပိုဝလာသလားမသိ။ လက်ကိုင်ကလည်း ပိုကွေးနေသလို။

မသင်္ကာ၍ လီဗာဆွဲကြည့်သည်။

"ညဲ. . ညဲ"

"ဟင်. . ဆိုင်ကယ်လီဗာသံ ဘယ်လိုဖြစ်. . . အား"

နည်းနည်းအလင်းရောင်ရ၍ ကြည့်လိုက်မှ

"ကျွဲကြီး. . . ကျွဲကြီး. . ဟာ. . . လုပ်ကြပါဦး. . "





မိမိအသားကျစီးလာသည်က ဆိုင်ကယ်မဟုတ်တော့ဘဲ ကျွဲကြီးဖြစ်နေပြီ။ ကျွဲခန္ဓာကိုယ်ပေါ် မှောက်လျက်ကြီးခွပြီး ချိုနှစ်ချောင်းကို လက်ကိုင်သဖွယ် ကိုင်ထားမိခြင်းပင်။ ထိုတော့မှသိရသည်မှာ ခုနက လီဗာအမှတ်နှင့် ဆွဲမိနေသည်မှာလည်း လီဗာမဟုတ်ဘဲ ကျွဲချိုကြီးကို ညစ်ပြီးဆွဲမိနေတာ။ ဒါကြောင့်ကျွဲကြီးခမျာ နာလွန်းပြီး အသားကုန်ပြေးနေခြင်းဖြစ်၏။

"အင်. . လုပ်. . လုပ်ကြပါဦး. . လုပ်ကြပါဦးဗျို့"

ကြောက်လန့်တကြား အော်သံက ညယံကို ဖောက်ထွက်နေသည်။ ဆိုင်ကယ်စီးရင်း ကျွဲပေါ်ရောက်ရသည့်အဖြစ်မျိုး ကမ္ဘာပေါ်မှာတောင် ရှိအုံ့မထင်။

ကျွဲကြီးခမျာလည်း သူ့ဘာသာသူ အေးရာအေးကြောင်းနေနေရာမှ ဘယ်ကမှန်းမသိသော လူတစ်ယောက် သူ့ကိုယ်ပေါ်ပြုတ်ကျလာ၍ ကြောက်အားလန့်အားနှင့် ဦးတည်ရာမဲ့ ပြေးနေပုံရ၏။ ကိုယ့်မှာလည်း သူကအရှိန်နှင့် ပြေးနေသည်မို့ခုန်လည်း မချရဲ။ ဆက်ပြီးစီးမယ်ဆိုတော့လည်း ကြောက်လန့်ရနှင့် သံကုန်ခြစ်အော်နေရသည်။

"ကယ်တော်မူကြပါဗျို့. . ကယ်တော်မူကြပါ"

"ညဲ. . . ညဲ"

ကျွဲခမျာလည်း သူ့ခန္ဓာကိုယ်ပေါ်မှ ကျွန်တော့်ကိုပြုတ်ကျအောင် ခါချတာပါပဲ။ ဒါပေမယ့် သူ့ချိုနှစ်ဘက်ကို ဆိုင်ကယ်လက်ကိုင်လို ပိုင်ပိုင်ကြီး ကိုင်ထားတော့ ခါချရခက်နေပုံ။ ကိုယ့်မှာလည်း ထိုချိုနှစ်ချောင်းကို မလွှတ်ရဲ။ လွှတ်ချလိုက်လျှင် ခြေသော်လည်းကောင်း လက်သော်လည်းကောင်း ကျိုးပဲ့သွားမည်မဟုတ်ပါလား။ ထို့ကြောင့်သာ. . .

"အား. . . လုပ်. . လုပ်ကြပါဦး. . ကယ်ကြပါဦးဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သံကုန်ခြစ်အော်လေ။ ကျွဲကပိုကြောက်၍ ပြေးလေလားတော့မသိ။ သချိုင်းဘက်သို့ ဦးတည်သွားသည်။

"ဟင်. . သင်း. . သချိုင်းကြီး. . . သချိုင်းကြီး"

ကြည့်နေရင်းမှာပင် လမ်းခုလတ်တွင် လုပ်ထားသော သချိုင်းဇရပ်ဘက်ချိုးကွေ့၍ ဇရပ်အောက် ဝင်ပြေးလေရာ. . .

"ဟာ. . ဟာ. . မလုပ်. . မလုပ်. . . အား"

အော်သံပင်မဆုံးလိုက်။

ဒုန်းခနဲမြည်သံ။ ကျွဲက သူ့တစ်ကိုယ်လွတ်ရှဲ ဇရပ်အောက် ဝင်ပြေးသဖြင့် သူ့ကိုယ်ပေါ်တွင် ရှိနေသော ကျွန်တော့်ခေါင်းနှင့် ဇရပ်အောက်တန်းတို့ အားရပါးရဆောင့်မိပြီး နောက်ပြန်ကြီး ဖုန်းခနဲကျွမ်းပစ်ကျသွားလေတော့၏။

မျက်လုံးထဲတွင်လည်း လပေါင်းလေးစင်းတိတိ မြင်ရပြီး ကြယ်များကတော့ ရေတွက်၍ပင်မရနိုင်။ ယောင်ယောင်ကမ်းကမ်းနှင့် ရုတ်တရက်ထရပ်လိုက်သေး၏။ သို့သော် ခေါင်းကြီးစိုက်ပြီး အုတ် ဂူသုံးလေးလုံးကို ယိုင်ထိုးယိုင်ထိုးနှင့် ကျော်လိုက်သေးသည်။ နောက် ခန္ဓာကိုယ် ဘယ်လိုမှမထိန်းနိုင်ဘဲ ဒိုက်စိုက်ဒိုက်စိုက်နှင့် သချိုင်းဇရပ်တိုင်ဘက် ပြန်ဝင်သွားလေရာ

"ဒုန်း"

"အား"

ဇရပ်တိုင်နှင့် တိုက်မိသော အရှိန်ကြောင့် လူကနောက်ပြန် မတ်မတ်ကြီးလန်ကျပြီး ခြေနှစ်ချောင်းမိုးပေါ်ထောင်ကာ ဝတ်ထားသောလုံချည်မျက်နှာလာအုပ်တာသာ မှတ်မိတော့၏။ ခဏတော့ အနားရသွား၏။ ဘာဆိုဘာမှ မသိတော့။

xxxxxx







ခန္ဓာကိုယ်အသိပြန်ကပ်သည်နှင့် ပထမဆုံးကြားရတာကတော့ မြေတူးသံ။

"ငါ. . ငါဘယ်ရောက်နေပါလိမ့်"

ရုတ်တရက် စဉ်းစားလို့မရ။ မြေတူးသံက တချပ်ချပ်နှင့် ပုံမှန်ခတ်နေသည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ ညအမှောင်ကြား ကြယ်ခင်းနှင့် လမင်းလင်းပနေ၏။

"အား. . ကျွတ်. . ကျွတ်"

မျက်ခုံးနှင့် နဖူးကြား ဘုကြီးတစ်ဘု ကန့်လန့်ခံထောက်နေတာကို သတိပြုမိသည်။

နဖူးကသာ နာနေတာ။ ခေါင်းတော့မကိုက်။ အောက်ခင်းတလည်း အေးစက်နေတာကိုး။

"အား. . ကျွတ်. . ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ထထိုင်လိုက်တော့ နဖူးက ပိုနာနေသလို။ မျက်လုံးမှိတ်ထားလိုက်သည်။ နည်းနည်းနေသားကျမှ မျက်လုံးပြန်ဖွင့်လိုက်တော့. . .

"ဟင်. . ဘယ်လို. . ဘယ်လို. . . အား"

ကြောက်လန့်တကြား ထအော်မိသည်။ မြင်တွေ့လိုက်ရသည်က ပတ်ပတ်လည် အုတ်ဂူများနှင့် မှတ်တိုင်များ။

"ငါ. . ငါ. . ဘယ်က ဘယ်လို သင်္ချိုင်းထဲ ရောက်နေပါလိမ့်"

စဉ်းစား၍မဆုံးခင် ဝေါ်ပြားပစ်ချသံ ချွင်ခနဲကြား‌သည်။ နောက်တော့. . .

"အား"

သံကုန်ခြစ်အော်သံနှင့်အတူ သင်္ချိုင်းစောင့်ကြီး ထွက်ပြေးတာမြင်ရ၏။ သူ့ခမျာလည်း သင်္ချိုင်းထဲက အုတ်ဂူပေါ် ညမှောင်မှောင်၌ လူတစ်ယောက် ငုတ်တုပ်ထထိုင်တာ တစ်ခါမှမမြင်ဘူးရော့ထင့်။ ကြောက်လန့်တကြား အော်ဟစ်ပြေးချသွား၏။

"ဟင်. . ဟင်. . ဘယ်လိုလုပ်ရပါ့"

ကိုယ့်တစ်ယောက်တည်းကျတော့လည်း ကြောက်ရွံ့ပြန်မို့ ကမန်းကတန်းထပြီး အပြင်ဘက်သို့ လှမ်းထွက်လိုက်သည်။

"ဆိုင်ကယ်"

မိမိရောက်ရှိနေရာနှင့် သိပ်မဝေးသောနေရာတွင် လဲကျနေသော ဖုတ်သွင်းရထားကြီး။ ဝမ်းသာအားရပင် ပြေးသွားပြီးဆိုင်ကယ်ကို ဆွဲထူကာ စက်နှိုးလိုက်သည်။

"ဒိုး. . . ထုတ်. . . ထုတ်"

သန္ဓေကောင်းလှသော နတ်မင်းကြီးက ဟီးသံပေး၏။ ချိုင်းထောက်ဘဝမှ စုတေကာ ဂီယာတံအဖြစ် ပြန်လည်အသက်ဝင်လာ





သော သံချောင်းကြီးကို နင်းချလိုက်သည်။

"ဂလောက်. . . ညွှန်. ညွှန်. ညွှန်."

ကုလားအဟောင်းဆိုင်မှ မိလ္လာပိုက်သော်လည်းကောင်း၊ ရေဘုံဘိုင်ခေါင်းသော်လည်းကောင်း ဖြစ်နိုင်ချေရှိသော ရာဘာလက်ကိုင်စွပ် လီဗာကြီးကို လှမ်းဆွဲလိုက်သည်။

"ဒိုး. . ထုတ်. . . ထုတ်"

ဆိုင်ကယ်က အလိုက်သင့်လှုပ်ရှားသွားသည်။ မနန့်ရဲ့တော့။ မျိုးရိုးကြောင့်မဟုတ်ဘဲ တစ်မိပေါက်တစ်ယောက်ထွန်းဆိုရလောက်အောင် နန့်တတ်သောစိတ်ကို ချိုးနှိမ်ကာ မျက်လုံးကို ပြူးပြဲဖွင့်ရင်း လမ်းကိုရှာလိုက်သည်။

"တောက်. . . ဒီတစ်ခါနန့်ကြောဆွဲပြီး မျက်လုံးမှိတ်လို့ကတော့ ကိုယ့်ပါးကိုယ်ချပစ်မယ်"

(ကိုယ့်ကိုယ်ကို ယောကျာ်းဆတ်ဆလူးမှန်းသိလို့ ကြွေနဲ့နေလာတာ ခုထိပါဘဲ)

"ဘယ်လိုဖြစ်သွားတာလဲ"

မှောင်နှင့်မည်းမည်းမှာ ကျွဲမဲမဲဝဝကြီးက လမ်းပေါ်ပိတ်ရပ်နေတာ မမြင်ဘဲဝင်တိုက်မိပြီး ခြေလွတ်လက်လွတ် မြောက်တက်ကာ ကျွဲပေါ် ပုံစံတကျ ပြန်ကျသွားတာပဲဖြစ်လိမ့်မည်။ ဒါကြောင့် တိုက်မိပြီး ပြန်သိချိန်မှာ ကျွဲပေါ်ရောက်နေတာ။

ဒါဆို ဟိုလူကြီးကရော။

သင်္ချိုင်းဇရပ်အောက် ကျွဲပြေးဝင်၍ ဇရပ်ခါးပန်းနှင့် ခေါင်းဝင်ဆောင့်ပြီး ယောင်ယောင်ကမ်းကမ်းနှင့် မြန်ထအလျှောက် အုတ်ဂူတစ်ခုပေါ် ပက်လက်လှန်ပြီး မေ့လဲနေတာပဲဖြစ်မည်။ ဒါကိုရုတ်တရက် ငုတ်တုတ်ထထိုင်လိုက်တော့ သူ့တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမမြင်ဘူးသော သရဲကြီးထလာတယ်မှတ်ပြီး ကြောက်လန့်တကြား



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးတာဖြစ်ပေလိမ့်မည်။

ဩော်. . . ဖြစ်မှဖြစ်ရလေ။

မဖြစ်သေးဘူး။ နောက်နေ့ကျလျှင် သချိုင်းဇရပ်ကို ဒီထက်နှိမ့်ဖို့စည်ပင်သာယာကို သွားလျှောက်ရမည်။ ကိုယ့်နဖူးဖုနေတာတော့ ပြဿနာမဖြစ်။ ရဟန်းသံဃာနှင့် လူထုပရိသတ်တက်ရတာ မြင့်တယ်ဆိုပြီး အကြောင်းပြမှ။

"ဗိုး. . . ထုတ်. . . ထုတ်"

ဆိုင်ကယ်စက်သံညက်ညက်လေးက မြို့ကလေးကို ဖြတ်နှင်းနေသည်။ တိတ်ဆိတ်နေသော မြို့ကလေးအပေါ် နာရီလက်တံတချပ်ချပ်မြည်သလို အရှိန်မှန်မှန် မြည်တမ်းနေ၏။

ဈေးဆိုင်သိမ်းနောက်ကျသူတချို့ကသာ ပိတ်နေသော ဆွဲတံခါးများကိုကိုင်ရင်း အံ့ဩတကြီးပြန်လည်ကြည့်သည်ကို တွေ့ရ၏။

မိုးအလင်းဖွင့်တတ်သော ဆိုင်များမှ ငိုက်မြည်းနေသော စားပွဲထိုးကလေးက ဆိုင်ကယ်စက်သံကို ပုံမှန်ဖောက်သည်အမှတ်နှင့် ခေါင်းထောင်ကြည့်သည်။ နောက်သူ့ဖေါက်သည်မဟုတ်၍ ထုံးစံအတိုင်း ပြန်လည်ငိုက်မြည်းနေလေသည်။

ဟော. . . ရပ်ကွက်ထဲ ပြန်ရောက်ပေပြီ။

မနက်တခင်းသာ ဖွင့်တတ်သောဈေးကလေးက မှောင်မည်းနေပေပြီ။ ခါတိုင်းဆို ဤဈေးထိပ်၌ မိုးအလင်းရောင်းတတ်သော ဘိန်းမုန့်သည်အဘွားကြီးတစ်ဦး ရှိခဲ့ဘူးသော်လည်း ထိုအဘွားအိုဆုံးပြီးကတည်းက မိုးအလင်းဆိုင် ဘာဆိုင်မှမရှိတော့ဘဲ ငြိမ်သက်ခဲ့လေပြီ။ (မြို့ကလေးလွမ်းလိုက်တာ)

"ဗိုး. . ထုတ်. . . ထုတ်. . . ထုတ်"

ညအေးအေးမှာ အေးအေးဆေးဆေး မောင်းနှင်နေရ၍ စိတ်ချမ်းသာမှုအပြည့်။ ဈေးကလေးကျော်သည်နှင့် ရပ်ကွက်လမ်း





ထိပ်ရောက်ပြီ။ ဖြစ်နိုင်လျှင် အိမ်တောင်မပြန်ချင်သေး။ မပြန်၍ကမဖြစ်။ အိမ်ကလူတွေ စိတ်ပူနေပေလိမ့်မည်။

"အင်း. . . ငါ့ဆိုင်ကယ်စက်သံ အိမ်ကလူတွေမှ ကြားပါ့မလား"

"အူး. . . ဝူ. . . ဝူ. . . ဝူ. . ဝေါင်း"

"ဟဲ့. . ပလုတ်တုတ်. . . ဘာလဲဟ"

အတွေးမဆုံးမီ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးသံကြောင့် မျက်လုံးကျယ်သွားသည်။ ပြီးနောက်

"ဝုတ်. . ဝုတ်. . . ဝေါင်း. . . ခွီး"

စသော ခွေးသံများ ကပ်လျက်လိုက်ပါလာသည်။ ရုတ်တရက်ကြားရသော ခွေးသံများကြောင့် လန့်သွား၏။ ခွေးများလိုက်အဆွဲခံရပြီလား။ ကြောက်လန့်တကြားဖြင့်

"ဟင်. . ဟင်. . ဆိုင်ကယ်ကို ဘာလို့လိုက်ဟောင်. . ဟင်"

မသက်ာ၍ လှည့်ကြည့်လိုက်တော့မှ. . .

"နွားမကြီး. . . ဟင်. . နွားမကြီး"

ဟုတ်ပါသည်။ မနက်က ဆိုင်ကယ်နောက်လိုက်ခဲ့သော နွားမကြီး။ ခုလည်း ဆိုင်ကယ်နောက်အသားကျလိုက်လာပြန်ပြီ။ နွားမကြီးက သူ့ဇောနှင့်သူ ဆိုင်ကယ်အိပ်ဇောတွင် တပ်ထားသောပြောင်းဖူးရိုးကို ကုန်းကုန်းဟပ်ရင်း လိုက်လာခြင်းပင်။

"ဟင်. . . ဟင်. . ဒါကြီးလာဆွဲပြန်ပြီဟ ဘယ်လိုလုပ်ရပါ့"

နွားမကြီးက မနက်တုန်းက ကောင်းဘွိုင်မင်းသားလို ပါးစောင်တွင် ခဲထားသောပြောင်းဖူးရိုးကြီး ဘယ်ကျပျောက်ခဲ့မှန်းမသိသော်လည်း ယခုဆိုင်ကယ်ပြန်မြင်မှ memory ပြန်ဝင်သွားပုံရ၏။ သူဝါးနေကျ ပြောင်းဖူးရိုးကြီးကို မရမကလိုက်ဟပ်နေ၏။ သူဟပ်သည်က တိစ္ဆမရှိ။ သူ့နောက် ပတ်လည်မှာမှ သူ့ကိုရန်လိုနေသော



www.burmeseclassic.com

www.burmeseclassic.com



ခွေးကြီးခွေးကောင်းဆယ်ကောင်ခန့်။

"အိုင်. . . အိုင်. . ဝုတ်. . ဝုတ်. . ဝေါင်း. . ကိန်ကိန်"

အကောင်များကတော့ အချင်းချင်းပြန်ကိုက်ကြ။ လုံးထွေးကြ။ အူကြနှင့် ရုတ်ချည်းဆူညံသွားပြန်သည်။

"ဝုတ်. . ဝုတ်. . . ဝူး. . ဝူး"

အော်သံဟောင်သံများ။

"ဟဲ့. ဟဲ့. . ရွာထဲတောခွေးဝင်ပဟ. . ထကြည့်ကြပါဦး"

"ဟေ့. . ခါးပြတွေလားမသိဘူး. . . ခါးပေးစမ်း. . . ခါးပေးစမ်း"

စသည်ဖြင့် ရပ်ကွက်ထဲမှ လူများပင် လန့်၍ထကြည့်ကြသည်။ ကျွန်တော်တို့ဖြစ်နေပုံမြင်မှ တအံ့တဩနှင့်

"ဟင်. . နွားကြီးဟ. . အဲ. . ရှေ့ကဘာကြီးလဲ"

"ဟင်. . ဒီအချိန်ကြီး အမှိုက်ဘယ်သူမီးလာရှို့တာလဲဟ. . အဲ. . ဟိုခွေးတွေက ဘာဖြစ်တာလဲ"

ဆိုသောအော်သံများကြားရ၏။

ကျွန်တော်လည်း ဂရုမစိုက်အားတော့။ ဆိုင်ကယ်ကို အိမ်ရှေ့ရောက်အောင် အတင်းမောင်းလိုက်ရသည်။ ခွေးတွေကလည်း သူ့လမဟုတ်ပါဘဲ နွားမနှင့်ဆိုင်ကယ်ကိုကြည့်၍ ဘယ်လိုစိတ်ဖေါက်ကုန်လဲမသိ။ အချင်းချင်းလည်း ကိုက်။ အတင်းပြေးလိုက်နှင့် ဖြစ်ကုန်ကြ၏။

အိမ်ရှေ့ရောက်တော့ သည်းမခံနိုင်တော့။ ဆိုင်ကယ်ကို အိမ်ထဲထိ မဝင်တော့ဘဲ ရပ်လိုက်ရသည်။ ဒီပုံအတိုင်း အိမ်ထဲထိမောင်းသွားလျှင်လည်း ဒီနွားနှင့်ခွေးများ အိမ်ထဲထိရောက်လာပေတော့မည်။ ထို့ကြောင့် နောက်ဆုံးနည်းဖြစ်သော ဆိုင်ကယ်ကို ဒေါက်ထောက်ရပ်ရင်း အိပ်ဇောဝတွင် စွပ်ထားသောပြောင်းဖူးကြီး ဖြုတ်





ကာ နွားမပါးစပ် တေ့ပေးလိုက်ရသည်။

"ရော့. . . မျို. . ဆို့"

စေတနာကအစကတည်းက မရှိတော့ ဖြစ်သလိုသာထိုးထည့်လိုက်သည်။

အောင်မာ. . . ဒါတော့အဟုတ်ဟ။ နွားမကြီးက ပြောင်းဖူးရိုးလည်းရရော "ဝမ်းဘော" ဟုကျေးဇူးစကားဆိုကာ တစ်ဘက်လှည့်သွား၏။ ထိုတော့မှ နွားမနောက်လိုက်ပြီး ဝေလေလေလုပ်နေကြသော အကောင်များမှာ အစီအရီပြန်ပါသွား လေတော့သည်။

သူတို့အားလုံး ခပ်လှမ်းလှမ်းရောက်မှ ကျွန်တော်လည်း သက်ပြင်းချနိုင်တော့၏။

"တောက်. . ဘယ်လိုအကုသိုလ်မကြီးလဲမသိပါဘူး"

ဟုတစ်ယောက်တည်း ရေရွတ်ရင်း ဆိုင်ကယ်ပေါ်ပြန်တက်လိုက်သည်။ ပြီးနောက်ဆိုင်ကယ်ကို အိမ်ဘက်လှည့်လိုက်သည်။ ဆိုင်ကယ်အကောင်းစားကြီးအိမ်ထဲသွင်းရဦးမည်မဟုတ်ပါလား။ ညတာလဲ နိုဝရိုးတစ်ယောက်ပမာ နက်ပြီမို့ အိမ်ထဲဝင်၍ ဆိုင်တယ်တာစ်စတာကို အမြန်နင်းချလိုက်သည်။

"ဝေါ. . ထိန်း. . ထိန်း. . ထိန်း. . ထိန်း"

"ဟိုက်. . ဘာအသံကြီးလဲဟ"

ဆိုင်ကယ်ဆီမှ ကျယ်လောင်သောအသံကြာ ၍ ကိုယ့်ဘာသာ ကိုယ်လန့်အော်မိသည်။ ရပ်ကွက်ထဲမှလူများ၏ ဆူညံသံများလည်း ကြားရ၏။ သို့သော်ဆိုင်ကယ်သံနှင့်ဆိုတော့ ဘာမှမသဲကွဲ။ နောက်မှ ပြောင်းဖူးရိုးဆိုင်လင်ဆာကြီး နွားမကြီးပါးစပ်ထဲ တေ့ပေးလိုက်ကြောင်း ပြန်သတိရ၏။ ထိုစဉ်မှာပင်. .

"ဝပ်ထရိမ်း"

မြည်သံပေး၍ ဒေါသတကြီး ပြေးလာသောအရိပ်တစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . နွား. . နွားမကြီး. . လုပ်ပါဦး. . . လုပ်ပါဦးဗျို့"

ဆိုင်ကယ်သံကြားသည်နှင့် ဒေါသကြီးတတ်သော နွားမကြီး ပြောင်းဖူးရိုးကြီးကို ဆေးပြင်းလိပ်ကြီးခဲသလိုခဲပြီး ဒုန်းစိုင်းချလာ၏။ သူ့နောက်မှာလည်း ဝေလေလေခွေးတစ်စု။

"အား. . . ကယ်ကြ. . . . ကယ်ကြ"

အော်သံပင်မဆုံးလိုက်။ သူ့ချိုဖျားက ဆိုင်ကယ်နောက်မြီး ဝင်ဆောင့်၏။

"ဒုန်း. . . ခလွမ်း. . . ခလွမ်း"

"ဟင်. . . လုပ်. . လုပ်"

"ခလွမ်း. . . ခလွမ်း"

"အား. . ."

"လုပ်ကြ. . . လုပ်ကြ. . . ."

"ဒုန်း. . . . ခလွမ်း. . . ခလွမ်း"

ဆိုင်ကယ်က ကိုယ်ပဲမောင်းခဲ့သလား။ နွားမပဲ အဆက်မပြတ် ပြေးပြေးဆောင့်၍ အိမ်ထဲရောက်ခဲ့လေသလား မမှတ်မိနိုင်တော့။

ဤသို့ဖြင့်. . . . . .

××××××

နောက်တစ်နေ့နေ့အတော်မြင့်မှ အိပ်ရာကနိုးလာသည်။ မနေ့ကဆိုင်ကယ်တစ်စီးနှင့် အိပ်ရေးပျက်တာရော ပင်ပန်းတာရောတို့ကြောင့် တော်ရုံနှင့်အိပ်ရာမှမထနိုင်။

အိပ်ရာမှထပြီး မျက်နှာသစ်ဖို့ဆင်းလာသည်နှင့် ကိုဈာန်က စာရွက်တစ်ရွက်ကိုင်ပြီး လာပေး၏။

"ဟော့ကောင်. . . မောင်ကြည် ရပ်ကွက်ထဲကကြော်ငြာချက်





အသစ်ထွက်လို့ကွာ၊ ဖတ်ကြည့်ပါဦး. . ဟီး. . ဟိ"

ဆိုပြီး စာရွက်ကိုကမ်းပေးရင်း စပ်ဖြဲဖြဲနှင့် ထွက်သွား၏။ ကျွန်တော်လည်း ကြော်ငြာစာရွက်ပဲ ဘာထူးဆန်းလို့လဲဆိုပြီး ဖတ်ကြည့်လိုက်တော့

ရပ်ကွက်၏အလိုအရ ဤစာတမ်းကိုထုတ်ပြန်လိုက်သည်။ ဤစာတမ်းပါအချက်များသည် အများပြည်သူများလိုလားချက်သာဖြစ်သည့်အတွက် မည်သူမဆိုလိုက်နာရန်။

၁။ ငါးနှစ်အောက်ကလေးများ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရန်

"ဒါလိုအပ်တာပဲ. . ဒါလုပ်ကိုလုပ်ရမှာ. . ဒါမှကလေး တွေကျန်းမာမှာ. . ." ဟုစိတ်ထဲကြိတ်ပြီး သဘောကျသွားသည်။

၂။ ညကိုးနာရီကျော်လျှင် မည်သည့်အလှူခံမှ လော်စပီကာ မဖွင့်ရ။

"ဒါလည်းလုပ်သင့်တာပဲ၊ ရပ်ကွက်မှာရှိတဲ့ အလှူခံလော်စပီကာတွေကြောင့် တစ်ရပ်ကွက်လုံး စိတ်အနှောင့်အယှက်ဖြစ်နေရတာ၊ ဒါလုပ်သင့်တာကြာပြီ. . မှန်း. . နောက်တစ်ချက်က"

၃။ ကြည်ဖြူဆိုင်ကယ်မမောင်းရ။

ပါးစပ်ထဲတပ်ထားသည့် သွားပွတ်တံပင် ဂလောင်ခနဲပြုတ်ကျသွား၏။

××××××



www.burmeseclassic.com

www.burmeseclassic.com





"အဲဒီလိုပါပဲသမီးရယ်. . . ဆိုင်ကယ်တစ်စီးဝယ်စီးမိပါတယ်. . ဒုက္ခဆိုတာပြောမနေနဲ့တော့၊ သူများယောက္ခမကုတ်ခွစီးသလိုကို အမွှေးတတုံးနဲ့ကိုယ်တုံးလုံးကို ဖြစ်ကရော"

အားနာလို့ရယ်တာလား။ တကယ်ရယ်ရလို့ရယ်ကြတာလားတော့မသိ။ ဖြုံးစေ့စေ့နှင့် တွေ့ရသည်။

"နောက်ပိုင်းတော့ ဦးမှာဆိုင်ကယ်လေးစီးဖို့ကို ရပ်ကွက်လူကြီးချောင်းရ။ အမြဲဆိုင်ကယ်နောက်လိုက်နေတဲ့ နွားမကြီးချောင်းလိုက်နဲ့ အလုပ်ကိုရှုပ်နေတာ။ နောက်ထပ်ပိုဆိုးတာက အဲဒီနွားမကြီးခမျာလည်း သားတစ်ကောင်ထပ်ကျတော့တာပဲ။ အဲဒီနွားသားလေးခမျာလည်း သူ့ရဲ့ရှေ့ဆောင်နွားမကြီးဆိုင်ကယ်နောက်ပြေးပြေးလိုက်နေတော့ သူလည်းသူ့အမေနောက်ပြေးလိုက်ရင်း ဆိုင်ကယ်သွားရာနောက် နှစ်ကောင်ပူးကြီးကပ်ကပ်ပါလာတာလေ"





ကလေးများက ကျွန်တော့်ကိုငေးကြည့်နေကြသည်။

"ခက်တာက အဲဒီနွားသားလေးလဲ သူ့အမေလိုပဲ ပြောင်းဖူးရိုးကြိုက်တယ်လေ၊ အဲဒီတော့ ဦးမှာလဲ ဆိုင်ကယ်တစ်ခါ စီးဖို့ပြောင်းဖူးနှစ်ဖူးရှာရတော့တာ"

ထိုအချိန်မှာပဲအပြင်က "ပြောင်းဖူးပြုတ်ပူပူလေး" အော်သံကြားတော့ ကောင်မလေးတွေက ထရယ်ကြ၏။ နောက်. . ခပ်သွက်သွက်တစ်ယောက်က. . . .

"ဦး. . . ပြောင်းဖူးပြုတ်စားဦးမလား"

"မစားပါဘူး. . သမီးရယ်. . . သမီးတို့စားချင်ခေါ်လေ"

"သမီးတို့မှာ ဦးလိုဆိုင်ကယ်မှ မရှိတာ"

အားလုံးဝိုင်းရယ်ကြသည်။ ထိုတော့မှ ကျွန်တော်လည်း သူတို့၏ ဆိုလိုရင်းကိုသိပြီး ရယ်မိသေး၏။ ခေတ်ကလေးများ သွက်လက်ချက်ချာပါ၏။

"အဲဒါနဲ့ ဦးလည်းဆိုင်ကယ်ကို အဝေးကြီးကရွာတစ်ရွာမှာ ဆိုင်ကယ်ကိုသွားရောင်းလိုက်တော့တာ။ အဲဒီတော့မှ ဦးလည်း နွားရန်ကကင်းဝေးပြီး အေးအေးဆေးဆေးနေနိုင်တော့တယ်"

ကလေးများက စိတ်မဝင်စားတော့၍ထင့် အချင်းချင်းတီးတိုးဆိုနေကြသည်။ ပြီးမှ ခုနက ခပ်သွက်သွက်ကောင်မလေးကပင် စ၍

"ဦး. . . ဦးတို့အစ်မ မချောကလည်း ဆိုင်ကယ်စီးကြမ်းတယ်ဆို. . ."

ကျွန်တော်ရယ်လိုက်မိသည်။

xxxxxxx



www.burmeseclassic.com

www.burmeseclassic.com





"ဦးတို့အစ်မနာမည်က မချောပေါ့၊ အခုတော့ သူ့ကို အန်တီချောလို့ ခေါ်တယ်။ တူတွေတူမတွေက အန်တီချောလို့ ခေါ်ကြတာကိုး"

"သူတို့အိမ်က ဦးတို့အိမ်နဲ့ မဝေးဘူး၊ ဒီလမ်းလေးအတိုင်း သွားပြီး ဟိုဘက်ကိုကွေ့လိုက်ရင် 'သမီးချောစတိုး' ဆိုတာ တွေ့ရမယ်၊ အဲဒါ သူ့အိမ်ပေါ့"

"အခုတော့ သူ့အိမ်မှာ ဆိုင်ကယ်မရှိတော့ဘူး၊ နယ်မှာတုန်းကတော့ ဆိုင်ကယ်က မရှိမဖြစ်လိုတာကိုး။ ဒါကြောင့် တစ်စီးမဟုတ် ၁စ်စီးတော့ ရှိတာပဲ"

"အန်တီချောက ဆိုင်ကယ်ကိုတော့ ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပေါ့။ ဒါပေမဲ့ မကွေ့တတ်ဘူး။ ကွေ့တာနဲ့ ဒုက္ခများတော့





တာပဲ"

"ဆိုင်ကယ်စီးတဲ့အပိုင်းမှာတော့ မချောက ပါရမီကောင်းတယ်။ သူ ဆိုင်ကယ်စီးတဲ့အခါတိုင်း အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ"

"မွန်ပြည်နယ် ဘီးလင်းမြို့မှာနေတုန်းကလည်း တစ်ခါ"

"သူ့ဆိုင်ကယ်နဲ့ အရှေ့ကလာတဲ့ စက်ဘီးကို ဘယ်လိုရှောင်လိုက်တယ်တော့ မသိဘူး။ ဘယ်နေရာ ဘာတစ်ခုမှ မထိခိုက်မိဘဲ ဟိုလူရဲ့ လုံချည်တစ်ခုပဲ သူ့ဆိုင်ကယ်လက်ကိုင်မှာ ချိတ်ပါလာလို့ ဟိုလူကြီးခမျာ ခါတ်တိုင်ပြေးဖက်ထားရတယ်"

"အဲဒီလို အဖြစ်အပျက်တွေကများတော့ ဘယ်အကြောင်း ပြောပြရမှန်းမသိတော့ဘူး"

"ဩော် မှတ်မိပြီ၊ သူ ရှမ်းပြည်နယ်ဘက်က မြို့လေးတစ်မြို့မှာ ကြုံခဲ့ရတဲ့ အကြောင်း ပြောပြမယ်"

"အဲဒီတုန်းက မချောက မူလတန်းပြကျောင်းဆရာမပေါ့"

xxxxxxxx



www.burmeseclassic.com

www.burmeseclassic.com



ထိုမြို့လေး၏ မူလတန်းကျောင်းလေးက မြို့ဟောင်း၏ အစွန်နားကလေးမှာ ရှိ၏။

ခေတ်ကာလအလျောက် စည်ကားသည်က မြို့သစ်နေရာ။ ထူးခြားသည်က တခြားမြို့တွေလို မြို့ဟောင်းမြို့သစ်မှာ ကပ်လျက်တည်ရှိခြင်းမဟုတ်ပါ။ ကြားထဲတွင် နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်းတစ်ခု တည်ရှိနေခြင်းပင်။

ထို့ကြောင့် မြို့သစ်ကိုသွားလိုလျှင် မြို့ဟောင်းမှနေ၍ လေယာဉ်ကွင်းကြီးကိုပတ်၍ သွားလာရလေသည်။

မချောတို့ တာဝန်ကျသည့် မူလတန်းကျောင်းကလေးက မြို့ဟောင်းလေး၏ ထောင့်ဘက်အစွန်းနားလေးတွင် တည်ရှိသည့်အတွက် အနည်းငယ် ခေါင်သယောင်ဖြစ်နေ၏။

မြို့၏ကျက်သရေဆောင် ဈေးကြီးမှာ မြို့သစ်မှာသာ တည်ရှိသည့်အတွက် မြို့ဟောင်းမှ လိုအပ်သည်များကို မြို့သစ်ဈေးသွားတက်ဝယ်မှသာ ပြည့်စုံသည်ရှိ၏။

မချောတို့တာဝန်ကျသည့် မူလတန်းကျောင်းကလေးမှာလည်း မြို့နှင့်အနည်းငယ်အလှမ်းဝေးသည်မို့ ကျောင်းသားများ၏ လိုအပ်ချက်များကိုမှတ်သားကာ မြို့သစ်ဈေးသို့တက်ပြီး ဝယ်ခြမ်းပေးရလေသည်။

မုန့်ပဲသရေစာမှစ၍ ကျောင်းသုံးစာအုပ် ခဲတံများအဆုံး၊ တစ်ပတ်ကို တစ်ကြိမ်ကျ စာရင်းပြုစု၍ မြို့သစ်တက်ဝယ်ရသော ထုံးစံ ရှိလေသည်။

ခါတိုင်းဆိုလျှင်တော့ တတိယတန်းပြဆရာ ဦးတင်ထွန်းမှ ကျောင်းပိုင်ဆိုင်ကယ်နှင့် ဤတာဝန်ကို ယူနေကျဖြစ်သော်လည်း ယခု တွင်တော့ ဆရာဦးတင်ထွန်းမှာ နာရေးတစ်ခုကြောင့် ခရီးလွန်





နေသောကြောင့် ဆိုင်ကယ်စီးတတ်သော မချော၏ခေါင်းပေါ် ပုံကျလာလေသည်။

ထိုသို့ဖြစ်ရခြင်းမှာလည်း မြို့ကလေးတွေလည်း ၇ ရက်မှ တစ်ဈေးဖြစ်သောကြောင့်ပင်။ ထိုရက်မျိုးတွင်သာ ဈေးက စုံလင်စည်ကားပြီး ကျန်ရက်များတွင်တော့ ခြောက်ကပ်ပြီး လိုအပ်သမျှ စုံစုံလင်လင် ဝယ်ယူ၍မရနိုင်ပေ။ ထို့ကြောင့် ဈေးသွားလိုလျှင် ၇ ရက်ဈေးမီအောင် သွားရလေသည်။

"ကဲ. . . ချောချောရေ ဆရာဦးတင်ထွန်းကလည်းမရှိတော့ ဒီတာဝန်ကို ချောချောပဲ ခဏလောက် တာဝန်ယူပေးပါ၊ ကျောင်းမှာကလည်းဆရာမတွေချည်းကျန်တဲ့အပြင် ဆိုင်ကယ်စီးတတ်တာကလည်း ချောချောတစ်ယောက်တည်းရှိတာ၊ ဒါကြောင့် တာဝန်ပေးရတာပါကွယ်"

ကျောင်းအုပ်ဆရာမကြီးစကားကို မချောကလည်း ရိုသေစွာဖြင့်. . .

"ဟုတ်ကဲ့ ဆရာမကြီး၊ သွားဆိုသွားပါ့မယ်၊ ဒါပေမဲ့ ဦးတင်ထွန်းတုန်းကတော့ ဆိုင်ကယ်တစ်စီးနဲ့ ဈေးခြင်းကြီး အနောက်ကချည်သွားလို့ရပေရဲ့၊ ချောချောတို့က မိန်းမသားမဟုတ်လား၊ ဆိုင်ကယ်အနောက် ခြင်းကြီးချည်ပြီး တစ်ယောက်တည်းသွားဖို့ဆိုတာ မလွယ်လှဘူးလေ၊ တော်ကြာ လမ်းမှာ ဆိုင်ကယ်တစ်ခုခုဖြစ်နေမှဖြင့် ဒုက္ခများနေပါ့မယ်"

ကျောင်းအုပ်ဆရာမကြီးက ခေါင်းညိတ်သည်။

"ဒါလည်း ဟုတ်သား၊ ဒါဖြင့် တစ်ယောက်ယောက် အဖော်အဖြစ် ခေါ်သွားပေါ့၊ ဘယ်သူ့ခေါ်သွားမလဲ၊ ပြော ဆရာမကြီး ခွင့်ပြုလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မချော ငေးကြည့်လိုက်သည်။

အားလုံး ခေါင်းထောင်သွား၏။ အဘယ်ကြောင့်ဆိုသော် တစ်ပတ်တစ်ခါဖြစ်သောဈေးမို့ လူတိုင်းသွားချင်နေကြခြင်းပင်။ မချောနှင့်သွားရလျှင် လိုအပ်သည်များကို လိုသလိုဝယ်ခြမ်းနိုင်သည့်အပြင် မစားရတာကြာသော အစားအသောက်များကို စိတ်ကြိုက်ဝယ်ယူစားသောက်နိုင်ပေလိမ့်မည်။ မြို့ဟောင်းမှာက ဈေးဆိုင်မယ်မယ်ရရမှ မရှိပဲကို။ ထို့ကြောင့် မျှော်လင့်ချက်တောက်ပြောင်သော မျက်လုံးမျိုးနှင့် ကြည့်ကြသည်။ မချောကသာ ခပ်တည်တည်ဖြင့်. . .

"ဈေးမှာ ဝယ်မယ်ခြမ်းမယ်၊ ခြင်းဆွဲရမယ်ဆိုတော့ လိုက်ပါတဲ့သူက သန်မာမှဖြစ်မယ် ဆရာမကြီးရှင့်"

"ဒီတော့"

"ကျောင်းသန့်ရှင်းရေးလုပ်တဲ့ မခင်ဘုန်းကိုပဲ အဖော်အလျော်အဖြစ် ခေါ်သွားပါရစေ ဆရာမကြီး"

ဆရာမကြီး သက်ပြင်းချ၏။

"ကောင်းလေစွ၊ မခင်ဘုန်းက လူသာ ဝဝကြီးပေမယ့် သန်မာမှုလည်းရှိ ကြောက်စိတ်လည်း ကင်းပေရဲ့၊ သူနဲ့မှ အဆင်ပြေဆုံး ဖြစ်မယ့်အကြောင်း ဆရာမကြီးလည်း အဆိုပြုဖို့ပါပဲ၊ မချော အတွေး မှန်ပါပေတယ်၊ ကာလံဒေသံ၊ ကာလဒေသကို လိုက်ဖက်အောင် ရွေးချယ်နိုင်တဲ့ ချောချော တော်ပါပေတယ်"

အမှန်တော့ ဘာမှမဟုတ်ဘူး၊ ဆရာမ တစ်ယောက်ယောက်ခေါ်သွားပါက ခိုင်းရပြုရ အားနာရမည့်အပြင် ထမ်းဟယ် ပြုဟယ်ဆိုလည်း သန်မာသော မခင်ဘုန်းက ထမ်းနိုင်ပြုနိုင်သည် မဟုတ်ပါလား။ ထို့အပြင် မခင်ဘုန်းက နယ်ခံမို့ ဘယ်နေရာ ဘာရှိသည်၊





ဘယ်ဆိုင်မှာ စားစရာ ဘာကောင်းသည်ကို ကောင်းကောင်းညွှန်နိုင်ပေလိမ့်မည်။ ထို့ကြောင့် မချောက မခင်ဘုန်းကို ရွေးချယ်ရခြင်းပင်။

xxxxxxxx



www.burmeseclassic.com

www.burmeseclassic.com





မချောနှင့် ဈေးဝယ်ထွက်ရမည် သတင်းကြားတော့ မခင်ဘုန်းလည်း ဝမ်းသာသွား၏။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်လည်း '၇' ရက်ဈေးသို့ မရောက်တာကြာပြီဖြစ်သည့်အပြင် မချောနှင့် သွားရပြီဆိုမှဖြင့် မုန့်ပဲသရေစာ ချိုချဉ်ဟာလဝါ ဘာညာသာရကာ စားချင်ရာ ပလုပ်ပရုပ်နှင့် မပြတ်အောင် စားရမည်မဟုတ်ပါလား။ မချောက လက်ဖွာသည်။ "ဟီးဟီး" ဟု အသံပြု၍ စားချင်ရာ မျက်စပစ်လိုက်သည်နှင့် ငါးဆယ်ဖိုးမျိုး တစ်ရာဖိုးမျိုး စားပိုးနင့်အောင် စားရနိုင်ပေသည်ပဲ။

ထို့ကြောင့် ပျော်ရွှင်စိတ်ကို မြိုသိပ်၍ လှိုက်လှိုက်တက်လာသော အပြုံးကို တအုအုနှင့် မျိုချနေရလေသည်။ သူ့ကိုကြည့်ရသည်ကိုက တစ်ခေတ်တစ်ခါက ရုပ်ရှင်သရုပ်ဆောင် မင်းသားကြီး





များ ဖွင့်ပြောချင်စိတ်ကို မျိုသိပ်နေရသော ပုံစံမျိုး။ မျက်နှာကြီးက အသေ။ လည်ဇလုပ်ကြီးသာ ခုန်တက်လာလိုက် ပြန်မျိုချလိုက်နှင့် စုန်ဆန်ခတ် နေသည်။ အကယ်၍များ ထိုလည်ဇလုပ်ပေါ် ပုရွက်ဆိတ်တစ်ကောင်သာရှိပါက ချားရဟတ်စီးရသလို အပေါ်တက်လိုက် အောက်ဆင်း လိုက်နှင့် အသည်းတအေးအေး ဖြစ်နေပေလိမ့်မည်။

"ကဲ..ကဲ..သွားမယ်ဆိုလည်း နေမမြင့်ခင် သွားကြွယ် ချောချောရဲ့၊ တော်ကြာ နောက်ကျသွားမှဖြင့် လိုချင်တာတွေ မရဘဲ နေပါဦးမယ်"

"ဟုတ်ကဲ့ ဆရာမကြီး၊ မခင်ဘုန်း ပြင်ဆင်ပြီးတာနဲ့ တစ်ခါတည်း သွားပါ့မယ်ရှင့်"

သူစကားမစခင်ကတည်းက မခင်ဘုန်းက ပြင်ဆင်ပြီးနေပြီ။ သူတို့ပြင်ဆင်ပုံက ယခုခေတ် ရုပ်ရှင်မင်းသမီးများ အကယ်ဒမီပွဲတက်သလိုမှ မဟုတ်ဘဲ။ စပွန်ဆာတောင်းရန်လည်း မလို၊ မိတ်ကပ်ပြင်ရန်လည်းမလို၊ ထဘီတိုတိုဝတ်၍ ခေါင်းပေါ် ခြင်းတစ်လုံး ဖောက်ခနဲ ပစ်တင်လိုက်ရုံနှင့် ပြည့်စုံနေပေပြီ။ ပြီးနောက် မချောအား ခုသွားမလား၊ တော်ကြာသွားမလား၊ သွားချင်မှ သွားမလားဟူသော မျက်ဝန်းမျိုးနှင့် ငံ့လင့်နေသည်။ မချောကလည်း ဆရာမကြီးကို နှုတ်ဆက်နေပြီ။

"ခွင့်ပြုပါဦး ဆရာမကြီးရှင့်၊ မကြာခင်မှာပဲ လိုအပ်သည့်များကို ဖြည့်စွက်ဝယ်ခြမ်းပြီး အောင်ပန်းနဲ့အတူ ပြန်လာပါ့မယ်"

ဆိုကာ ဆိုင်ကယ်ရှိရာသို့ ထွက်လာလေသည်။ ကျောင်းရှေ့၌ မချောကို ရိပ်ရိပ်ကလေးမြင်သည်နှင့် အပျော်လွန်စိတ်နှင့် လည်ဇလုတ်ကို မျိုမျိုချနေရသော မခင်ဘုန်းခမျာ ခြင်းတောင်းကြီးကို ခေါင်းရွက်၍ ပြေးချလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မချောကတော့ ဆိုင်ကယ်သော့တယမ်းယမ်းနှင့် လှည့်ကြည့်ပြီး

"ကဲ . . မခင်ဘုန်း အဆင်သင့်ဖြစ်ရင် လစ်ကြစို့"

မခင်ဘုန်းကလည်း သူ့စကားကို

"လစ်ချင်သလိုလစ်၊ ဖြစ်သလိုလစ်၊ လစ်ရရင်ပြီးရော၊ ခင်ဘုန်းတို့ ကပ်ပါနေမှာ သေချာတယ် ဟီဟိ"

မခင်ဘုန်းက သူ့ကိုယ်ဝဝကြီးကို လှိမ့်ပြရင်း ပြောသည်။ မချောက ပြုံးရုံပြုံးရင်း ဆိုင်ကယ်ပေါ် တက်ကာ စက်နှိုးလိုက်သည်။

"ဝူး ထုတ် ထုတ် ထုတ်"

တရုတ်စက်ဖြစ် စူပါကပ်ဆိုင်ကယ်မှာ ခုန်ပေါက်ပြေးလွှားရန်အတွက် မြည်သံပေးသည်။ မခင်ဘုန်းက တောင်းကိုရွက်ရင်း သူ့ကိုယ်ဝဝကြီးကို ဆိုင်ကယ်ပေါ် ပစ်တင်လိုက်တော့၏။ နှစ်ယောက်တည်းဆိုသော်ငြား ဆိုင်ကယ်က အိခနဲ။ မခင်ဘုန်းခမျာ ဆိုင်ကယ်ဦးထုပ်ကလည်း ဆောင်းထားရသေးသမို့ တောင်းကြီးက ခေါင်းပေါ်ချော်ထွက်နေသည်။ သို့သော် ကိစ္စမရှိ။ အဓိက မချောနှင့် ကပ်ပါသွားဖို့သာ။

"ဖြီး . . ဖြီး . . ဖြီး"

မချောက ဆိုင်ကယ်လီဗာကို ခပ်ဆတ်ဆတ် ဆွဲကြည့်သည်။ ဆိုင်ကယ်စက်သံက ကျေနပ်အားရစရာ။

"အသင့်နော်"

"အသင့်"

မချောစကားကို မခင်ဘုန်းက ပြန်အော်သည်။ သူတို့ပုံစံက စစ်ထွက်ယောက်ျားများလိုဖြစ်နေ၍ ကျောင်းသူကျောင်းသား ဆရာ၊ ဆရာမအားလုံး အားရစွာထွက်ကြည့်ကြသည်။



"အသင့်ဆို လစ်ပြီ"

ဆိုကာ မချော ဆိုင်ကယ်ဂီယာကို ဂလောက်ခနဲ နင်းချလိုက်ရာ လီဗာဆွဲထားသော အရှိန်ကြောင့် ဆိုင်ကယ်က အရှေ့ဘီးထောင်၍ ဝူးခနဲ ခုန်ထွက်သွားရာ

"အား . . . ပလုတ်တွေ တုတ်ကုန်ပဟဲ့"

အော်သံနှင့်အတူ ဘာမှမကိုင်ထားသော မခင်ဘုန်းမှာ ဆိုင်ကယ်ပေါ်မှ နောက်ကျွမ်းပစ်ကာ ခေါင်းပေါ်တင်ထားသော ခြင်းတောင်းကြီးအုပ်လျက် ငုတ်တုတ်ကြီး ပြန်ကျသွားလေသည်။

"အား"

မချောမှာလည်း ဆိုင်ကယ်ခုန်ထွက်သွားသည်ကို လန့်ပြီး ဘရိတ်လှမ်းဆွဲလိုက်ရာ သူဆွဲသောဘရိတ်မှာ အနောက်ဘရိတ်မဟုတ်ဘဲ လက်ဖြင့်ဆွဲရသော အရှေ့ဘရိတ်ကြီးဖြစ်နေ၍ ဖုန်ကြားထဲမှ အနောက်ဘီးက ဝိုးခနဲလည်ပြီး ခြင်းတောင်းကြီးအုပ် ငုတ်တုတ်ကြီးဖြစ်နေသော မခင်ဘုန်းဘက် ပြန်လှည့်သွားလေသည်။

"အား . . လုပ် . . လုပ်ကြပါဦး၊ လုပ်ကြပါဦး"

ဆိုင်ကယ်ကြီး သူ့ဘက်ပြန်လှည့်လာသည်ကို မြင်သည်နှင့် မခင်ဘုန်းခမျာ ပြန်ထဖို့သတိမရဘဲ ခြင်းတောင်းကြီးအုပ် ဆိုင်ကယ်ဦးထုပ် ရှေ့ထုတ်ပြီး လုံလိုလုံငြား လုံချည်ပါ ရင်၊ ခါင်းလှမ်းစည်းရင်း ကြောက်လန့်တကြားနှင့် အသင့်ပြင်ထားလေသည်။ ဆိုင်ကယ်ကလည်း သူ့တည့်တည့် ခြေကုန်ထွက်တော့မည့် အနေအထား။ ဆိုင်ကယ်ယက်သည့် အရှိန်ကြောင့် ဖုန်တွေက ထဖွားဖွား။

"ဟဲ့ . . . ဟဲ့ . . လုပ်ကြပါဦး၊ ကယ်ကြပါဦးတော့"

မခင်ဘုန်း၏ အာခေါင်ခြစ်အော်သံ။

သူတို့နှစ်ယောက် ဖြစ်နေပုံက ရှေးခေတ်တုန်းက မြင်းခုက်

www.burmeseclassic.com

ကြီးနှင့် ခေါင်းဖြတ်တတ်သော သရဲစစ်သည်ကို ကြောက်လန့်တကြား ပြန်လည်ခုခံရန် ပြင်ဆင်နေသော မြင်းပိန်လေးနှင့် မင်းသားငယ်လို ဖြစ်နေ၏။ ကျောင်းသူကျောင်းသားများကလည်း မခင်ဘုန်းပုံကို ကြည့်ပြီး တစ်ခဲနက် အားပေးကြသည်။

"ဟေး ဒါမှ မခင်ဘုန်းကွ"

"ကျောင်းစောင့် ခင်ဘုန်း၊ ဗိုခင်ဘုန်းဟေ့"

မချောကလည်း လီဗာနှင့် ဘရိတ်က ညာတစ်ဖက်ညှစ်ဆွဲထားသည်မို့ ဆိုင်ကယ်က ခုန်ထွက်မလို ရပ်မလိုနှင့် ဆိုင်ကယ်က ပတာတ်ထထရပ်နေ၏။ မခင်ဘုန်းကလည်း ခုန်ထွက်လာတော့မည့် ဆိုင်ကယ်ကို မျက်ခြည်မပြတ်ကြည့်ရင်း သို့အုပ်ဆောင်းကြီးနှင့် ဘယ်ရွှေ့ညာရွှေ့ ရွှေ့ကြည့်သည်။ အခြေအနေက သေတစ်နေ့ မွေးတစ်နေ့ကိုး။ ရင်ဆိုင်သင့် ရင်ဆိုင်၊ ပြေးသင့် ပြေးရမှာလေ။

ထိုစဉ်မှာပင် ကျောင်းအုပ်ဆရာမကြီး ပြေးထွက်လာပြီး

"ချောချော လီဗာလျှော့ လီဗာလျှော့"

"ဗျာ"

ဆရာမကြီးအော်သံကြားတော့ မချော ပြန်လှည့်အော်သည်။

"လက်ကဟာ. . . လက်ကဟာကိုလွှတ်လိုက်"

"ဟုတ်"

ဆရာမကြီးအော်သံကြားမှ မချောလည်း သတိရကာ လက်ကဆွဲထားသည်ကို လှမ်းလျှော့လိုက်သည်။ ဖြစ်ချင်တော့ လီဗာနှင့် ဘရိတ်မှာ တစ်ဖက်တည်း ပြိုင်တူဆွဲထားသည်မို့ ဘရိတ်ကို အရင် လျှော့မိပြီး လီဗာက ဆွဲထားလျက်ဖြစ်၍ ဆိုင်ကယ်က ဝုန်းခနဲ ခုန်ထွက်သွားပြီး

"အား. . . လုပ်ကြပါဦး. . လုပ်ကြပါဦးတော့"





ဖြစ်ချင်တော့ ဆိုင်ကယ်က ကြောက်လန့်တကြားနှင့် ခြင်းတောင်းကြီးအုပ်ပြီး ဝပ်နေသော မခင်ဘုန်းဆီ အရှိန်ပြင်းစွာ ပြေးဝင်သွားပြီး

"ကယ်တော်မူကြပါတော်ရေ. . . ကယ်တော်မူကြပါ"

ဟူသော အော်သံနှင့်အတူ ခြင်းတောင်းကြီးခေါင်းစွပ်၍ ခုန ခေါင်းဖြတ်သရဲကို ခံချမည့်ဟန်နှင့် သတ်ကွင်းပြင်နေသော မခင်ဘုန်းမှာ ရောက်ရာပေါက်ရာ ခုန်ထရင်း ပြေးချသွားလေတော့သည်။ ဆိုင်ကယ်ကလည်း လီဗာဆွဲလိုက် ဘရိတ်ဆွဲလိုက်နှင့်မို့ ခုန်ဆွခုန်ဆွနှင့် မခင်ဘုန်းနောက် ပြေးလိုက်နေ၏။

"ဝူး ထုန်း ထုန်း"

"အောင်မလေးတော့. . . မကယ်နိုင်ကြတော့ဘူးလားတော့"

မခင်ဘုန်းက အရှေ့ကလုံးနေအောင် ပြေးသည်။ အနောက်မှ မချောနှင့်ဆိုင်ကယ်ကလည်း တရှုန်းရှုန်းနှင့်လိုက်သည်။ ဒါကိုမြင်တော့ ဆရာမကြီးပါ

"ဟေ့. . ဟေ့. . ဘာကြည့်နေကြတာလဲ ကျောင်းသားတွေ၊ ဆိုင်ကယ်ကို ဆင်းဆွဲကြပါလား"

ဆရာမကြီးအော်သံကြားသည်နှင့် ကျောင်းသားများမှာ ကျောင်းဆင်းခေါင်းလောင်းသံကြားရသည့် အလား ဟေးခနဲ အော်ဟစ်ခုန်ပေါက် ပြေးဆင်းသွားကြလေသည်။

ဖြစ်ချင်တော့ မချောမှာ ဆိုင်ကယ်ကို အဖြောင့်သာမောင်းတတ်ပြီး မကွေ့တတ်သူမို့ အရှေ့မှပြေးနေသော မခင်ဘုန်းနောက်ကို တရစပ် ပြေးလိုက်သလိုဖြစ်နေ၏။ သူ့ခမျာလည်းထူပူပြီး ဘာလုပ်လို့ လုပ်ရမှန်း သိပုံမပေါ်။ သူတို့နောက်မှ ကျောင်းသားများကလည်း



www.burmeseclassic.com

www.burmeseclassic.com



တောထုတ်သလို ပေးဟား ညာသံပေးရင် တပျော်တပါး ပြေးလိုက်နေ၏။ မသိလျှင် ကျောင်းအားကစားပွဲ ကျင်းပနေသလို။

ကံဆိုးချင်၍လားတော့ မသိ၊ မခင်ဘုန်း ပြေးသွားသည်က ကျောင်းအတွက် ယာယီဆောက်လုပ်ထားသော ခနော်နီခနော်နဲ့ မုန့်ဆိုင်တန်းလေး။

"အား. . . သမီးတော့ပြေးပြီ အမေရဲ့၊ အား"

ဟုအော်ကာ သူ့ခန္ဓာကိုယ်ဝဝကြီးနှင့် မုန့်ဆိုင်တန်းပေါ် ခုန်တက်ရင်း ခြင်းတောင်းခေါင်းစွပ်ကာ အတင်းပြေးသည်၊ သူ့နောက်ကမှ မချောနှင့်ဆိုင်ကယ်မှာ သူပြေးဝင်သွားသော မုန့်ဆိုင်ကန်းကိုပင် တည့်တည့်ကြီး ဝင်တိုးမိပြီး ယာယီဆောက်လုပ်ထားသော ဆိုင်တလေးမှာ ဝုန်းခနဲ ပက်လက်လန်သွားလေသည်။ ကံကောင်းချင်တော့ မခင်ဘုန်း ဆိုင်ပေါ်က ခုန်အချမှာ ဝင်တိုက်မိသောကြောင့် ဘာမှမထိဘဲ လွတ်ထွက်သွားလေ၏။ သို့သော် ဆိုင်ကယ်က ဆိုင်တလေးကိုဖြတ်နင်းပြီး သူ့နောက်ပြေးလိုက်နေတုန်း။

"အမေရေ. . အမေရေ. . သမီးဘယ်ပြေးရမလဲ အမေရေ"

ဖြစ်ချင်တော့ သူပြေးနေသည့်တည့်တည့်မှာက ထန်းပင်ကြီး။ မချော၏ဆိုင်ကယ်မှာလည်း သူ့ဖင်ဖျား ကပ်နေလေပြီ။

"အား"

မတတ်သာသည့်အဆုံး မခင်ဘုန်း ထန်းပင်ပေါ် တက်ပြေးသွားလေ၏။ မြန်သည်။ သွက်သည်။ မိန်းမတစ်ယောက် ဤမျှမြန်အောင် ထန်းပင်တက်တတ်လိမ့်မည်ဟု မည်သူမှထင်မည်မဟုတ်။ ထန်းသမားများ ထန်းတက်သလို လက်နှစ်ဘက် ထန်းပင်ဖက်၍ ခြေနှစ်ဘက်စုံ နှစ်ချက်တွန်းလိုက်သည်နှင့် ထန်းပင်အတော်မြင့်မြင့်





ပေါ် ရောက်သွား၏။

မချောနှင့်ဆိုင်ကယ်မှာလည်း ဦးတည်ချက်မပြောင်းဘဲ ထန်း ပင်ခြေရင်းသို့။

"အုန်း"

အရှိန်က မနည်းသည်မို့ ထန်းပင်တစ်ခုလုံး သွက်သွက်ခါသွား၏။ ဒါတောင် ဆိုင်ကယ်က အရှိန်မသေသေးဘဲ လီဗာဆွဲထားသော အရှိန်ကြောင့် ခေါင်းကြီးစိုက်ပြီး နောက်ဘီးလည်နေတုန်း။ မချောနှင့် ဆိုင်ကယ်ဖြစ်နေပုံကိုကြည့်ပြီး ထန်းပင်ပေါ် ရောက်နေသော မခင်ဘုန်းမှာ မောရမှန်းပင်မသိတော့ဘဲ အားရဝမ်းသာဖြင့်

"ဟား. . ဟား. . ခင်ဘုန်းကို ဒီလိုလာစမ်းလို့ ဘယ်ရမလဲကွ၊ ခင်ဘုန်းက ဖင်တုံးကြီးပေမယ့် ပေါ့တယ်ပေါ့"

"ဒုန်"

"ဟင်. . ဘာ. . ဘာဖြစ်. . ဖြစ်"

သူ့စကားပင်မဆုံးလိုက်၊ ဆိုင်ကယ်တိုက်လိုက်သော အရှိန်ကြောင့် ကြွေလုလုဖြစ်နေသော ထန်းသီးတစ်လုံး သူ့ခေါင်းပေါ် တည့်တည့်ကြွေကျကာ မျက်စိပယ်သွား၏။ နောက် တောက်တဲ့များ သားကောင်တွေ့လျှင် ဖမ်းရန် အရှိန်ယူသလို ဘယ်ခြေ ညာလက်ဖြင့် ထန်းပင်ပေါ်မှ ကပ်နွဲ့ပြီး ဖြည်းညင်းစွာ ပြန်ဆင်းလာ၏။ တစ်ချက်။ နှစ်ချက်။ သုံးချက်။ သုံးချက်မြောက်ပြီးသည်နှင့် ထန်းပင်ကိုကပ်၍ တရွတ်ဆွဲ မြေပြင်သို့ လျှောကျလာ၏။ မြေပြင်ပေါ် ရောက်သော် သူ့ကိုယ်သူတော့ ထိန်းရှာပါသေးသည်။ သို့သော် ထန်းသီးထိထားသော အရှိန်နှင့်မို့ မျက်လုံးကြီးပယ်ပြီး ကတုန်ကယင်နှင့် ပိုလီယိုရောဂါသည်ကြီး နတ်ကနေသလို ခြေလှမ်းများက တောင်ဘက်ယိုင်သွားလိုက် မြောက်ဘက်ယိုင်သွားလိုက်နှင့် နောက်ဆုံး စေ့စေ့ငန်း



www.burmeseclassic.com

www.burmeseclassic.com



စောင်းငန်း မချော၏ဆိုင်ကယ်နောက်ခုံပေါ် ဝုန်းခနဲ ဝမ်းလျား မှောက်ပြီး ပြန်ကျ သွားတော့သည်။

ထိုတော့မှ ထန်းပင်ကို ခေါင်းဝင်အောင်းနေသော မချော ဆိုင်ကယ်ကြီးမှာ သူမှောက်ကျလိုက်သောအရှိန်ဖြင့် အိခနဲဖြစ်ပြီး လမ်းမပေါ်သို့ ဝုန်းခနဲ ပြန်ခုန်ထွက်သွားလေသည်။

"အား"

မခင်ဘုန်းပြီး သူ့အလှည့်ဖြစ်မှာစိုး၍ ကျောင်းသားကြား ဗျာများနေသော ဆရာမကြီးမှာ အရွယ်နှင့်မလိုက်အောင် လှစ်ခနဲ ပြေးပြီး ကျောင်းတိုင်သွားဖက်ထားရလေတော့သည်။

မချောနှင့်ဆိုင်ကယ်မှာလည်း သားကောင်ရပြီးသား စစ်သူ ကြီးလို ဝုန်းဒိုင်းကျဲရင်း ထွက်ခွာသွားလေပြီ။ မခင်ဘုန်းခမျာတော့ ဆိုင်ကယ်ပေါ် ဝမ်းလျားမှောက်ကြီးနှင့် သူ့ခြင်းကို သတိလက်လွတ် ကျစ်ကျစ်ပါအောင်ဆုပ်ကာ ပါချသွားလေတော့၏။

××××××××







"ဈေးရောက်တော့ မခင်ဘုန်းခမျာ ဘာမှကိုမပြောနိုင်တော့ ဘူး၊ ဆိုင်ကယ်ဦးထုပ်ကြီးဆောင်းပြီး တွေ့သမျှဟာ ခြင်းထဲ ကောက် ထည့်နေတော့တာပဲ"

"ဒါ မပါဘူးပြောလည်း မရ ဟိုဟာပါတယ်ပြောလည်း မရနဲ့ သူ့ လက်လှမ်းမီရာ သတိလက်လွှတ် ကောက်ထည့်လာလို့ မချောခမျာ ဈေးဖိုး မနည်းရှင်းလိုက်ရတယ်"

စကားပြောမကောင်းသော ကျွန်တော့်ကို ကလေးများက ပြုံးစိစိနှင့် ကြည့်နေကြသည်။

"အပြန်ခရီးကျတော့လည်း မချောက သူ့ဆိုင်ကယ်နဲ့ပြန်ဖို့ ခေါ်ရှာပါတယ်၊ ဒါပေမဲ့ ဘာကြောင့်ရယ်တော့ မသိဘူး၊ မခင်ဘုန်း ခမျာ ဆိုင်ကယ်ခေါင်းစွပ်ပေါ်ကမှ တောင်းကြီးကို ချော်တိချော်၍



www.burmeseclassic.com

www.burmeseclassic.com



ရွှက်ပြီး လမ်းလျှောက်ပြန်တာ။ အဝေးကြီးဆိုလည်း မရဘူး။ ဆိုင်ကယ်နား လုံးဝမကပ်တော့ဘူး။ နောက်ပြီး ရှမ်းလို ဘာတွေ ပြောလာတယ်. မသိဘူး၊ ပါးစပ်က ပတွတ်ပတွတ်နဲ့"

"ကျိန်တာပဲနေမှာပေါ့၊ သူ့အဖြစ်ကလည်း ကျိန်ချင်စရာကြီး ဟာ"

နေပြောက်ထိုးနေပြီမို့ ကလေးတွေက ခုံမရွှေ့ကြသည်။ နောက် ခပ်သွက်သွက်လေး တစ်ယောက်က

"ဦးတို့ အစ်ကိုတစ်ယောက် ရှိတယ်မဟုတ်လား"

"အစ်ကိုတစ်ယောက် ဘယ်ကမလဲ၊ ဦးအထက်မှာ အစ်ကို လေးယောက်၊ အစ်မတစ်ယောက်၊ ဦးရဲ့ညီတစ်ယောက် ပေါင်း (၇) ယောက်တောင်ရှိတာ၊ ဘယ်တစ်ယောက်လဲ"

သူတို့ခေါင်းတွေ စုကပ်ကုန်သည်။ တီးတိုးတီးတိုးနှင့် တစ်ယောက်ကိုတစ်ယောက် မေးနေကြပုံရ၏။ အတန်ကြာမှ ကောင်မလေးတစ်ယောက်က ခေါင်းကုတ်ပြီး

"ဟိုလေ စတိတ်ရှိုးမှာ မိုက်ခွက်လုပြေးတဲ့တစ်ယောက်"

"သြော် ကိုချာန်ကို ပြောတာလား၊ အင်း. . ကိုချာန်. . . ကိုချာန်. . မနက်ကမှ ဖုန်းဆက်သေးတယ်၊ သူ ကော့ဘိန်းရွာဝက ထန်းရည်ဆိုင်ရောက်နေလို့ လာခဲ့ပါလားတဲ့၊ ရန်ကုန်နဲ့ ကော့ဘိန်း နီးနီးလေးမှတ်လို့ သမီးရယ်၊ ကားမောင်းရင်တောင် နေ့ပေါက်အောင် မောင်းရမှာကို"

"သူက ထန်းရည်ဆို သိပ်ကြိုက်တာ သမီးရဲ့၊ ထန်းရည် ကောင်းတယ်ဆို ဘယ်နေရာဖြစ်ဖြစ် ရောက်အောင်သွားတယ်။ အခု လည်းကြည့်လေ. . ထန်းရည်ကောင်းတယ် သတင်းကြားလို့ မော်လမြိုင်ကနေ ကော့ဘိန်းအထိသွားပြီး ထန်းရည်သွားသောက်





နေတာ"

ကလေးများက ကျွန်တော့်ကို ငေးကြည့်နေ၏။

"ပြောရဦးမယ်၊ ဦးတို့ ညီအစ်ကိုမောင်နှမတွေထဲမှာ ကိုချာန် ကို ဉာဏ်အကောင်းဆုံးလို့ သတ်မှတ်ထားတယ်။ သူက ဘာလေးပဲ ဖြစ်ဖြစ် တစ်ခါပြလိုက်ရုံနဲ့ အကုန်တတ်တယ်။ ဘာဖြစ်ဖြစ်ကို တတ် တာ။ အဲ. . ဒါပေမဲ့ သူက အခုအချိန်ထိ ဘာမှမလုပ်စားဘူး၊ လက်ကြောတင်းရင် နေမကောင်းဖြစ်မှာစိုးလို့လားမသိပါဘူး သမီး တို့ရယ်"

"အဲ. . အဲဒီအထဲကမှ သူနဲ့ ရွာက အဝီစိတွင်းပိုင်ရှင် ဦးမောင်မြင့်တို့အကြောင်း ပြောပြမယ်"

"ဦးမောင်မြင့်ဆိုတာ အညာသားထင်ပါရဲ့၊ ဦးတို့ရွာဘက်ကို ဖျာရောင်း စောင်ရောင်းနဲ့ ဒီက ရွာသူနဲ့ညားပြီး အခြေကျလာတာ"

"ဒါပေမဲ့ လူက အလည်သားဟ၊ ဘယ်လောက်ထိလဲဆို ရွာမှာ ဘုန်းကြီးကျောင်းသောက်ရေကန်က ရေကို တစ်ရွာလုံး ခပ်သုံး နေရတဲ့အချိန်မှာ သူက ရွာမှာ ဘယ်သူမှမကြားဖူးတဲ့ အဝီစိတွင်းဆို တာကြီးတူးပြီး တစ်ရွာလုံးကို ရေလှည့်ရောင်းတာ"

"ဘုန်းကြီးကျောင်း သောက်ရေကန်ကဆိုတော့ ခပ်ရမြဲရ ဝေးတာပေါ့ သမီးတို့ရယ်၊ ဦးမောင်မြင့် အဝီစိရေကတော့ ပိုက်ကလေး ဆွဲရုံနဲ့ ဖရော ဖရောနဲ့ ရေရဘာကိုး၊ ဒါကြောင့် ပိုက်ဆံနည်းနည်း တတ်နိုင်တဲ့ ရွာသားတွေ၊ အလုပ်မအားတဲ့ အိမ်တွေက ရေအတွက်ကို ဦးမောင်မြင့်ရေကိုပဲ အားပြုကြရတော့တာ"

"အဲ. . . တစ်ခုမကောင်းတာက ဦးမောင်မြင့်က အမြဲမူးနေ တတ်တာပဲ၊ မူးရင် ရန်ရှာတတ်တာမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မူးလာပြီဆိုတာနဲ့ သူ့ပစ်မှတ်က လော်စပီကာဆီ ရောက်ရော့တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



လော်စပီကာဆိုတာကလည်း ရွာအလှူခံမှာ အမြဲရှိတယ်လေ၊ အဲဒါနဲ့ပဲ. . ."

xxxxxxxx



"စံပယ်နဲ့လေးရုံ တစ်ရုံကျန်ပါသေး. . . သကွယ့်"

လော်စပီကာက အဲဒီအသံကြီးကြားတယ်ဆိုတာနဲ့ ဦးမောင်မြင့်ကြီး မူးနေပြီဆိုတာ တစ်ရွာလုံး သိကြတယ်။ ခက်တာက အဲဒီဦးမောင်မြင့်ဆိုတဲ့သူက ဘုရားစာလည်းမဆိုတတ်၊ ပါဠိပါတ်သားဟော့လည်း မသိ။ "သူသိတာက ဘယ်ကဘယ်လို ပါးစပ်ထဲရောက်နေမှန်းမသိတဲ့ အဲဒီ စံပယ်နဲ့လေးရုံ တစ်ရုံကျန်ပါသေးသကွယ့်" ဆိုတဲ့ ဂါထာကြီး ကောက်ကောက်ရွတ်တော့တာပဲ။

ရွာလူတွေကလဲဗျာ၊ ဦးမောင်မြင့်နဲ့ မကောင်းနိုင်၊ နောက်ပြီး အလှူငွေတွေ သူပဲ သွားသွားထည့်ပြီး လော်စပီကာကတစ်ဆင့် ပြောချင်ရာပြောနေတော့ တစ်ရွာလုံးက သည်းခံနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မြင့်. . နာမည်ရင်းက မြင့်ဆောင်၊ ဒါပေမဲ့ အားလုံးထက် မြင့်ချင်လို့ မောင်မြင့်ဆိုတာကိုပဲ ယူခဲ့တာ"

အဲဒီက စပြီဆိုတာနဲ့ ဦးမောင်မြင့်တို့ အကြွားထူတော့မယ်ဆိုတာ တစ်ရွာလုံးသိပြီ။

"မောင်မြင့်ဆိုတာ အရင်ကတော့ စောင်ရောင်း ခြင်ထောင်ရောင်းတဲ့ လူဆင်းရဲလေး၊ ဟော အခုတော့ အဝီစိတွင်းပိုင်ရှင်ကြီး ဖြစ်နေပြီ။ ဒါ ဘာကြောင့်လဲ။ ရှေးဘဝက လှူခဲ့လို့။ ရှေးဘဝက လှူခဲ့ လို့ မောင်မြင့်တို့ ဒီဘဝရတာ၊ ကဲ. . ဒီဘဝ လှူတော့ နောင်ဘဝ ရမယ်။ မောင်မြင့်တို့က အလှူအတန်း လက်မတွန့်ဘူး။ ဟော. . အခုပဲကြည့်၊ မောင်မြင့်တို့ ပြာသုံးဆယ် လှူပြီးပြီ။ အဲဒီတော့ ဟောဒီပြာသုံးဆယ်က မောင်မြင့်ကို နောင်ဘဝမှာ စောင့်နေပြီ၊ နောင်ဘဝမှာ မောင်မြင့် လက်ဖြန့်လိုက်တာနဲ့ ဟော. . ပြာသုံးဆယ် ရပြီဗျား"

နောင်ဘဝမှာ အဲဒီ ပြာသုံးဆယ် သုံးလို့ရတာကျနေတာ။ ဒါပေမဲ့ သိတယ်မဟုတ်လား။ ဦးမောင်မြင့်က သူ စေတနာကောင်းကြောင်း တစ်ရွာလုံးကြားအောင် ကြွားရရင် ပြီးရောလေ။

အမှန်တကယ်တော့ ဒီလူက လှူချင်တာမဟုတ်ဘူး။ ကြွားချင်တာ။ လှူချင်ရင် အလှူခံမှာ လှူမှတင်မဟုတ်ပါဘူး။ ရပ်ကွက်ထဲသူ့ရေ အလကားဝေလည်း လှူတာပါပဲမဟုတ်လား။ အဲဒါမျိုးကျတော့ စဉ်းတောင်မစဉ်းစားနဲ့။ အခုခေတ် မာတ်ဆီဆိုင်က ဆိုပိုက်ကိုင်တွေကျနေတာပဲ၊ တစ်တိုင်ကီမှာ နှစ်ပုံးလောက်က လျော့ပြီးသား။ ဘယ်တော့မှ ပိုထည့်လိုက်တယ်ဆိုတာ မရှိဘူး။ ရေယူတဲ့သူတွေကလည်း ရေမထမ်းရပြီးရောဆိုပြီး သည်းခံယူနေရတာ။ ဟောကြည့် အခု လော်စပီကာကြီးနဲ့ကျတော့ ပြာသုံးဆယ်လှူပြီး သူ့အကြောင်း၊ သူ စိတ်ကောင်းကြောင်း အပ်ကြောင်းထပ်ပြီ။ ဟော. . ကြွားလား။





"မောင်မြင့်တို့ရဲ့ စေတနာ၊ မောင်မြင့်ရဲ့မေတ္တာ။ လူတိုင်းအပေါ်မှာ မောင်မြင့် စေတနာထားတယ်၊ တမြန်နှစ်က မောင်မြင့် မိန်းမ စိန်ပွေ့အမေ ဒေါ်ခြူသီး နေမကောင်းလို့ မောင်မြင့် နှစ်ကျပ်တန်ခနဲ ပေးချလိုက်တယ်"

ကိုယ့်ယောက္ခမ နေမကောင်းတာကို ကိုယ်မပေးလို့ ဘယ်သူပေးရမှာလဲ။ တစ်သက်မှာ ယောက္ခမကို နှစ်ကျပ် တစ်ခါပေးဖူးတာကို မှတ်ပြီး ပြောနေသေး။ ဒါကြောင့် တစ်ရွာလုံးက ဦးမောင်မြင့်နဲ့ လော်စပီကာကြီးကို မုန်းကြတာ။ အဲဒီထဲမှာ ကိုရှာန်က ထိပ်ဆုံးတပေါ့။ အမြင်ကတ်မယ်ဆိုလည်း တတ်စရာ။ ဟော. . နားထောင်ကြည့်ဦး။ သူပြောနေပုံ။

"မောင်မြင့်တို့ ဟိုးအရင်ကတည်းက အလှူဆို လက်မတွန့်ဘဲ လှူခဲ့တာ။ ဒါကြောင့် ငယ်စဉ်က စောင်ရောင်းခဲ့တဲ့ မောင်မြင့် အခုတော့ တစ်ဆင့်ပြီးတစ်ဆင့်မြင့်ပြီး မောင်မြင့်ဆိုတဲ့အတိုင်း မြင့်မြင့်လာပြီ၊ ဟော. . အခုကြည့် အဝီစိတွင်းပိုင်ရှင်ကြီး မောင်မြင့် ဖြစ်ပြီ။ မကြာခင်မှာ အဝီစိတွင်းတွေ ဆက်တူးပြီး အဝီစိတွင်း ရှစ်သောင်းပိုင်ရှင်ကြီး ဖြစ်တော့မယ်"

ဒီတွင်းလေးတစ်တွင်းတောင် ယောက္ခမဆီက အမွေခွဲပြီး တူးထားရတာကို၊ အဝီစိတွင်း ရှစ်သောင်းပြည့်အောင် တူးဦးမဘဲ့။ ဟား. . ဟား. . ရယ်စရာကြီး။

"အဲဒီတော့ကျရင် မောင်မြင့်တို့ တစ်အိမ်ကို ရေ့ ပေးစ်ခွက်နှုန်း ပက်ပက်စက်စက် လှူပစ်မယ်"

အဝီစိတွင်း ရှစ်သောင်းရှိမှ တစ်အိမ်ရေတစ်ခွက်နှုန်းပဲ လှူမယ်ဆိုတော့ စဉ်းစားသာကြည့်။ စိတ်ကူးထဲမှာကို စေတနာမရှိတာ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလျှုတဲ့ အကျိုးကြောင့် မောင်မြင့်သေရင် ဘယ်ရောက်မလဲ"

"သချိုင်းကုန်းရောက်မှာပေါ့ဗျ"

"အေး. . . သချိုင်းကုန်းမှာ အလေ့ာင်းကောင်တစ်ဘက် ငါးရာနဲ့ ဟင်. . . ဟင်"

သူ့စကားဆုံးသည်နှင့် အမှောင်ထဲကထွက်လာတဲ့ စကားသံကြောင့် ဦးမောင်မြင့် ယောင်သွားသေးတယ်။ ပြီးတော့ မိုက်ကရိုဖုန်းကြီးနဲ့

"ဟေ့. . . ဘယ်ကောင်လဲကွ၊ မောင်မြင့်ကိုပြောတာ"

"ဘယ်ကောင်ဖြစ်ဖြစ်ပေါ့ဗျ၊ ခင်ဗျားဟာက တစ်နေ့လည်းမဟုတ် နှစ်နေ့လည်းမဟုတ်၊ မောင်မြင့် ဘယ်လောက်စိတ်ကောင်းရှိကြောင်းချည်း လိုမ့်ကြွားနေတာ၊ ခင်ဗျားကြီး ဘယ်နေရာမှာဘာလှူဖူးလို့လဲ"

အသံလာရာ ဦးမောင်မြင့် အသေအချာလိုက်ကြည့်တယ်။

"ဩော်. . . မောင်ချာန်ကိုး၊ ဟေ့ကောင် ငါမလှူဘူးလို့ မပြောနဲ့၊ အခုတင် ပြားသုံးဆယ်လှူပြီးပြီကွ ဟား ဟား"

"ခင်ဗျား အဲဒါလှူတာမဟုတ်ဘူးဗျ၊ ခင်ဗျားပြောချင်တာပြောဖို့ မိုက်ကရိုဖုန်းကို ပြားသုံးဆယ်နဲ့ငှားတာ"

"ဟေ့ကောင် မောင်ချာန် ငါ့ရဲ့အလှူအတန်းရက်ရောမှုကို သရော်မော်ကားမလုပ်ပါနဲ့၊ ငါ့ယောက္ခမကြီး ခေါ်ခြုံသီးနေမကောင်းတုန်းက"

"ခင်ဗျား သူ့ဆီက အမွေခွဲတုန်းကခွဲပြီးတော့ သူနေမကောင်းဖြစ်မှ တစ်ကျပ်နဲ့ပြားရှစ်ဆယ် မနည်းပြန်တောင်းရတာကို"

"ဟေ့ကောင် နှစ်ကျပ်ကွ၊ နှစ်ကျပ်"





"ဘာနှစ်ကျပ်လဲ၊ နှစ်ကျပ်ကိုတောင် ခင်ဗျားကပေးတာမဟုတ်ဘဲ အတိုးပြားနှစ်ဆယ်နှုတ်ပြီး ချေးထားတာ၊ မသိဘူးများမှတ်နေလား၊ မယုံရင်သွားမေးလို့ရတယ်"

"ဒါ. . . ဒါကတော့ကွာ ဟို ဟို"

ကိုချာန်ကိုတော့ သူလိမ်လို့မရ။ ကိုချာန်က တစ်ရွာလုံးလှည့်ပတ်သွားလာနေသူမို့ ဘယ်နေရာအပ်ကျတာကအစ သိတာကိုး။

"ဟိုဟိုတွေ လုပ်မနေနဲ့၊ မနေ့ညကလည်း ကျော်လွှင်ထန်းတောမှာ ငါးမူးဘိုးမှာပြီး ထန်းရည်ကျည်တောက်ခိုးသောက်သွားတာ ဘယ်သူလဲ"

"ဒါကတော့ ငါ မြည်း. . . မြည်းကြည့်တာပါကွာ"

"မြည်းတာက တစ်ကျည်တောက်တောင်လား၊ ထားပါလေ ဒါဆို ခေါ်ဆင်မအိမ်က ကြက်ပေါက်လေး ခါးပိုက်ထောင်ထဲထည့်သွားတာကရော"

"အဲ. . . အဲဒါက ဟို ကြက်ကလေး နေမကောင်းလို့ ခေါ်ကုတာပါကွာ"

"ဘယ်မှာခေါ်ကုသလဲ၊ ဟင်းအိုးထဲခေါ်ကုတာလား"

"မင်းကလည်းကွာ သူသေတော့ ငါစားလိုက်တာပေါ့"

"ဒါဆို ဦးလူဝခြံက နာနတ်သီးသုံးလုံးကရော"

ကိုချာန် စကားတွေကြားတော့ ဦးမောင်မြင့် မိုက်ခွက်ကြီးကိုဝလုံခနဲ ပစ်ချပြီး

"မင်းကလည်းကွာ ကလေး ကလေးလိုမနေဘူး၊ ဟီး ဟီး"

ဆိုပြီး ဖြီးဖြီးဖြီးမျက်နှာကြီးနဲ့ လစ်ချသွားတော့တယ်။

"ပြောတော့ရေထည့်တယ်၊ ရေထည့်တယ်နဲ့ တစ်ရွာလုံးလှည့်အလစ်သုတ်နေပြီး"



www.burmeseclassic.com

www.burmeseclassic.com



ကိုရှာန်စကားကို သူကြားတော့မယ်တောင်မထင်ဘူး။ လစ်သွားတာမှ လုစ်လုစ်ကလေး။

xxxx







"အဲဒီလောက်နဲ့ ဦးမောင်မြင့် ငြိမ်သွားတယ်မှတ်လား။ နောက်နေ့မှာလည်း အရက်တွေမူးပြီး အနာဟောင်းပြန်ဆွတော့တာ။

"စံပယ်နဲ့လေးရဲ့. . . တစ်ရုံကျန်ပါသေးသကွယ့်"

အစချီပြီးချတော့တာ။

"မောင်မြင့်ကို တချို့ကလေးတွေက စေတနာနားမလည်ကြဘူး၊ မောင်မြင့်တို့ ရက်ရောတာကို မနာလိုကြဘူး၊ ဟော ဒီနေ့လည်း မောင်မြင့်အလှူခံမှာ ဆယ့်ငါးပြားလှူပြီးသွားပြီ၊ ဒီအကျိုးဘယ်သူခံရမှာလဲ၊ မောင်မြင့်ပဲခံရမယ်"

ဦးမောင်မြင့်ရဲ့ အသံက လော်စပီကာကနေ စီညံနေတယ်။

"မောင်မြင့်တို့ ဘယ်လောက်ထိ စေတနာကောင်းသလဲဆိုဒေါ်ဆင်မအိမ်က တြက်ပေါက်ကလေး နာနေတာမြင်တာနဲ့ ပိုင်ရှင်တို့



www.burmeseclassic.com

www.burmeseclassic.com



တောင် အသိမပေးတော့ဘူး ပိုင်ရှင်သိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ အသာကလေးတောင် ခါးပိုက်ထောင်ထဲထည့်ပြီး ချင်းတွေ၊ နနွင်းတွေသိပ်ပြီး ပြန်ကုအသက်လုတာ။ ဒါပေမဲ့ သူ့ရဲ့အတိတ်ကံမကောင်းရှာတဲ့ ကြက်ပေါက်ကလေးခမျာ အသက်မမှီလိုက်ဘူး၊ ဒါ မောင်မြင့်ရဲ့ စေတနာအစစ်၊ ဒါကို တချို့ကလေးတွေက မောင်မြင့်ရဲ့စေတနာကို နားမလည်ကြဘူး၊ ဒါပေမဲ့ မောင်မြင့်တို့ ဂရုမစိုက်ပါဘူး၊ မောင်မြင့်ရဲ့စေတနာ မောင်မြင့်ကို အကျိုးပေးပါမယ်၊ ဟော အခုဆို မောင်မြင့်ဟာ အဲဒီလိုအလှူအတန်း စေတနာတို့ကြောင့် အဝီစိတွင်းဟစ်တွင်းပိုင်တဲ့ သူဌေးကြီးဖြစ်နေပါပြီ၊ ဒါဟာ ဘာလို့လဲဆိုတော့"

ဦးမောင်မြင့်တို့ ဒီနေ့ ပိုဖီးလ်တက်နေသလားတောင် မသိဘူး ပြောတာမှ တရစပ်ပဲ။

"တလောကလည်း ဦးလူဝခြံထဲအဖြတ် နာနတ်ခင်းမှာ နာနတ်သီးသုံးလုံး ပုပ်နေတာတွေ့လို့ ကိုယ့်အသိစိတ်နဲ့ကိုယ် တခြားလူဆို ကျော်သွားမှာ၊ မောင်မြင့် မကျော်ဘူး၊ ပိုင်ရှင်သိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ အသာလေးနှုတ်ပြီး"

"ကလေးတွေခွဲကျွေးလိုက်တာ မဟုတ်လား"

သူ့စကားမဆုံးခင် ကိုချာန်အသံကြီးက အမှောင်ထဲက ထွက်လာပြန်တယ်။ ဒါကို ဦးမောင်မြင့်က မသိဟန်ပြုပြီး စကားဆက်တယ်။

"ဒေါ်ဆင်မတို့ရဲ့ ကြက်ပေါက်လေးနာနေတုန်းကလည်း မောင်မြင့်ကိုယ်တိုင်ပဲ ချင်းတွေ နနွင်းတွေသိပ်ပြီး"

"ချက်စားလိုက်တာလေ"

"မဟုတ်ဘူး၊ ကြော်စား၊ အဲလေ"

ကိုချာန် လာဆွနေတာမို့ ဦးမောင်မြင့်စကားတွေမှားပြီး





ဒုက္ခရောက်သွားရသည်။ ဒါကြောင့် ပိုတင်းပြီး

"ဟော့ကောင် မောင်ချာန်၊ မင်း နှောင့်ယှက်တာလွန်လာပြီနော်"

"ခင်ဗျားကြီး လော်စပီကာနဲ့ ရွာကိုနှောင့်ယှက်တာလည်း လွန်လွန်းပြီ"

"ဒါ နှောင့်ယှက်တာမဟုတ်ဘူးကွ၊ တစ်ရွာလုံးကို သဒ္ဓါစိတ်နိုးဆွနေတာ၊ စေတနာကောင်းရင် ကံကောင်းတယ်ဆိုတာ ချက်နဲ့လက်နဲ့ ရှင်းပြနေတာ"

"ဟင်း. . . ခင်ဗျားကပဲ ပြောရတယ်ရှိသေး၊ ခင်ဗျား ဘယ်တုန်းက စေတနာကောင်းလို့ ကံကောင်းဘူးလို့လဲ"

"ဟော့ကောင် ငါစေတနာကောင်းလို့ အဝီစိတွင်းပိုင်ရှင်ဖြစ်နေတာ မင်းမမြင်ဘူးလား"

"အောင်မာ အဲဒါ ယောက္ခမဆီကရတဲ့အမွေနဲ့ တူးထားတာ တစ်ရွာလုံးသိတယ်၊ မပြောချင်ကြလို့ကြည့်နေတာ ဟွန်း"

ကိုချာန်စကားလည်းကြားရော ဦးမောင်မြင့် မိုက်ကိုပစ်ချပြီး ရှုးရှူးရှားရှားနဲ့

"အေး. . . ငါစေတနာကောင်းလို့ ကံကောင်းကြောင်း တစ်နေ့ မင်းကိုလက်တွေ့ပြမယ်"

ဆိုပြီး ကမူးရှူးထိုးထွက်သွားတော့တယ်။ သူ့ခမျာလည်း ကလေးတစ်ယောက် ဒီလိုလာပြောနေတော့ ခံရခက်နေပုံပါပဲ။ လက်ဆုပ်လက်ကိုင်ကလည်း မပြနိုင်ပဲကိုး။

"ဟား. . . ဟား သွားပါဗျာ၊ သွားပါ၊ ဦးမောင်မြင့်ကြီး စေတနာကောင်းလို့ ကံကောင်းပြီဖြစ်ကြောင်း လက်တွေ့ပြနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်၊ ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကိုချာန်ရဲ့ သရော်တော်တော်ရယ်သံကြီး ကြားရတယ်။

ဒါပေမဲ့ သိပ်မကြာဘူး။ ဦးမောင်မြင့်ကြီး တဟီးဟီးတဟားဟား ရယ်သံကြီးနဲ့ အလှူခံကို ပြန်ရောက်လာတယ်။ ပြီးတာနဲ့ ဂေါ်ပကလက်က မိုက်ခွက်ကြီး ဖတ်ခနဲဆွဲပြီး

"ဟား. . . ဟား မောင်မြင့်တို့ စေတနာကောင်းလို့ ကံကောင်းကြောင်း ချက်ချင်းပြပြီဗျား၊ ဟား ဟား ဟောဒီမှာကြည့် စမ်း ခုနက မောင်မြင့် ဒီမှာ ဆယ့်ငါးပြားလှူသွားတယ်၊ အခုတင် လမ်းမှာ ပိုက်ဆံရှစ်ဆယ့်နှစ်ကျပ်နဲ့ ပြားနှစ်ဆယ် ပြန်ကောက်ရခဲ့ ပြီ၊ ဒါဟာ စေတနာက ချက်ချင်းအကျိုးပေးတာပဲမဟုတ်လား၊ ညောင်စေ့လောက်လှူပြီး ညောင်ပင်လောက်ရခဲ့တာလေ၊ ဆယ့်ငါး ပြားလှူပြီး ရှစ်ဆယ့်နှစ်ကျပ်နဲ့ ပြားနှစ်ဆယ် ချက်ချင်းအကျိုးပေးပြီး ကောက်ရခဲ့တာ၊ ဒါဟာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက ဦးမောင်မြင့်ကို ချက်ချင်းအကျိုးရှိကြောင်း ပြလိုက်တာပဲ၊ မောင်မြင့် တစ်ရာလှူရင် တစ်ထောင်ကောက်ရမဲ့နိမိတ်ပဲ၊ မောင်မြင့်တို့ကြီးပွား"

"ဦးမောင်မြင့်. . . ဦးမောင်မြင့်"

သူ့စကားမဆုံးခင် ခေါ်သံနဲ့အတူ ကလေးတစ်ယောက် ဂေါ်ပကရှေ့ရှေ့ လာရပ်တယ်။ ကြည့်လိုက်တော့

"ချောချော"

မျက်နှာကလည်း ငိုမဲ့မဲ့နဲ့။

"ချောချော ဘာဖြစ်လို့လဲ"

မချောက မျက်ရည်သုတ်သလိုနဲ့ သူ့မျက်လုံးကို လက်ဖနောင့်နဲ့ ပင့်လိုက်ပြီး

"ချော. . . ခုနကပိုက်ဆံကျပျောက်ခဲ့လို့၊ အဲဒါ ဦးမောင်မြင့် ကောက်သွားတယ်ကြားလို့"





"ဟမ်"

သူ့ရဲ့အာမေဋိတ်သံကြီးက လော်စပီကာက အကျယ်ကြီး ထွက်လာတယ်။ လက်ထဲမှာကလည်း မချောကျပျောက်ခဲ့တယ်ပြောတဲ့ ပိုက်ဆံလိပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်လို့။ နောက်မှသတိရပြီး

"ဟို. . . ဟိုလေ ပိုက်ဆံကဘယ်လောက်လဲ"

"ရှစ်ဆယ့်နှစ်ကျပ်နဲ့ ပြားနှစ်ဆယ်၊ ဟီး ဟီး အဲဒီပိုက်ဆံမှ ပြန်မရရင် မေမေက ရိုက် ရိုက်၊ ဟီး"

ကလေးငိုတာလည်းမြင်ရော ဘေးနားက ဂေါ်ပကများက လည်း

"ဟုတ်သားပဲမောင်မြင့်ရာ ကလေးသနားပါတယ်၊ နောက်ပြီး ပိုက်ဆံကလည်း နည်းတာမဟုတ်ဘူး၊ ရှစ်ဆယ့်နှစ်ကျပ် ပြားနှစ်ဆယ်တောင်ဆိုတော့ သူတို့အဖေရဲ့ လစာထက်တောင်များ နေတာ ပြန်ပေးလိုက်ပါ"

ဂေါ်ပကစကားကြောင့် ဦးမောင်မြင့်လည်း ပျာပျာသလဲနှင့်

"မ. . . မဟုတ်သေးဘူး၊ အဲ အဲဒီပိုက်ဆံက ဟို ကျွန်တော် ကျွန်တော်"

သူ့စကားပင်မဆုံးလိုက် အစကတည်းက သူ့ကိုကြည့်မရတဲ့ ဂေါ်ပကတစ်ယောက်က သူ့လက်ထဲကပိုက်ဆံကို ဖတ်ခနဲလုယူပြီး

"ခင်ဗျား အဲလိုတော့ မတရားမလုပ်နဲ့ဗျာ၊ ဟိုမှာ ကလေး သနားပါတယ်၊ ရော့ ချောချော ရော့၊ ပိုက်ဆံ မေမေ့ကိုသွားပြန်ပေး လိုက်"

ဆိုပြီး ထိုးထည့်ပေးလိုက်တာနဲ့ မချောမှာ ချက်ချင်းအငိုတိတ်ပြီး

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးပဲဖြေကာ ပြေးချသွားလေသည်။ အဲဒီတော့မှ မောင်မြင့်လည်း ငိုမဲ့မဲ့ဖြစ်သွားပြီး

"ဟင်. . . ဟင့် အဲဒါ အဲဒါ ကျွန်တော် အိမ် အိမ်"

"အိမ်ရှေ့က ကောက်ရခဲ့တာမဟုတ်လား၊ ကလေးပိုက်ဆံ ဗျာ ပြန်ပေးလိုက်ပြီးရောပေါ့"

"ဟုတ်ပါတယ် ကိုမောင်မြင့်ရာ၊ ကဲ ကဲ အခုမှ ခင်ဗျား စေတနာ ဘယ်လောက်ဖြူစင်လဲ ကျုပ်တို့သိပြီ၊ ကဲ တစ်ရွာလုံးသိအောင် မိုက်ခွက်ကလေးနဲ့ ပြောပြလိုက်ပါဦး၊ ဒါနပေါ့"

အားလုံးက ဝိုင်းတိုက်တွန်းပြီး မိုက်ခွက်ကို ထိုးပေးလိုက်တော့ ဦးမောင်မြင့်ခမျာ ကတုန်ကရင်နှင့်

"ဟုတ်ကဲ့ မောင်မြင့်ရဲ့ကုသိုလ် ခုနက ဆယ့်ငါးပြားလှူတယ်၊ အခုပဲ ရှစ်ဆယ့်နှစ်ကျပ်နဲ့ပြားနှစ်ဆယ်"

"ဦးမောင်မြင့် ဦးမောင်မြင့်"

"ဟင်"

သူ့စကားမဆုံးခင် ခေါ်သံကြားတော့ ဦးမောင်မြင့် လန့်သွားသေးတယ်။ ကြည့်လိုက်တော့ ဓမ္မာရုံအပေါက်ဝမှာ ရပ်နေတဲ့ ရွာလယ်ပိုင်းက ဒေါ်သူဇာ။ သူ့လက်မှာလည်း ငိုနေတဲ့ သူ့သားပေါက်ကြီးကို ဆွဲလို့။

"ဘာ. . . ဘာကိစ္စလဲဟင်"

"ဘာကိစ္စရမှာလဲ ခုနက ကျွန်မသားဈေးသွားပြီးပြန်အလာ ပိုက်ဆံပြုတ်ကျတာ ဦးမောင်မြင့် ကောက်သွားလို့ဆို အခုပြန်ပေး"

"ဟင်. . . ဒါ ဒါက"

ဒေါ်သူဇာစကားကြားတော့ ဦးမောင်မြင့် တုန်တက်သွားတယ်။





"ဒါကတွေဘာတွေ လုပ်မနေနဲ့၊ ခုနကပဲ ဦးမောင်မြင့်ကိုယ်တိုင် မိုက်ခွက်ကြီးနဲ့ ပြောပြီးသား၊ ပြန်ပေး ချက်ချင်းမပေးလို့ကတော့ သူဇာအကြောင်း သိတယ်မဟုတ်လား၊ ဝင်လုံးပစ်လိုက်မှာနော်၊ ဟင်းဟင်း"

ဦးမောင်မြင့် ကလယ်ကလယ်နဲ့ ဟိုလှည့်ကြည့်၊ ဒီလှည့်ကြည့်ဖြစ်နေတယ်။ နောက်မှ ကတုန်ကရင်နဲ့

"ဟင် အဲဒါက ခုနကချောချောလည်း လာယူ"

"အို အဲဒါတော့မသိဘူး၊ ကျွန်မသားပိုက်ဆံက ရှစ်ဆယ့်နှစ်ကျပ်နဲ့ ပြားနှစ်ဆယ် ပြန်ပေး"

ဒေါ်သူဇာ အတင်းတောင်းတယ်။ ဒါကို ဘေးနားကဂေါပကက

"ဟုတ်ပါပြီ၊ ဒေါ်သူဇာရဲ့သား ပိုက်ဆံဆို ပိုက်ဆံကဘယ်နှစ်ရွက်လဲ"

"ငါးဆယ်တန်တစ်ရွက်၊ တစ်ဆယ်တန်နှစ်ရွက်၊ ငါးကျပ်တန်နှစ်ရွက်၊ တစ်ကျပ်တန်နှစ်ရွက်နဲ့ ဆယ်ပြားစေ့နှစ်စေ့"

"ဟမ်"

သူပြောတာမှန်နေတော့ ဦးမောင်မြင့် ဘာလုပ်ရမှန်းမသိဖြစ်နေတယ်။ သူဇာပြောတဲ့ပိုက်ဆံက ခုနသူယူလာတဲ့ ပိုက်ဆံအရေအတွက် အမှန်။ ဂေါပကတွေထဲက အားလုံးလည်း မြင်ဝ ုးကြတာကိုး။ ဒါကြောင့် ယောင်တောင်ပေါင်တောင်နဲ့

"ဟို. . . ဟိုလေ အဲဒါ အဲဒါကလေ"

"အဲဒါကတွေဘာတွေ လုပ်မနေနဲ့၊ ကျွန်မပြောတဲ့ အရေအတွက် မှန်တယ်မဟုတ်လား၊ အဲဒါဆို ကျွန်မပိုက်ဆံပဲ ပြန်ပေးစမ်းချင်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မြင့်ခမျာ ဘာမှမတတ်နိုင်တော့။ သမာသမတ်ကျတဲ့ ဂေါပကတွေရှေ့မှာ ဖြစ်နေတာကိုး။ ဒါကြောင့် နဖူးက လိမ့်ထွက်နေတဲ့ ချွေးကိုပင့်သုတ်ပြီး

"ဒါ. . . ဒါက အမှန် အမှန်အတိုင်း"

သူ့စကားတောင် မဆုံးလိုက်။ ဘေးနားက ဂေါပကကြီးက

"ဟာ. . . အမှန်အတိုင်းမို့ လာပြန်တောင်းနေတာပေါ့ ကိုမောင်မြင့်ရ။ သူများပိုက်ဆံ အလကားမယူချင်ပါနဲ့ဗျာ၊ ဥစ္စာရှင်းမှန်နေပြီပဲ၊ ပြန်ပေးလိုက်ပါ"

ဆိုတော့ ဦးမောင်မြင့် ဘာမှမတတ်နိုင်တော့။

"အေး. . . အေး ဒါဆိုလည်း မ မနက်မှ အိမ်လာယူနော်၊ အခု အခု ပါမလာလို့"

သူ့စကားကို ဒေါ်သူဇာကလည်း

"ကဲ အားလုံးလည်းကြားတယ်နော်၊ မနက်မှာမရလို့ရတော့ သူဇာတို့ကတော့ ရေရှင်သောဘာသောညာသော နားမလည်ဘူး၊ ရုံးခန်းတိုင်ပစ်မယ်၊ ရှင်ပိုက်ဆံကောက်ရထားကြောင်း လော်စပီကာနဲ့ အော်ထားတာ တစ်ရွာလုံးကြားတယ်၊ တစ်ရွာလုံး သက်သေရှိတယ်၊ လာ သေနာကောင်လေး နောက်တစ်ခါ ပိုက်ဆံပြုတ်ကျလာလို့ကတော့ နင့်ပထွေးရော နင့်ပါ သတ်ပစ်မယ်"

ဆိုပြီး ကလေးလက်ဆွဲပြီး ဒုန်းစိုင်းထွက်ချသွားတော့တယ်။ ဒီတော့မှ နဂိုထဲက သူ့ကိုကြည့်မရတဲ့ ဂေါပကတွေက

"ကဲ ဦးမောင်မြင့်ရဲ့ကုသိုလ်ကတော့ ထူးပြီဗျာ၊ တစ်နေ့ထဲမှာတင် ငွေပေါင်း ဘစ်ရာခြောက်ဆယ့်လေးကျပ်နဲ့ ပြားလေးဆယ် လှူပြီးသားဖြစ်ပြီဗျာ၊ သာဓု သာဓု"

ဟိုက သာဓုနှစ်ခါပဲခေါ်ရသေးတယ်။ ဦးမောင်မြင့်က ငိုသံ





ဝဲကြီးနဲ့

"မဟုတ်ပါဘူးဗျာ၊ အဲဒီပိုက်ဆံက ကျွန်တော် ကျွန်တော့်"

"ဦးမောင်မြင့် ဦးမောင်မြင့်"

ခေါ်သံကြားတာနဲ့ ဦးမောင်မြင့် တုန်တက်သွားတယ်။ ကြည့်လိုက်တော့ ရွာထိပ်က အရက်သမားကြီး ထွန်းညို။ ထွန်းညိုက လူမိုက်လည်းလူမိုက်မို့ ဦးမောင်မြင့် မျက်လုံးပြာကလယ်ပြာကလယ် ဖြစ်သွားတယ်။

"ဘာ. . . ဘာကိစ္စလဲ ညိုကြီး"

"ဘာကိစ္စရမှာလဲဗျ၊ ကျုပ်အရက်ဆိုင်ကအပြန် ခါးကြားညှပ်ထားတဲ့ပိုက်ဆံ ရှစ်ဆယ့်နှစ်ကျပ်ပြားနှစ်ဆယ် ပျောက်လို့၊ အဲဒါ ခင်ဗျားကောက်ရထားလို့ဆို"

"ဟမ်"

လာပြန်ပြီ ပိုက်ဆံပျောက်သူတစ်ယောက်။

"ခင်ဗျား ငြင်းမယ်တော့မကြံနဲ့နော၊ ခုနက လော်စပီကာနဲ့ ခင်ဗျား ပိုက်ဆံကောက်ရထားကြောင်း ပြောတာ တစ်ရွာလုံးကြားတယ်"

"ဟာ. . . သွားပြီ သွားပြီ၊ ငါကိုကအာချောင်တာ၊ ဇောဒိပါးစပ်ကိုက အာချောင်တာ ဟီး"

ဦးမောင်မြင့်ခမျာ ငိုလည်းငို၊ သူ့ပါးလည်းသူပြန်႐ိုက်နဲ့ ဖြစ်နေတယ်။ ဒါကို ဂေါပကတွေက

"နေစမ်းပါဦး ညိုကြီးရ မင်းပိုက်ဆံပျောက်လို့ဆို၊ ပိုက်ဆံ အရွက်တွေက ဘာတွေလဲ"

"ငါးဆယ်တန်တစ်ရွက်ဗျာ၊ ဆယ်တန်အသစ်ကလေးက နှစ်ရွက်၊ ငါးကျပ်တန်က နှစ်ရွက်၊ ဆယ်ပြားစေ့နှစ်စေ့ ကဲ ဘာငြင်း

www.burmeseclassic.com

www.burmeseclassic.com



ချင်သေးလဲ"

ဂေါပကတွေ ခေါင်းကုတ်ကုန်တယ်။ အရက်တွေ နင်းကန်မူးနေတဲ့ ထွန်းညိုတောင် ပိုက်ဆံအရေးအတွက် မှန်အောင်ပြောနိုင်နေတော့ သူပြောတာဖြစ်နိုင်ချေက များနေပြန်တယ်။ ဒါကြောင့်ပဲ

"အေး. . . ဟုတ်တော့ဟုတ်နေပြီ၊ ဒါ ထွန်းညိုပိုက်ဆံပဲ ဖြစ်မယ်"

ဂေါပကစကားသံကြားတာနဲ့ ဦးမောင်မြင့် ဟီးခနဲ ချုံးပွဲချငိုချလိုက်ပြီး

"ဟီး. . . မဟုတ်ပါဘူးဗျာ၊ ဒီပိုက်ဆံ ဒီပိုက်ဆံက"

"ဦးမောင်မြင့်. . . ဦးမောင်မြင့်"

ငိုတာတောင် အားရပါးရမငိုရဘူး။ နောက်တစ်ယောက်ရောက်လာပြန်တယ်။

"ရှာလိုက်ရတာဗျာ၊ ကျုပ်သားလေးဈေးဝယ်ရင်း အပြန်မှာပိုက်ဆံကျပျောက်တာ ခင်ဗျားကောက်ရထားလို့ဆို"

"ဟုတ်တယ်ဗျ၊ သူ့သားလေးကို ကျုပ်ကိုယ်တိုင် ငါးဆယ်တန်တစ်ရွက် ဆယ်တန်နှစ်ရွက်နဲ့ ငါးကျပ်တန်နှစ်ရွက် အကြွေပြားနှစ်ဆယ်အမ်းလိုက်တာ"

နောက်တစ်ယောက်က ရှာက စတိုးဆိုင်ပိုင်ရှင်ပါခေါ်ပြီးသက်သေထူလာတယ်။ ဒါပေမဲ့ သိပ်မကြာပါဘူး. . .

"ဦးမောင်မြင့်. . . ဦးမောင်မြင့်"

"ဦးမောင်မြင့်. . . ဦးမောင်မြင့်"

"ဦးမောင်မြင့်ရေ"

××××







"အဲဒီနေ့က တစ်ရွာလုံးပိုက်ဆံပျောက်ကြတာလေ၊ ဦးမောင်မြင့်ဆိုတာ ချုံးပွဲချငိုတာ ကြည့်တောင်မကောင်းဘူး"

ကောင်မလေးများက ကျွန်တော့်ကို ကြောင်ငေးကြည့်နေသည်။ နောက်မှ တစ်ယောက်က

"တစ်ရွာလုံးဆိုတော့ အဲဒီပိုက်ဆံ ဘယ်သူပျောက်တာလဲ"

သူ့အမေးကို ကျွန်တော်ပြုံးလိုက်မိသည်။

"ဘယ်သူမှမပျောက်ဘူး သမီးရဲ့"

"ဟင်. . . ဒါဆို ဒီပိုက်ဆံက"

"ဦးမောင်မြင့်က သူ့အခုလိုကုသိုလ်ပြုလို့ ပိုက်ဆံချက်ချင်းကောက်ရတာဆိုပြီး ကြွားချင်လို့ သူ့အိမ်သူပြန်ယူခဲ့တာတော့၊ ဘယ်သူ့ပိုက်ဆံမှမဟုတ်ဘူး၊ သူ့ပိုက်ဆံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဒါဆို ပိုက်ဆံအရေအတွက်ကိုကျတော့ တစ်ရွာလုံး ဘာကြောင့်သိတာလဲ"

ကျွန်တော် ပို၍ပြုံးလိုက်မိသည်။

"ဒီလိုကွယ့်သမီးရဲ့ ဦးမောင်မြင့် ပိုက်ဆံကောက်ရကြောင်း လော်စပီကာနဲ့အော်တာနဲ့ ကိုဈာန်က ဒီအကွက်ကို ချက်ချင်းစဉ်းစားမိပြီး မချောကို ပိုက်ဆံတောင်းဖို့လွှတ်လိုက်တယ်၊ မချောကလည်း အမှုအရာကောင်းတော့ အဲဒီပိုက်ဆံတွေကို ဂေါပကက ပေးလိုက်တယ်မဟုတ်လား၊ အဲဒီမှာတင် ငါးဆယ်တန်ဘယ်နှစ်ရွက်၊ ဘယ်တန်ဘယ်နှစ်ရွက်ဆိုတာ သိပြီလေ၊ အဲဒီအရေအတွက်ကို တစ်ရွာလုံး လက်ကုတ်ပြောလိုက်တော့တာပေါ့၊ ဟိုကလည်း လော်စပီကာကြီးနဲ့ အော်ထားပြီးသားဆိုတော့ ချည်ပြီးတုပ်ပြီး ဖြစ်နေတော့တာပေါ့၊ ဒါကြောင့် တစ်ရွာလုံး ပိုက်ဆံပျောက်ကြတာ"

"ဪ"

ကောင်မလေးတွေအားလုံး အခုမှ သဘောပေါက်သွားကြသည်။ ဒါကိုတောင် တစ်ယောက်က

"နေပါဦး မချောသွားတောင်းတုန်းက ဘယ်ပိုက်ဆံက ဘယ်နှစ်ရွက်မေးရင်ရော"

ကျွန်တော် ရယ်မိသည်။ မေးသင့်သည့်မေးခွန်းပင်။

"အဲဒါကြောင့် ဦးတို့ညီအစ်ကိုထဲမှာ ကိုဈာန်ကို ဉာဏ်အကောင်းဆုံးလို့ပြောတာပေါ့၊ မချောသွားကတည်းက သူ အဲဒါကို အသေအချာမှာလိုက်သတဲ့၊ အဲဒီလို ပိုက်ဆံအရေအတွက်မေးရင် ငါးဆယ့်နှစ်ကျပ် ပြားနှစ်ဆယ်ပြည့်အောင်သာ ပြောခဲ့တဲ့"

"မှားရင်ရော"

"မှားရင်လည်း ဦးမောင်မြင့်က နင်ပြောတာမှားတယ်၊ ဒီမှာ





ကြည့် ပိုက်ဆံက ဘယ်အတန်က ဘယ်လောက်ဆိုပြီးပြမှာပဲ၊ အဲဒီတော့မှ သူပြတဲ့ပိုက်ဆံတွေကို အသေအချာပြန်ကြည့်ပြီး နောက်တစ်ယောက် ထပ်တောင်းခိုင်းရုံပေါ့ ဟုတ်ဘူးလား"

ကောင်မလေးတွေ အခုမှ အဖြေကို ရှင်းရှင်းလင်းလင်း သိသွားပုံ။ အားလုံးမျက်နှာလေးတွေ ကြည်ကြည်လင်လင် ဖြစ်သွားကြသည်။

နေက အနည်းငယ်မြင့်နေပြီမို့ သစ်ပင်ရိပ်က အားလုံးကို မြိုရန်မစွမ်းသာနိုင်။ ဘေးဘီ ဟိုကြည့်ဒီကြည့်နှင့် ရွှေ့ရမည့်နေရာ ရှာနေပုံရ၏။ တစ်ယောက်မှ ထပြန်ချင်ပုံမပေါ်သေး။ အတန်ကြာမှ တစ်ယောက်က

"ဦးတို့ အခုလို ရန်ကုန်မှာ လာအခြေချတော့ နယ်က ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်မှာ ဘယ်သူတွေကျန်ခဲ့သေးလဲ ဟင်"

အဖြေချင်ဆုံးမေးခွန်းမို့ နှစ်မြိုက်စွာပြုံးရယ်လိုက်မိသည်။

"ဦးတို့ အဲဒီအိမ်မှာမနေဖြစ်တော့ပေမဲ့ ဦးရဲ့အစ်ကိုတွေ အစ်မတွေမွေးထားတဲ့ တူတွေတူမတွေ ဆယ့်လေးယောက်တောင်ရှိတယ်ကွယ့်"

"အခုတော့ အမိုးအဖြစ်မိုးထားတဲ့ ကျောက်သင်ပုန်းပေါ်မှာ ကလေးလက်ရေးတွေ အပြည့်ပါပဲ၊ ဘယ်လောက်ထိ ဆော့ကြလဲ စဉ်းစားသာကြည့်၊ ကလေးလက်ရေးဆိုပေမဲ့ အမိုးပွာယ်က အပြည့်ဗျ"

"တစ်ခါတုန်းကဆိုရင်"

၆ လ ၊ ၈ ၁ ၊ ၉ ၁ ကြို ၊ ၈ ၁ ၊ လှ တ

အကြည်တော်



www.burmeseclassic.com